# အင်မော်တယ်ဖေဖေ

စာစဥ်(၁၅)

## အပိုင်း(၁၉၇) စတိတ်တစ်ခုတည်းတွင် ယှဥ်ပြိုင်ခြင်း

“မူရို့လား” ဇီယန် အနည်းငယ် အံ့အားသင့်သွား၏။

သူမနှင့်ပတ်သက်သည့်အချက်အလက်များက ဇီယန်၏မှတ်ဉာဏ်ထဲတွင် ပြန်ပေါ်လာသည်။ မူရို့သည် လွန်ခဲ့သည့်နှစ်အနည်းငယ်က ဂီတရှိုးတစ်ခုတွင် စတင်ထွက်ပေါ်ခဲ့ပြီး အချိန်ကြာလာသည်နှင့်အမျှ ပေါ်ပြူလာဖြစ်လာခဲ့ကာ အယ်လ်ဘမ်အချို့ ထုတ်ဝေခဲ့သည်။ သို့သော်လည်း ဇီယန်သည် ထိုအချိန်တွင် မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့ပြီးနောက် အချို့သောပရိုဂရမ်များတွင် သူမအား ကျော်တက်သွားခဲ့သည်။ ဇီယန်သည်

သူမ၏မျက်နှာထက်ရှိ နာကြည်းမုန်းတီးမှုကို မှတ်မိနေသေးသည်။

သူမသည် အိမ်ထောင်ကျသွားခဲ့ပြီဖြစ်၍ အနုပညာလောကမှ တိမ်မြုပ်သွားသည်ဟု နှုတ်စကားရှိသည်။ သုံးနှစ်ကြာမီးနောက် သူမ၏အနုပညာလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် သူမသည် တစ်ကိုယ်တည်းသမားဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ရှင်းပြခဲ့၏။ ကြယ်ပွင့်တစ်ယောက်ဖြစ်လာရန် မလွယ်ကူချေ။ ထို့ကြောင့် သူမသည် ထိုစဉ်က အလွန်အမင်းနာမည်ကြီးခြင်းမရှိဘဲ ပျမ်းမျှသာရှိခဲ့သည်။ တဖြည်းဖြည်းနှင့် တစ်နှစ်ခွဲခန့်ကြာအောင် ကြိုးစားလာခဲ့ပြီးနောက် သူမသည် အောင်မြင်သည့်သီချင်းနှစ်ပုဒ် ထွက်ရှိနိုင်ခဲ့သည်။

ဇီယန်သည် မူရို့၏ထိုအကြောင်းများကို သိရှိနေခဲ့သော်လည်း သူမ ဘာကြောင့် ဤနေရာတွင် ရှိနေသည်ကို မသိချေ။

ဇီယန် ၎င်းကို စဉ်းစားနေရင်း အလုပ်ရှုပ်နေချိန်တွင် တစ်စုံတစ်ယောက်က တံခါးကို ညင်သာစွာခေါက်လိုက်သည်။ ထိုနောက် မျက်မှန်တပ်ထားသည့်အမျိုးသားတစ်ဦးက ဖိုင်တွဲတစ်ခုကိုကိုင်ကာ အခန်းထဲဝင်လာ၏။

“ဒါက ဒီနေ့အစီအစဉ်ရဲ့ ပရောဆက်ပါ။ ကျေးဇူးပြုပြီးတော့ ဖတ်ကြည့်ပြီး ပြင်ဆင်ထားပေးပါဗျ။ ဆယ်မိနစ်လောက်နေရင် စင်ပေါ်တက်ရတော့မယ်”

“ကောင်းပါပြီ” ဇီယန် ခေါင်းညိတ်ကာ ဖိုင်တွဲကိုယူလိုက်သည်။

ဖိုင်တွဲကို ပေးပို့ပြီးနောက်တွင် မျက်မှန်တပ်ထားသည့်အမျိုးသားသည် ချက်ချင်း ထွက်သွား၏။

အစီအစဉ်အချိန်ဇယားကို အသေးစိတ်ပြုလုပ်ထားပြီး သူမအနေဖြင့် အဖြေများကို ကြိုတင်စဉ်းစားနိုင်ရန် အစီအစဉ်အတွင်း၌ ဟို့တ်(Host) က မေးမည့်မေးခွန်းအမျိုးအစားများကို အတိုချုံးဖော်ပြထားသည်။

သို့သော် အစီစဉ်ကို သူမကြည့်လိုက်သည့်အခါ ဇီယန် မျက်ခုံးများ ပင့်လိုက်သည်။

“ဘာလို့လဲ အစ်မယန်” ကျိုးဖေးက သိချင်စိတ်ဖြင့် ငုံ့ကြည့်လိုက်၏။ အစီအစဉ်ကို မြင်သည့်အခါ သူမ မျက်နှာပျက်သွားပြီး ဒေါသတကြီးဖြင့်

“လာနောက်နေတာလား။ မူရှို့နဲ့အတူတူ စင်ပေါ်မှာ ဖျော်ဖြေရမှာလား။ သူမမှာ အစီအစ်တွေအများကြီးရှိနေပြီးသားကို။ နင်ကျတော့ ဘယ်လိုလုပ်မလဲ။ နင့်ကို အသုံးချပြီး ပိုပြီး ပေါ်လွင်အောင် လုပ်ချင်နေတာ အသိသာကြီး။ သူတို့ဘာလို့ ဒီလိုလုပ်တာလဲ။ ငါ သူတိုကို သွားမေးလိုက်မယ်”

ပြောပြီးသည်နှင့်ကျိုးဖေးသည် ထရပ်ရင်း အလွန်ဒေါသထွက်နေသည်။

အစီအစဉ်ကို ကြည့်ခြင်းအားဖြင့် ဤအစီအစည်သည် မူရို့၏အကြောင်းကိုသာ အဓိကထား၍ ပရိသတ်အား ပြသရန်ဖြစ်ပြီး ဇီယန်သည် သူမ ပို၍ ပေါ်လွင်ထင်ရှားစေရန်အတွက် ဤနေရာသို့ ရောက်နေရခြင်းဖြစ်သည်ကို သူမ နားလည်သည်။

တစ်ယောက် ဘီအဆင့်အဆိုတော်ဟောင်း မူရို့နှင့် အခြားတစ်ယောက် ဖျော်ဖြေရေးလောကတွင် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိရန် ရေပန်းစားခဲ့သည့် နာမည်ကြီးအဆိုတော် ဇီယန်ဖြစ်သည်။ ပရိုဂရမ်သည် နာမည်သိပ်မကြီးခဲ့သည့်အနုပညာရှင်သည် ယခင်က အလွန်နာမည်ကြီးခဲ့သည့်အနုပညာရှင်ထက် ပို၍ ကြောက်ဖို့ကောင်းကြောင်း ပြသရန် ကြိုးစားနေဟန်ပင်။

ဤသည်က တန်ပြန်တိုက်ခိုက်ခြင်းနှင့်တူသည့် စေ့ဆော်ခြင်းဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်မှာ အသေအချာပင်။

ကျိုးဖေး လုံး၀ ဒေါသထွက်သွား၏။ ဤအစီအစဉ်က ကြယ်ပွင့်နှစ်ယောက်ကို စင်ပေါ်တွင် ယှဉ်ပြိုင်ရန် ဖိတ်ခေါ်လေ့ရှိသည့်ဆိုပါက သူမ ဘာမှ ပြောမည်မဟုတ်ချေ။ ဤအစီအစဉ်သည် တစ်ကြိမ်လျှင် အထူးညွှန့်သည့် တစ်ယောက်သာ ဖိတ်ခေါ်လေ့ရှိ၏။ သို့သော် ယခုအကြိမ်မှ အထူးညွှန့်သည်နှစ်ယောက်ကို ဖိတ်ခေါ်ရသနည်း။ ဤကဲ့သို့အခြေအနေမျိုးတွင် မည်သူမဆို ဒေါသထွက်ပေလိမ့်မည်။

ဇီယန်သည် ကျိုးဖေး၏လက်ကောက်ဝတ်အား ဖမ်းဆွဲလိုက်ပြီး တောင်ပသည့်မျက်လုံးများဖြင့် သူမအား ကြည့်လိုက်သည်။ သူမသည် ခဏကြာအောင် နှုတ်ခမ်းများ လှုပ်နေခဲ့ပြီးမှ ပြောလိုက်၏။

"သူတို့က ငါ့ရဲ့ကျရှုံးမှုကို အသုံးချပြီး မူရို့ရဲ့အောင်မြင်မှုကို မီးမောင်းထိုးပြဖို့အတွက် တမင်စီစဉ်ပေးထားတာ။ အဲ့တော့ ဘာဖြစ်လဲ။ ငါအခု ဒီကိုရောက်နေပြီပဲ။ သူတို့နဲ့ စကားပြောလို့လည်း အသုံးမဝင်တော့ဘူး"

ဇီယန်သည် ထို့သို့ပြောခဲ့သော်လည်း သူမ၏လေသံက စိတ်ခါတ်ကျနေမှုများ ပါဝင်နေ၏။

"သူတို့က အစီအစဉ်မကျတာပဲ။ အကျင့်ပျက်နေတဲ့လူတွေ" ကျိုးဖေးသည် ဒေါသတကြီးဖြင့် ပြန်ထိုင်ကာ အံ့ကြိတ်၍ ပြောလိုက်သည်။

"ဒါက တီဗီစတေရှင်ရဲ့အမှားလို့ ငါ မထင်ဘူး။ ပရိုကျူဆာတွေက ဒီလိုမျိုးလုပ်မှာ မဟုတ်ဘူး။ မူရို့က တခြားကုမ္ပဏီက အနုပညာရှင်ဆိုတော့ သူတို့ ဟောင်ကောင်ကအခြေအနေကို ဝင်ပါမှာမဟုတ်ဘူးလို့ ငါယုံတယ်။ ဒီလှည့်ကွက်က မိန်ချီရဲ့လက်ချက်ပဲဖြစ်ရမယ်။

သူမက နင့်ကို တမင် ခက်ခဲအောင်လုပ်နေတာပဲ။ နင့်ကို လက်စားချေဖို့ရည်ရွယ်ပြီး လုပ်တာဖြစ်နိုင်မလား”

“သူမ အဲ့လိုလုပ်လိမ့်မယ် မထင်ဘူး...” ဇီယန်သည် သက်ပြင်းဖျော့ဖျော့ချလိုက်၏။

မည်သည့်အကြောင်းကြောင့်ဖြစ်စေ တကယ့်အဖြစ်မှန်က ပြောင်းလဲသွားမည်မဟုတ်ပေ။ သူမသည် အနုပညာလောကတွင် ထိပ်ဆုံး၌ ရပ်တည်နေခဲ့သည့် နာမည်ကြီးကြယ်ပွင့်တစ်ယောက် မဟုတ်တော့ချေ။ သူမ၏လက်ရှိအနေအထားက စီအဆင့်အနုပညာရှင်တစ်ယောက်နှင့်သာ တူတော့သည်။ အကယ်၍ သူမသည် ဤကဲ့သို့ဆက်ဆံခံရသည်ကို ဝန်းဒိုင်းကြဲနေပါက ပံ့ပိုးကူညီသူ၏မကျေနပ်စရာဖြစ်စေသည်ကို မပြောနှင့် ကုမ္ပဏီ၏ အေးစက်မှုဒဏ်ကိုပါ ခံရမည်ဖြစ်သည်။

"ပရိုဂရမ်နှစ်ခုတောင် စီစဉ်ပေးခဲ့တာက ကုမ္ပဏီရဲ့ကြင်နာမှုလို့ ထင်ခဲ့တာ။ သူတို့ ဒီလိုလုပ်လိမ့်မယ်လို့ ငါ လုံးဝ မထင်ထားဘူး"

"သက်ပြင်းချမနေပါနဲ့တော့" ဇီယန်သည် ခေါင်းကို အသာယမ်းကာ "ဖိနပ်စီးထားတာထက် ခြေဗလာနဲ့ လမ်းလျှောက်တာက ပိုကောင်းတယ်လို့ စကားရှိတယ်မဟုတ်လား။ ငါအခု အမှောင်ဘက်ခြမ်းကိုရောက်နေပြီဆိုတော့ စင်ပေါ်မှာ သူမနဲ့ ပြိုင်ရမှာလည်း အတူတူပါပဲ။ ပရိုဂရမ်မှာ ပီကေသီချင်းဆိုခဲ့လို့ ရှုံးမယ်လို့ ငါမထင်ပါဘူး။ ပြီးတော့ သူမရဲ့လက်ရှိ နာမည်ကြီးနေပုံနဲ့ မူရှိ ဒီမှာရှိနေတာကလည်း အကောင်းပဲလို့ တွေးရမှာပဲ"

"အစီအစဉ်က Rating မြင့်နေတယ်ဆိုမှတော့ သူမရဲ့လက်ရှိအခြေအနေကိုအသုံးချပြီး အကျိုးခံစားဖို့ မလိုပါဘူး။ ဘာပဲဖြစ်ဖြစ် ငါတို့မှာ ရွေးချယ်စရာမရှိဘူး။

အစ်မယန် နင် ပြိုင်တဲ့အခါကျရင် ပထမဆုံးဟာစ်တ်ဖြစ်ခဲ့တဲ့သီချင်းကို ဆိုသင့်တယ်။ ဘယ်သူနဲ့ပဲ ပြိုင်ရပြိုင်ရ ငါတို့မကြောက်ပါဘူး” ကျိုးဖေးသည် တည်ငြိမ်သွားပြီးနောက် ဇီယန်အား အားပေးလိုက်သည်။

ပွဲချိန်နီးနေပြီဖြစ်၍ ဝန်ထမ်းတစ်ယောက်က တံခါးလာခေါက်ပြီး သူမတို့နှစ်ယောက်အား စင်နောက်သို့လာခေါ်သည်။

“ဒီမှာ ခဏလောက်စောင့်ပေးပါ” ဝန်းထမ်းတာ ပြတ်တောင်းဈွာပြောသည်။

ထိုနေရာတွင် ထွက်ပေါက်မှ မီတာနှစ်ဆယ်ကျော်အကွာတွင် ရှိပြီး ထိုင်ခုံတွင်ထိုင်နေသောသူအား လူခုနှစ်ယောက် ရှစ်ယောက်ခန့် ဝန်းရံထားသည်။ ထိုသူမှာ မူရို့ဖြစ်ပြီး လက်ရှိတွင် အလွန်နာမည်ကြီးနေသူဖြစ်၏။

ထူထဲသည့်မိတ်ကပ်၊ ခရမ်းရောင်ဝတ်စုံနှင့် ကုတ်အင်္ကျီကို ဝတ်ဆင်ထားသော မူရှိုသည် မျက်နှာထက်တွင် ဂုဏ်ယူဟန်များရှိနေသည်။ သူမ ရေသောက်သည့်အချိန်မှာပင် အခြားသူအား ရေခွက်ကိုင်ခိုင်းထား၏။

ရေသောက်နေရင်းဖြင့် မူရှို့သည် ရုတ်တရက် လှည့်ကာ ဇီယန်နှင့် ကျိုးဖေးအား ကြည့်လိုက်သည်။ သူမသည် အနည်းငယ် အထင်သေးဟန်ဖြင့် ထုတ်ဖော်လိုက်၏။ သူမတို့အား နောက်ထပ် မကြည့်တော့ဘဲ ခေါင်းပြန်လှည့်သွားကာ စင်ပေါ်တက်ရန် ထိုနေရာတွင် ဂုဏ်ယူစွာဖြင့် ထိုင်စောင့်နေလိုက်သည်။

“ဘယ်လိုဟာလဲ” သူမ၏အပြုအမူကိုမြင်တော့ ကျိုးဖေးက ရေရွတ်လိုက်သည်။

ထိုသို့သောအငြင်းသန်သည့်လူများအား သူမ မုန်းသည်။ မူရှို့သည် ကန့်လန့်ကာနောက်တွင်

နှစ်မိနစ်ခန့်စောင့်ဆိုင်းရသော်လည်း သူမသည် အဘိုးကြီးတစ်ယောက်ကဲ့သို့ပင်။

မကြာမီတွင် အစီအစဉ်စတင်သည့် ဂီတသံသည် စင်မြင့်ထက်မှ ထွက်ပေါ်လာပြီး ဟို့တ်ဖြစ်သူ ရှင်းရှင်းက စိတ်အားထက်သန်သည့်အသံဖြင့်

"မင်္ဂလာပါ ပရိတ်သတ်ကြီးရှင့်။ ဖလုတ်တင်းမြူးဇစ်အစီအစဉ်မှ ကြိုဆိုပါတယ်။ ဒီနေ့တွက် နာမည်ကြီးအဆိုတော်တစ်ယောက်ကို ဖိတ်ခေါ်ထားပါတယ်။ သူမက ဘယ်သူဖြစ်မလဲ။ အခုလေးတင် တီးခတ်ပြလိုက်တဲ့ နောက်ခံတီးလုံးကို တစ်ချို့ပရိတ်သတ်တွေ ခန့်မှန်းမိပြီးသားဖြစ်မယ်ထင်ပါတယ်။ နာမည်ကြီးအဆိုတော် မူရို့ကို လက်ခုပ်သံများနဲ့ ကြိုဆိုလိုက်ရအောင်ရှင်"

ကြိုဆိုသည့်စကားလုံးများနှင့်အတူ ပရိတ်သတ်များစွာက မတ်တပ်ရပ်ကာ လက်ခုပ်သြဘာပေးကြသည်။

"စင်ပေါ်တက်ချိန်ရောက်ပြီ"

ထိုအခိုက်တွင် မူရို့သည် မထူးမခြားနားဟန်ဖြင့် သူမ၏နောက်မှ ကိုယ်စားလှယ်ကို ကြည့်လိုက်သည်။ ကိုယ်စားလှယ်သည် သူမ၏ကုတ်အင်္ကျီကို အမြန်ချွတ်ကာ အဝတ်အစားများအား သပ်သပ်ရပ်ရပ်ပြင်ပေးလိုက်၏။

ထိုနောက် မူရို့သည် ဒေါက်မြင့်ဖိနပ်ဖြင့် စင်မြင့်ပေါ်သို့ တက်လာခဲ့သည်။ စင်ပေါ်ရောက်သည့်အခါ မူရို၏မျက်နှာမှာ ချက်ချင်းပြောင်းလဲသွားပြီး အလွန်စိတ်အားထက်သန်သည့် အပြုံးကို ဆင်မြန်းထားသည်။

"မင်္ဂလာပါ မူရို့။ ကျေးဇူးပြုပြီး ထိုင်ပါဦး" ဟို့တ်က ပြုံး၍ ပြောသည်။

"မင်္ဂလာပါ ပရိုသတ်ကြီး" မူရို့က ရယ်မောရင်း နှုတ်ဆက်ကာ ထိုင်လိုက်သည်။

"မူရို့ ကျွန်မကြားတာ..."

...

နောက်ဆက်တွဲသည်ကား မူရို့နှင့် ဟို့တ်တို့၏အပြန်အလှန်စကားပြောအင်တာဗျူးသည့် အချိန်ဖြစ်သည်။ သူတို့သည် ဆယ်မိနစ်ခန့်စကားပြောခဲ့ပြီး မူရို့သည် စင်ပေါ်တွင် စိုးထိတ်သည့်အရိပ်အယောင်မပြဘဲ သန်မာသည့်အမျိုးသမီးကဲ့သို့ ဖြစ်နေကာ လူတိုင်းက သူမ၏တည်ရှိမှုကို ခံစားရသည်။ ခက်ခဲသောမေးခွန်းအချို့နှင့် ရင်ဆိုင်ရချိန်တွင် သူမသည် ဟို့တ်အား အသာစီးမပေးဘဲ မထင်မှတ်စွာဖြင့် ပြန်လည်တုံ့ပြန်တတ်သည်။

မူရို့သည် မူလက အလွန်ကြော့မော့သူတစ်ယောက်ဖြစ်၏။ ထို့ပြင် နှစ်အနည်းငယ်ကြာအောင် ချမ်းသာ၍ ဩဇာရှိသည့်အတွေ့အကြုံကို ခံစားရပြီးနောက် သူမ၏ လက်ရှိသဘောထားမှာ သဘာဝကျကာ ကျက်သရေရှိသည်။ သူမ၏စွမ်းဆောင်ရည်နှင့်ပတ်သက်၍ အပြစ်ပြောစရာမရှိချေ။

အပြန်အလှန်ပြောဆိုမေးမြန်းခြင်းသည် လျင်မြန်စွာဖြင့်ပြီးဆုံးသွား၏။ ထိုအချိန်တွင် ဟို့တ်သည် မတ်တပ်ထရပ်ကာ

"ဒီနေ့ တစ်ချိန်တုန်းက အရမ်းနာမည်ကြီးခဲ့တဲ့ လျို့ဝှက်ဆန်းကြယ်တဲ့အထူးဧည့်သည်တော်တစ်ယောက်ကို ဖိတ်ခေါ်ထားပါတယ်။ သူမရဲ့ ပထမဆုံးသီချင်းက Love in a Fallen City လို့ခေါ်ပါတယ်။ ဒီနာမည်ကို သိကြတယ်မလား။ ကျေးဇူးပြုပြီး ဇီယန်ကို နွေးထွေးစွာ ကြိုဆိုလိုက်ရအောင်ရှင်"

ဇီယန်သည် စတိတ်စင်အဝင်ဝတွင် မတ်တပ်ရပ်နေ၏။ ဇီယန်ကို မြင်လိုက်ရပြီးနောက် မှုရို့၏ကိုယ်စားလှယ်သည် သူမနှင့်ပတ်သက်သည့်မှတ်ချက်အချို့ကို အသံတိုးတိုးဖြင့်ပြောရင်း ဘေးသို့ထွက်သွားသည်။ ဇီယန်သည် ဟို့တ်၏စကားကိုကြားပြီးနောက် မျက်လုံးများကို မှိတ်ကာ အသက်ပြင်းပြင်းရှူလိုက်၏။

သူမ စင်ပေါ်မတက်ဖြစ်သည်မှာ နှစ်အတန်ကြာပေပြီ။

ဇီယန် မျက်လုံးများ ပြန်ဖွင့်လိုက်ပြီးနောက် ပုံမှန်အတိုင်း တည်ငြိမ်သွား၏။ သို့သော် သူမ၏လှပသည့် မျက်လုံးများတွင် ထူးခြားသည့်ထည်ဝါမှုများဖြင့် တောက်ပနေ၏။

"မင်္ဂလာပါ ဇီယန် ကျေးဇူးပြုပြီး ထိုင်ပါဦး" ဟို့တ်က ပြုံးပြုံးလေး ပြောသည်။

သူမစင်ပေါ်ရောက်သည်နှင့် ပရိသတ်တစ်ရာနီးပါးမှာ တိတ်ဆိတ်သွား၏။ ဇီယန်၏လှပသည့်မျက်နှာလေးကို ကြည့်လိုက်မိရာ တစ်ချိန်က နာမည်ကြီးကြယ်ပွင့်တစ်ယောက်ဖြစ်ခဲ့ဖူးသည့် အလွန်လှပသော အနုပညာရှင်ကို သတိရမိကြသည်။

ပရိသတ်များသာမက ဟို့တ်ဖြစ်သူမှာလည်း ဇီယန်အား အချိန်အတန်ကြာ စိုက်ကြည့်နေမိသည်။ ထို့နောက် သူမသည် စိတ်ခံစားချက်များဖြင့် သက်ပြင်းချကာ

"အချိန်နဲ့ဒီရေသည်လူကို မစောင့် ဆိုတဲ့ စကားရှိပေမယ့် ဇီယန် ကတော့ အရမ်းလှနေသေးတာပဲ။

နောက်ငါးနှစ်လောက်ကြာတဲ့အထိ မင်းက လှပနေအုံးမယ်လို့ ငါထင်တယ်”

“ကျေးဇူးတင်ပါတယ်” ဇီယန်က ပြန်ဖြေသည်။

“ဒါနဲ့ လွန်ခဲ့တဲ့ငါးနှစ်က ဘာဖြစ်လို့....”

အစီအစဉ်သည် ဇီယန်နှင့် ဟို့တ်တို့ အပြန်အလှန်စကားပြောရန် သုံးမိနစ်သာကျန်တော့၏။ သို့သော် ဇီယန်၏ လှပသည့်မျက်နှာကို ငေးမောအံ့အားသင့်နေကြသော ပရိသတ်များကိုမြင်သည့်အခါ တစ်ဖက်တွင်ရှိနေသည့် မူရို့သည် မနာလိုမှုကို ခံစားလိုက်ရသည်။ ဤတစ်ကြိမ်တွင် သူမ အရှုံးမပေးချင်တော့ချေ။ ဟို့တ်၏စကားမဆုံးသေးချင်မှာပင် မူရို့က အံ့၏သည့်မျက်နှာဖြင့် ကြားဖြတ်ပြောလိုက်သည်။

“မင်္ဂလာပါ အစ်မဇီယန်။ အစ်မနဲ့အတူတူ စတိတ်တစ်ခုတည်းမှာ ရှိနိုင်လိမ့်မယ်လို့ မမျှော်လင့်ထားဘူး။

ငါ့အရမ်းကံကောင်းတာပဲ။ ငါက အစ်မရဲ့အမာခံပရိသတ်ဖြစ်ခဲ့ဖူးတယ်”

“မင်္ဂလာပါ မင်းရဲ့အယ်လ်ဘမ်ထဲက သီချင်းတွေက ငါနားထောင်ခဲ့ပြီးပြီ။ နားထောင်လို့ကောင်းတယ်” ဇီယန်က ပြုံးကာ ခေါင်းညိတ်၍ ပြန်ဖြေသည်။

“အစ်မဇီယန်နဲ့ယှဉ်ရင် ငါက ဂျူနီယာပဲရှိပါသေးတယ်။ အစ်မက ချီးကျူးတယ်ဆိုတော့ ငါအရမ်းပျော်သွားပြီ” မူရို့က အတုအယောင်အပြုံးဖြင့် နူးညံ့စွာပြောသည်။

“အမှန်ပါပဲ...” ဟု၍တိသည် သင့်တင်လျောက်ပတ်စွာပြောပြီး ဇီယန်အား မေးခွန်းအနည်းငယ်မေးသည်။ နှစ်မိနစ်ခန့် အပြန်အလှန်ပြောဆိုခဲ့ကြ၏။

ထိုအချိန်အတွင်း၌ သီချင်းများကို အကဲဖြတ်သည့် စီနီယာသုံးယောက်မှာ ဘေးတွင် တိတ်ဆိတ်စွာ

ထိုင်နေကြသည်။ အားလုံးက ဇီယန်အား သိသာထင်ရှားစွာ ကြည့်နေကြ၏။

အပြန်အလှန်ပြောဆိုပြီးနောက်တွင် အစီအစဉ်သည် နောက်အပိုင်းသို့ ဆက်သွားခဲ့၏။ ဟို့တ်က ပြုံးကာ ပြောသည်။

"နောက်တစ်ခုကတော့ ကျွန်မတို့ရဲ့ အထူးဧည့်သည်တော်များက အသီးသီး သီချင်းတစ်ပုဒ်စီ သီဆိုကြမှာဖြစ်ပါတယ်။ ပြီးတော့ နည်းပြဆရာ သုံးယောက် သူတို့ကို အကဲဖြတ်ပေးမှာပါ။ အရင်ကတော့ ဧည့်သည်တော်ကို တခြားတစ်ယောက်ရဲ့သီချင်းတွေ ရွေးပေးခဲ့ပါတယ်။ ဒီနေ့က ဧည့်သည်တော်နှစ်ယောက် စင်ပေါ်မှာ အပြိုင်သီဆိုကြမှာဆိုတော့ သူတို့ရဲ့ကိုယ်ပိုင်သီချင်းတွေကို ဆိုခွင့်ပေးတာကို ပိုကောင်းမယ်ထင်ပါတယ်။ ဒါဆိုရင် ဘယ်သူအရင်ဆိုလိုက်မလဲ"

ပြောနေရင်းဖြင့် ဟို့တ်သည် ဇီယန်နှင့် မူရို့အား ကြည့်လိုက်သည်။

ခဏလောက်စဉ်းစားပြီးနောက် မူရို့က ဇီယန်အား ကြည့်ကာ "အစ်မဇီယန် ပထမဆုံးဆိုချင်လား နောက်မှဆိုချင်လား"

"မင်းသဘောပါ"

"ဒါဆို ငါအရင်ဆိုလိုက်ပါတယ်။ အစ်မဇီယန်က ငါ့ရဲ့စီနီယာဆိုတော့ တကယ့်ကြယ်ပွင့်တစ်ယောက်က နောက်ဆုံးမှဆိုသင့်တယ်" မူရို့က ဟန်ဆောင်ပန်ဆောင်ပြောသည်။

"ဒါဆိုရင်တော့ မူရို့က ပထမဆုံး သီဆိုမှာ ဖြစ်ပါတယ်ရှင်" ဟို့တ်က ပြုံးကာ "ဘာသီချင်းဆိုချင်လဲ မူရို့" ဟု မေးလိုက်သည်။

...

-အပိုင်း(၁၉၇) ပြီး

wunzinnosp

## အပိုင်း(၁၉၈) ပေါက်ကွဲရသည့်အကဲဖြတ်ဒိုင်များ

“ဒါဆိုရင်ငါ ငါ “မမျှော်လင့်သောတွေ့ဆုံခြင်း(Unexcepted Encounter)” ကို ဆိုပါမယ်” မူရို့က ညင်သာစွာခေါင်းညိတ်ကာ ပြောသည်။

ထိုသီချင်းမှာ သူမအား နာမည်ကြီးစေခဲ့သည့်သီချင်းနှစ်ပုဒ်ထဲမှ တစ်ပုဒ်ဖြစ်သည်။ သီချင်းဆိုရာတွင် သူမထက် များစွာပို၍ ပါရမီရှိသည့် ဇီယန်ကို ရင်ဆိုင်ရန်အတွက် သူ့အ၏ အမှတ်သညာသီချင်းကို သီဆိုရန်မှလွဲ၍ အခြားရွေးချယ်စရာမရှိချေ။

အိုး…ဇီယန်ရယ်…နင်ဘယ်သီချင်းပဲဆိုဆို နောက်ကျရင် နင်ပဲ အရှက်ကွဲရမှာ။ အဲ့အခါကျရင် နင်ဒီလောက် ဟန်ဆောင်ကောင်းနိုင်ဦးမလား ငါကြည့်ချင်သေးတယ်…

မှုရို့သည် စိတ်ထဲတွင် အေးစက်စွာ လှောင်ရယ်လိုက်သည်။ သူမသည် အကဲဖြတ်ဒိုင် ၃ ဦးအနက် တစ်ဦးနှင့် အလွန်ရင်းနှီးပြီး သူ့ထံမှ အတွင်းရေးအချက်အလက်အချို့ကို ရရှိထားသည့်အတွက် ပြိုင်ပွဲနှင့်ပတ်သက်၍ အလွန်ယုံကြည်မှုရှိနေသည်။

တစ်ချိန်တည်းမှာပင် သူမသည် ဇီယန်အား သူမ၏သီဆိုမှုကို နားထောင်စေချင်ခဲ့သည်။ သူမသည် ဇီယန်၏ကျော်လွှမ်းခံရသည့် လူသစ်လေးတစ်ယောက်မဟုတ်တော့ချေ။ ယခုအချိန်တွင် ဇီယန်သည် သူမ၏ဖိနပ်ကို သယ်ပေးရန်ပင် အရည်အချင်းမမီတော့။

ဇီယန်၏အလွန်လှပသည့်မျက်နှာလေးက လူများအား မနာလိုဖြစ်စေသည်။

မူရှိအတွက် စတိတ်စင်ကို ခဏလောက် ရပ်တန့်ထား၏။ သူမသည် မိုက်ကိုကိုင်ကာ အသံစမ်းနေသည်။ ထိုနောက်တွင် ဂီတသံစဉ်နှင့် မီးရောင်များက စတင်လှုပ်ရှားလာတော့သည်။

သူမ စတင်၍ သီချင်းဆိုလေသည်။ သူမ၏စိတ်သည် အနည်းငယ် မတည်မငြိမ်ဖြစ်နေသဖြင့် မသိစိတ်က အဖွင့်စာသားကို အနည်းငယ် မြှင့်ဆိုလိုက်မိသည်အား နောက်အပိုဒ်များဆိုသည်အထိ သတိမထားမိလိုက်ချေ။ သူမ၏နှလုံးခုန်သံများက မြန်ဆန်လာပြီး စိတ်အားထက်သန်စွာဖြင့် သီချင်းအား ဆိုလေသည်။ သို့သော် အမြင့်သံဆိုရသည့်တစ်နေရာသို့ရောက်ခါအနီးအချိန်တွင် သူမ၏အသက်ရှူမှု မလုံလောက်တော့သည်ကို ရုတ်တရက် သိလိုက်ရသည်။

သူမ ဘာလုပ်ရမလဲ။

သူမ၏အသံမှာ အခြေအနေမဟုတ်တော့သည့်အချိန်တွင် မူရို့သည် သူမ၏ဉာဏ်နီဉာဏ်နက်ကို အလျှင်အမြန်အသုံးချကာ ဒေါက်မြင့်ဖိနပ်အား တမင်တကာ ခွေယိုင်လိုက်၏။

"အို့..."

သူမ၏ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

"ဘာဖြစ်တာလဲ" ဟို့တ်ဖြစ်သူမိန်းကလေးမှာ ထိတ်လန့်တကြားဖြင့် ပြေးလာကာ သူမအား ကူညီပေးလိုက်သည်။

"ငါ ခြေထောက်အဆစ်လွဲသွားတာ" မူရို့သည် မျက်မှောင်ကြုတ်ကာ ပြောလိုက်၏။

"ဘယ်လိုနေသေးလဲ။ ဆက်ပြီးဆိုချင်သေးလား ဒါမှမဟုတ် ဆရာဝန်ဆီ ပို့ပေးရမလား" ဟို့တ်က စိုးရိမ်တကြီးဖြင့် မေးသည်။

"အဆင်ပြေပါတယ်။ အခု နေလို့ကောင်းလာပါပြီ။ အဆစ်လွဲတာက သိပ်ပြီး မပြင်းထန်ပါဘူး" မူရို့သည် သူမ၏ခြေကျင်းဝတ်အား အကြိမ်အနည်းငယ် လှုပ်ရှားကာ သက်သာဟန်ဆောင်လိုက်ပြီး ဟို့တ်အား ကြည့်၍ "ပြဿနာဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်"

"အဆင်ပြေတယ်ဆိုရင် အစီအစဉ်ကို..."

"ဆက်လိုက်ရအောင်။ ငါအဆင်ပြေပါတယ်"

နောက်ဆုံးတွင် မူရို့သည် သီချင်းအား ပြန်လည်သီဆိုခဲ့သည်။ ဤတစ်ကြိမ်တွင်တော့ သူမ၏အသံမှာ ယခင်ကထက် များစွာ နိမ့်သွားခဲ့သည်။

ဇီယန်သည် အနားရှိ ဗီအိုင်ပီထိုင်ခုံတွင် ထိုင်နေသည်။ သူမသည် မူရို့အား စိတ်ရှုပ်ထွေးစွာ ကြည့်နေ၏။ မူရို့သည် ယခုလေးတင် အမြင့်သံအား မဆိုနိုင်တော့ကြောင်း ဇီယန် ခံစားမိလိုက်သည်။ သူမက အရှက်ကွဲတာကို ရှောင်ဖယ်ဖို့ ခြောက်ထောက်ကို အပြစ်လွှဲချလိုက်တာလား။

သို့သော် ဇီယန်သည် ၎င်းကို စိတ်မဝင်စားပေ။

မူရို့ သီချင်းအား စနစ်တကျ သီဆိုပြီးသည့်အချိန်တွင် အကဲဖြတ်ဒိုင်များ အဖြစ်ဆောင်ရွက်နေသည့် လူလတ်ပိုင်းအမျိုးသားသုံးဦးအပါအဝင် ပရိတ်သတ်များက နွေးထွေးစွာ လက်ခုပ်တီးအားပေးခဲ့ကြသည်။ သူတို့အားလုံးသည် ဂုဏ်ယူသောအမူအရာများဖြင့် ခေါင်းညိတ်ပြကြ၏။

"မဆိုးဘူး မဆိုးဘူး။ အရမ်းကောင်းတယ်" ဟို့တ်က ရှေ့သို့လျှောက်လာပြီး "မူရို့ ကျေးဇူးပြုပြီး နားနေခန်းမှာ အနားယူပါဦး။ နောက်တစ်ခါအလှည့်ကျလာတဲ့ အနုပညာရှင်ကတော့ ဇီယန်ဖြစ်ပါတယ်။ သူမကို ကြိုဆိုလိုက်ရအောင်"

"အင်း" ဇီယန်သည် စင်မြင့်အလယ်သို့ လျှောက်လာ၏။

သူမသည် ယနေ့တွင် အလွန်လက်ဖွဲ့ရီဆန်သည့်အဝတ်အစားများကို

မဝတ်ဆင်ထားချေ။ ထိုအစား ဟာစ်ပော့စတိုင် ဝတ်ဆင်ထား၏။

သူမသည် အပြာနုရောင် ဂျင်းဘောင်းဘီနှင့် စနိကာတစ်ရံကို ဝတ်ဆင်ထားသည်။ ဘောင်းဘီရှည်က သူမ၏သွယ်လျသည့် ခြေတံလေးများကို ဖုံးအုပ်ထားပြီး သူမ၏စွဲဆောင်မှုရှိသည့် ကောက်ကြောင်းများကို ပေါ်လွင်စေသည်။ သို့သော် သူမ၏ခန္ဓာကိုယ်အပေါ်ပိုင်းရှိ အနီရောင် ဆွယ်တာအကျႌက ပုရိသတို့မြင်တွေ့လိုသည့်အရာအားလုံးကို ဖုံးကွယ်ထားသည့်အတွက် သူတို့အား အနည်းငယ် စိုးရိမ်စိတ်လှုပ်ရှားစေသည်။

သာမန်အားဖြင့်ပြောရလျှင် ဇီယန်၏ရုပ်ရည်ရူပကာကြောင့် သူမအတွက် တစ်ဖန်ပြန်လည် ကျော်ကြားလာရန် မခက်ခဲသင့်ပေ။ သူမသည် တစ်ချိန်က နာမည်ကြီးကြယ်ပွင့်တစ်ယောက်ဖြစ်ခဲ့ပြီး လူအများက

သူမအပေါ် အမြင်ကောင်းရှိသည်။ ထို့ပြင် လူတိုင်းသည် အလှအပကို မြတ်နိုးကြ၏။ ဇီယန်သည် စံသတ်မှတ်ချက်များဖြင့် ကိုက်ညီပေသည်။ ကုမ္ပဏီက သူမအား ပံ့ပိုးပေးရန် ဆန္ဒရှိပါက သူမပြန်လည်ပေါ်ထွက်လာရန် ပိုမိုလွယ်ကူပေမည်။

ကံမကောင်းစွာဖြင့် ဇီယန်သည် တော်ဝင်အန်တာတိတ်မန့်သို့ ပြန်သွားရန် ရွေးချယ်ခဲ့သည်။ သူမအပေါ် ဆိုးညစ်သည့်စိတ်ထားများရှိသော မိန်ချီ၊ လီချန်းတို့နှင့် ဆုံတွေ့စေခဲ့၏။ ဘုတ်အဖွဲ့ဝင်တစ်ဦး၏သားဖြစ်သူ လီချန်းနှင့်ဆိုလျှင် လမ်းခရီးမည်မျှခက်ခဲမည်ကို စိတ်ကူးကြည့်နိုင်ပေသည်။

လီချန်းသည် သူမအပေါ် မကောင်းသည့်ရည်ရွယ်ချက်များ ရှိနေကြောင်း ဇီယန်မသိခဲ့ပေ။

ဇီယန်သည် စင်မြင့်အလယ်သို့လျှောက်သွားပြီး ရင်းနှီးနေသည့် မိုက်ခရိုဖုန်းကို ကောက်ကိုင်ကာ တိုးတိုးလေးပြောလိုက်သည်။

"အားလုံးအတွက် Love in Fallen City ကို..."

သူမ၏စကားမဆုံးခင်မှာပင် ကြမ်းတမ်းရိုင်းပြသည့်အသံတစ်ခုက ထွက်ပေါ်လာ၏။

"ခဏနေဦး"

ဇီယန် လှည့်ကြည့်လိုက်ရာ နှုတ်ခမ်းထူထူနှင့် ခပ်ဝဝဒိုင်လူကြီးကို မြင်လိုက်ရသည်။ သူသည် မျက်မှောင်ကြုတ်ကာ

"သီချင်းဟောင်းတွေ နားမထောင်ချင်ဘူး။ မင်း မကြာခင်ကမှ အယ်လ်ဘမ်အသစ်ထွက်ထားတာ မဟုတ်လား။ သီချင်းအသစ်ထဲက ရွေးပေးပါ။ ကျေးဇူးပဲ"

အမ်...

ပရိသတ်အားလုံးက သူ့အား ဝိုင်းကြည့်နေကြ၏။ ပုံမှန်ဆိုလျှင် အထူးညွှန်သည်တော်အနုပညာရှင်များသည် သူတို့စိတ်ကြိုက် သီချင်းများကို သီဆိုကြပေသည်။ မိမိတို့၏သီချင်းကို စိတ်ကြိုက်ရွေးချယ်နိုင်၏။ ဇီယန်ကို ဘာကြောင့် ကန့်သတ်ထားရပါသနည်း။

ကျိုးဖေးသည် နောက်ဘက်တံခါးဝတွင် ရပ်နေရင်း အလွန်ဒေါသထွက်နေသည်။ သူမသည် ထိုလူ၏အပြုအမူကြောင့် ပေါက်ကွဲနေပြီး စင်ပေါ်တက်ကာ ထိုဖက်တီးကြီး၏ဝက်ခေါင်းကို ထိုးကြိတ်လိုက်ချင်နေသည်။

ဇီယန်၏အမူအရာမှာ အလွန်အေးစက်တည်ငြိမ်နေသေးသည်။ သူမသည် စကားပြောလိုက်သူကို ကြည့်နေကာ ဘာကိုမှမပြောပေ။

ဒိုင်လူကြီးသုံးယောက်၏မျက်လုံးများမှ နှစ်လိုဝင်စားမှုများကို ဇီယန် တွေ့လိုက်ရသည်။

ယနေ့အစီအစဉ်သည် ထင်သလောက် ရိုးရှင်းမည်မဟုတ်ဟု သူမ ဝိုးတဝါးခံစားလိုက်ရသည်။

ကို့ယို့ကားယားဖြစ်ဖြင့် တိတ်ဆိတ်နေမှုကြောင့် ဟို့တ်က အမြန်ပြောလိုက်သည်။

“ဒိုင်လူကြီးပြောတာ အဓိပ္ပာယ်ရှိတယ်။ ငါတို့က “Love in Fallen City နဲ့ ရင်းနှီးပြီးသားပဲ။ ဒီသီချင်းကို အကြိမ်ပေါင်းများစွာ နားထောင်ဖူးကြမယ်ထင်ပါတယ်။ အရမ်းကောင်းတဲ့ သီချင်းတစ်ပုဒ်ပါ။ သီချင်းအသစ်တစ်ပုဒ်ဆိုတာကလည်း ရွေးချယ်မှုကောင်းတစ်ခုလို့ ထင်တယ်။ ဇီယန် ငါတို့အတွက် သီချင်းအသစ်တစ်ပုဒ်လောက် ရွေးပေးပါလား။ မင်းရဲ့အယ်လ်ဘမ်အသစ်ကို ငါနားထောင်ပြီးပြီ အရမ်းကောင်းပါတယ်”

ဇီယန်သည် ထိုစကားများကို ကြားသည့်အခါတွင် အမူအရာမပြောင်းလဲဘဲ တိတ်ဆိတ်သက်ပြင်းချလိုက်မိ၏။

သူမသည်အကြည့်များကို ဒိုင်သုံးယောက်ဆီမှာ လွှဲလိုက်ပြီး ပရိတ်များဆီသို့ ကြည့်လိုက်သည်။ သူတို့သည် သူမ ဖျော်ဖြေပေးချင်သည့်လူများဖြစ်၏။ ဇီယန်၏စိတ်ထဲတွင် အခြေအနေကိုရှုပ်ထွေးအောင်လုပ်နေသည့် အရေခြုံဒိုင်များထက် ပရိသတ်များက ပို၍အရေးကကြီးပေသည်။

သူမသည် ခံစားချက်များကို ဖိနှိပ်လိုက်ပြီး နှုတ်ခမ်းကို အသာဖွင့်ဟကာ အေးစက်စက်ပြောလိုက်သည်။

“ဒါဆို ကျွန်မ သီချင်းအသစ်ဆိုပါမယ်။ လူတိုင်းအတွက် “How worm it is” ဆိုတဲ့သီချင်း သီဆိုပေးပါမယ်”

ထိုအချိန်တွင် ဟိုတ်က ဦးဆောင်၍ လက်ခုပ်တီးလိုက်သည်။ ပရိသတ်များကလည်း အကြောင်းပြချင်တစ်ခုခုကြောင့် လက်၍ လက်ခုပ်တီးကြ၏။

နောက်ခံတေးဂီတ စတင်လာသည်နှင့် ပရိသတ်များသည် မရင်းနီးသည့် မယ်လိုဒီတေးသွားကို ဂရုတစိုက်နားထောင်လိုက်ကြသည်။

၎င်းသည် ဇီယန်၏ ရောင်းအားနည်းပါးသည်အယ်လ်ဘမ်ထဲမှ သီချင်းတစ်ပုဒ်ဖြစ်သည်။ သီချင်းမှာ ရိုးရှင်းကာ ပေါ့ရွှတ်သည်။ ဇီယန်၏နတ်သမီးအသံကြောင့် သီချင်းမှာ အနည်းငယ် ပိုကောင်းလာ၏။ သို့သော်လည်း အရည်အသွေးညံ့သည့်သီးချင်းများမှာ အရည်အသွေးညံ့သည့်သီချင်းများပင်ဖြစ်ပေသည်။ အရည်အသွေးကောင်းမွန်သည့် သီချင်းတစ်ပုဒ်လောက် သာယာငြိမ့်ညောင်းမှုရှိမည်မဟုတ်ချေ။

မူရို့သည် အနီးနားတွင် ရပ်နေရင်း ဇီယန်၏ချိုမြိန်သည့်အသံကို နားထောင်ကာ မနာလိုသည့်အရိပ်အယောင်များ ထွက်ပေါ်လာပြန်သည်။

မတရားဘူး။ ဇီယန်ရဲ့အသံက ဘာလို့ ဒီလောက်ချိုမြိန်နေရတာလဲ။

နှစ်အနည်းငယ်အတွင်းမှာ သူမသည် နာမည်ကြီးလာခဲ့ပြီး ရုပ်ရှင်နှင့် တီဗီနယ်ပယ်တွင်ပါ ချဲ့ထွင်ခဲ့သည်။ သူမသည် အဆုံးမဲ့ သရုပ်ဆောင်ခွင့်များနှင့် ဝန်းရံထားသည့် ကောင်းကင်ဘုံ၏သမီးတော်ကဲ့သို့ပင်။ သူမသည် Box Office အဆင့်သတ်မှတ်ချက်မြင့်မားသည့် ရုပ်ရှင်များတွင် ပါဝင်သရုပ်ဆောင်ခဲ့၏။

အမှန်ပင် မူရှိုတစ်ဦးတည်းသာ ဇီယန်အား မနာလိုသည်မဟုတ်ပေ။ ဖျော်ဖြေရေးနယ်ပယ်မှ လူတော်တော်များများမှာ သူမအား မနာလိုချေချေ။ သို့သော် ယခင်က သူမ မည်မျှပင် နာမည်ကြီးခဲ့ပါစေ ယခုတော့ တတိယအဆင့်အဆိုတော်သာ ဖြစ်နေခဲ့သည်မဟုတ်ပါလား။

မူရှိုသည် မနာလိုဖြစ်သော်လည်း တစ်ချိန်တည်းမှာပင် အလွန်ပျော်ရွှင်နေခဲ့၏။

နောက်ဆုံးတွင် ဇီယန် သီချင်းဆို၍ ပြီးသွားခဲ့ပြီး ဟို့တ်နှင့် မူရို့တို့ စင်ပေါ်သို့ ပြန်တက်သွားကြ၏။ ထိုင်လိုက်ပြီးနောက်တွင် ဟို့တ်သည် ဒိုင်သုံးယောက်လား ပြုံး၍ ကြည့်ကာ

"ကျွန်မတို့ရဲ့ ဂီတအကဲဖြတ်ဒိုင်လူကြီးတွေရဲ့ မှတ်ချက်စကားတွေကို နားထောင်ရမယ့်အချိန်ရောက်ပါပြီရှင်"

"ကောင်းပြီ မူရို့အကြောင်း အရင်ပြောပါရစေ" ဘယ်ဘက်ခြမ်းရှိ ပိန်ပါးပါးလူက မိုက်ခရိုဖုန်းကို ကိုင်ကာ လေးနက်သည့်အသံဖြင့် ပြောလိုက်သည်။

"မူရို့က အံ့ဩစရာကောင်းတဲ့ စည်းချက်ထိန်းချုပ်မှု၊ စိတ်ခံစားချက်တိုးတက်မှုမှာ အလွန်ထူးချွန်တဲ့စွမ်းရည်ကို ပြသခဲ့ပြီး အမှန်သံနဲ့ အမှားသံတွေကြားမှာ ကောင်းကောင်းလုပ်ဆောင်သွားနိုင်တယ်။ ဒီသီချင်းက

အဆိုတော်တစ်ယောက်အနေနဲ့ သူ့ရဲ့စွမ်းရည်ကို အပြည့်အဝပြည့်သခဲ့တယ်လို့ ဆိုနိုင်တယ်”

“ဒါပေမယ့် ဇီယန်ရဲ့ သီချင်းကကျတော့ ဘယ်လိုပြောရမလဲ။ နည်းနည်းတော့ စိတ်ပျက်မိတယ်။ စည်းချက်၊ အသံသြဇာ၊ အမြင့်သံ၊ ဘော့စ် တွေအရ စွဲဆောင်မှုမရှိဘဲ ဇီယန်ရဲ့သီဆိုနိုင်စွမ်းကို ထင်ဟပ်နိုင်မှုမရှိဘူး။ ပထမဆုံး စားသား က ကျုပ်ကို အိပ်ငိုင်စေတာပဲ။ အမြင့်သံအပိုင်းမှာလည်း အထင်ကြီးစရာမရှိဘူး။ ဒီသီချင်းက ဒီအစီအစဉ်မှာ နားထောင်လာခဲ့သမျှ အဆိုးဆုံးသီချင်းပဲ”

ထိုစကားများက ကြမ်းတမ်းရိုင်းဆိုင်းမှုမရှိသော်လည်း အမှန်တကယ်တွင် ကျိန်ဆဲနေခြင်းထက် ပို၍ပင် မသက်မသာခံစားရစေသည်။ ဇီယန်၏သီဆိုမှုအား အသုံးမကျဟု သူက အကဲဖြတ်ခဲ့၏။

ထိုအချိန်တွင် ဟို့တ်၏အမူအရာမှာ အနည်းငယ် ရှက်ရွံ့နေသော်လည်း မူရို့သည်တော့ အလွန်ပျော်ရွှင်နေပြီး သူမ၏မျက်လုံးများတွင် လှောင်ပြောင်ဟန်များ ပြည့်နေသော်လည်း ဇီယန်အား ကြည့်ကာ စိတ်ရှုပ်ထွေးစွာဖြင့် မေးခွန်းထုတ်နေဟန် ကြည့်ကာ ဟန်ဆောင်ထား၏။ သူမ၏ပုံစံမှာ ဇီယန်အား သနားဂရုဏာသက်နေဟန်ပင်။

ဇီယန်သည် အလွန်အေးစက်သည့်အမူအရာဖြင့် ဖုံးကွယ်ထားဆဲဖြစ်သော်လည်း သူမ၏အသက်ရှူသံများမှာ မြန်ဆန်လာနေပြီဖြစ်သည်။ သူမ၏စိတ်နှလုံးမှာ လုံးဝ မတည်ငြိမ်နိုင်တော့ဘဲ ဒေါသအနည်းငယ်ထွက်နေခဲ့သည်။

ပိန်ပါးပါးလူက သုံးသပ်ပြပြီးနောက်တွင် အလယ်တွင်ထိုင်နေသည် ခပ်ဝဝဒိုင်က အကဲဖြတ်ရန် အလှည့်ကျသည်။

ခပ်ဝဝဒိုင်သည် မိုက်အား ကောက်ကိုင်ပြီး အသာချောင်းဟမ့်ကာ "မူရို့ရဲ့သီချင်းက အခုတလော

ရေပန်းစားနေတဲ့ သီချင်းဆိုတာ သံသယဖြစ်စရာမရှိဘူး။ ပရိသတ်ရဲ့တုံ့ပြန်မှုအရ သူမဟာ အမျိုးမျိုးသော အဆိုစွမ်းရည်တွေကို ကျွမ်းကျင်တယ်ဆိုတာ ပြောနိုင်တယ်။ ဒါက ပြီးခဲ့တဲ့အစီအစဉ်ထက် ကောင်းမွန်တဲ့ တိုးတက်မှုဖြစ်ပြီး ချီးကျူးထိုက်ကပါတယ်"

ထိုစကားများကိုပြောပြီးနောက်တွင် သူသည် ဇီယန်အား ကြည့်လိုက်၏။ သူ၏အကြည့်မှတဆင့် သူသည် အကောင်းပြောမည်မဟုတ်မှန်း ဇီယန်သိနေပြီဖြစ်၏။ ဒိုင်လူကြီးသည် နှုတ်ခမ်းထူထူများကို တွန့်ကွေးကာ ခေါင်းယမ်း၍ သက်ပြင်းချလိုက်ပြီး

"ဇီယန်ရဲ့သီချင်းက... လေးစားသမှုနဲ့ပြောရရင် အရမ်းကြောက်ဖို့ကောင်းတဲ့သီချင်းပါ။ ကေတီဗီမှာ အော်ဟစ်ဆိုနေတဲ့ နားမကြားသူတစ်ယောက်ရဲ့ ခံစားချက်ကို ပေးစွမ်းတယ်။ ဂီတကို အလေးအနက်ထားမှု လုံး၀ မရှိဘူး။ ရယ်စရာပဲ။ ဇီယန် မင်း ခုလို ပုံစံနဲ့ ပြန်ပြီး

အောင်မြင်မှုလိုချင်ရင် ဖြစ်နိုင်မှာ မဟုတ်ဘူး။ လူတွေက အရူးမဟုတ်ဘူးလေ။ အဆိုးထဲကနေ အကောင်းကိုပြောတာ။ အချက်အလက်တွေက သက်သေပြခဲ့ပြီးပြီ မင်းရဲ့အယ်ဘမ်က ဘာမှမဖြစ်ထွန်းခဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကောင်းပြီ ဒါပါပဲ”

ထိုနောက် ခပ်ဝဝလူသည် ဆိုဖာပေါ် ပြန်မှီကာ လက်ဝါးထူထူကြီးများကို မြှောက်၍ ညာဘက်ရှိ သတ်လက်ပိုင်းလူဆီသို့ မိုက်ပေးလိုက်သည်။

ထိုအချိန်တွင် ပရိသတ်များမှာ ရုတ်ရုတ်သဲသဲဖြစ်နေခဲ့၏။ သူတို့အားလုံးသည် အပြင်းအထန်ငြင်းခုန်နေကြသည်။ ဇီယန်၏သီချင်းသည် အမှန်တကယ်ကျေနပ်စရာမရှိသည့်အတွက် ဒိုင်လူကြီးများ၏စကားကို အနည်းငယ် သဘောတူကြသည်။ သို့သော် ဇီယန်၏ပရိသတ်အချို့ကလည်း ဒိုင်လူကြီးများ၏စကားမှာ လွန်လွန်းသည်ဟု ခံစားခဲ့ကြရ၏။ သာယာငြိမ့်ညောင်းသည့် သီချင်းမဟုတ်လျှင်ပင်

ဧယန်ကြောင့်မဟုတ်ဘဲ သီချင်းတစ်ပုဒ်လုံးက ဆိုးရွားနေခြင်းဖြစ်သည်။ ဧယန်သည် ဤကဲ့သို့သော ချိုမြိန်ကောင်းမွန်သည့်အသံမျိုးရှိသည့်အတွက် ထိုသို့ အကဲဖြတ်ခြင်းက မထိုက်တန်ပေ။

ထိုအချိန်တွင် မူရို၏မျက်လုံးများက မာနများဖြင့် ပြည့်နေသည်။ ဟို့တ်သည်တော့ အလွန်ရှက်ရွံ့နေပြီး ဘာပြောရမှန်းမသိဖြစ်နေ၏။ သို့သော် တစ်ဖက်တွင် ထိုင်နေသည့် ဧယန်သည် လက်သီးများကို တင်းကြပ်စွာဆုပ်ထားပြီး လက်သည်းများက လက်ဖဝါးထဲသို့ စိုက်ဝင်လုနီးပါးဖြစ်နေသည်။ သို့သော် သူမ နာကျင်မှုကို လုံးဝ မခံစားရပေ။ သူမ၏ပုံစံမှာ လုံးဝ စိတ်ပျက်နေ၏။ သူမ၏အေးစက်စက်အကြည့်များမှတဆင့် သူမ၏ဒေါသကို လူများ ခံစားနိုင်ပေသည်။

...

-အပိုင်း(၁၉၈) ပြီး

wunzinnosp

## အပိုင်း(၁၉၉) ဒေါသတကြီး ပြန်လည်တိုက်ခိုက်ခြင်း

ဇီယန်ပင် အလွန်ဒေါသထွက်နေလေရာ စတိတ်စင်တံခါးဝတွင် ရပ်နေသည့် ကျိုးဖေးဆိုလျှင် ပြောနေစရာမလို။ သူမ၏မျက်လုံးများက နီရဲရှုးသွပ်နေ၏။ သူမသည် ဒေါသကို အလွန်အမင်းထိန်းချုပ်ထားရကာ စိတ်ကို အတင်းချိုးနှိမ်ထားရပြီး စင်ပေါ်သို့တက်၍ သောင်းကြမ်းလုနီးပါးပင်ဖြစ်နေသည်။

"မူရို့ရဲ့သီချင်းက တကယ့်ကို ဂန္တဝင်မြောက်ပြီး အရမ်းကောင်းပါတယ်" နောက်ဆုံး သက်လတ်ပိုင်းလူက မူရို့အား ရိုးရှင်းစွာပင် ချီးမွမ်းလိုက်ပြီး ဇီယန်အား ကြည့်ကာ သက်ပြင်းချသည်။

"ဟင်း..."

ဝှစ်...

ဇီယန်သည် သည်းမခံနိုင်တော့ဘဲ မတ်တပ်ထရပ်ကာ အေးစက်စက်ပြောလိုက်သည်။

“မလိုတော့ပါဘူး။ ဒဏ်ရာရနေတဲ့ ခွေးကို ရိုက်ဖို့ တုတ်ရှာရတာက လွယ်ပါတယ်”

ဇီယန် နှုတ်မှ ဖွင့်ဟလိုက်သည့်အခါ ဒိုင်သုံးယောက် ခဏလောက် အံ့အားသင့်သွားကြ၏။ အနုပညာရှင်တစ်ယောက်က ပြန်ပြောရဲသည်မှာ ဤသည်က ပထမဆုံးပင်။

သူတို့၏မျက်နှာများတွင် မကျေမနပ်မှုများဖြင့် ယှက်ပြေးသွား၏။

“ရိုင်း...”

ခပ်ဝဝလူက ဇီယန်အား ကြိမ်းမောင်းတော့မည့်အချိန်တွင် လူတစ်ယောက် စင်နောက်ဘက်မှ အရှူးအမူးပြေးဝင်လာ၏။

ထုံးစံအတိုင်း ကျိုးဖေးပင်။ ဇီယန် ထရပ်ကာ စကားပြောသည်ကိုမြင်တော့ သူမ၏ဒေါသကို မထိန်းနိုင်တော့ဘဲ ဒေါသတကြီးဖြင့် အေးစက်စက်ကြည့်ကာ ဇီယန်ဆီသို့ လျှောက်လာသည်။ သူမသည် စကားပြောတော့မည့် လူဝကြီးအား စိုက်ကြည့်ကာ အေးစက်စက်ပြောလိုက်သည်။

“ပါးစပ်ပိတ်စမ်း။ ဝက်ပုပ်ကြီး။ ရှင့်ကိုယ်ရှင် ဘယ်သူထင်နေလဲ။ ရှင်က တွင်းထဲမှာ ခိုအောင်းနေတဲ့ လောက်ကောင်ကြီးပဲ။ ရှင်က စုတ်ပဲတဲ့စိတ်ထားနဲ့ ရုပ်ဆိုးဆိုး ခွေးတစ်ကောင်ပဲ။ ရှင်ကိုယ်ရှင် ဘာထင်နေလဲ။ သူများတွေကို အကဲဖုတ်ရအောင်။ ရှင့်ကိုယ်ရှင် အရင်ပြန်ကြည့်လိုက်ပါလား။ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်လိုက်ရင်တော ရှင်က ဝက်တစ်ကောင်ပဲ မြင်လိမ့်မဘ်။ ရွံစရာကောင်းလိုက်တဲ့အကောင်”

"မင်း..မင်း...မင်း..." ခပ်ဝဝလူမှာ တုန်ယင်နေကာ စကားပင်မပြောနိုင်တော့။ သူလုံးဝ ကြောင်အသွားသည်။ သူသည် ဂီတနှင့်ပတ်သက်၍ မည်သို့မှတ်ချက်ပေးရမည်ကို သိရှိသော်လည်း ကျိန်ဆဲသည့်နေရာတွင်တော့ ကျိုးဖေးနှင့် ပြိုင်ဘက်မဟုတ်ခဲ့ပေ။

"မင်းဘယ်သူလဲ။ မင်းဘာလုပ်နေတယ်ထင်လဲ။ မင်းမှာ ယဥ်ကျေးမှုမရှိဘူးလား..." ဘယ်ဘက်မှ ပိန်ပါးပါးလူက ထရပ်ကာ ပြောသည်။ "ဒီနေရာက ဘာလဲ မင်းသိလား"

"ဒီနေရာက ဘာလဲဆိုတာ ဘယ်သူက စောက်ဂရုစိုက်နေလို့လဲ။ ရှင့်လို လူယုတ်မာတွေကရော ဘယ်ကနေလာတာလဲ။ ဘာလို့ ရှင်တို့ပါးစပ်က အညစ်အကြေးတွေနဲ့ပြည့်နေရတာလဲ။ ရှင်တို့သုံးယောက်လုံးက တစ်ကျိတ်တည်းတစ်ဥဏ်တည်းပဲ။ ကျွန်မတောင် ဘာမှ မပြောရသေးဘူး ရှင်က ကိုယ့်သဘောနဲ့ကိုယ် မတ်တပ်ထရပ်လိုက်သေးတယ်။

ရှင့်ရဲ့စောက်ပါးစပ်က ပြောသမျှ ကျွန်မ တစ်ချိန်လုံး နားထောင်နိုင်တယ်”

ကျိုးဖေးသည် ပိန်းပါးပါးလူအား စိုက်ကြည့်ကာ ပြောသည်။

“မင်းလို ဘယ်သူမှ ဂီတသမားလို ဟန်ဆောင်ဖို့မရဲကြဘူး။ မင်းရဲ့နှုတ်သီးကောင်းလျှာပါးတဲ့ မျောက်မျက်နှာကို ကြည့်စမ်းပါဦး။ မင်းက ဘာကို စိတ်ပျက်နေရတာလဲ။ ပြောစမ်းပါဦး။ မင်း ဂီတအကြောင်းကို ဘယ်လောက်နားလည်လဲ။ ပထမစားသားက မင်းကို ပျင်းရိစေတယ်မဟုတ်ဘူးလား။ မင်းက တကယ်ကို ယဉ်ကျေးမှုမရှိတဲ့ မာသားဖက်ကာပဲ”

ထိုအချိန်တွင် ကျိုးဖေးသည် အေးအေးဆေးဆေးဖြစ်လာသည်။ ဆံပင်ဆံတောက်နှင့် သက်လတ်ပိုင်းလူကိုကြည့်ကာ သူမ ပြောလိုက်သည်။

"ပြီးတော့ ရှင်။ ရှင်နဲ့ ဘာမှ မဆိုင်ဘူးမထင်နဲ့။ ရှင်တို့ သုံးယောက်လုံးဂ အတူတူပဲ။ ဘာကို စောက်သက်ပြင်းချပြနေရတာလဲ။ ကိုယ်ချင်းစာတာလား။ သနားတာလား။ ကြောင်သူတော်ကြီးတွေကများ။ ရှင့်ရဲ့ညစ်ပတ်တဲ့မျက်လုံးတွေက တစ်ချိန်လုံး ဘယ်နေရာကို စိုက်ကြည့်နေတာလဲ။ ယုတ်မာပက်စက်တဲ့ ဝံပုလွေအိုကြီး။ ရှင်ကိုယ်ရှင် ပြန်ကြည့်စမ်းပါဦး ညစ်ပတ်တဲ့ အဘိုးကြီး"

ကျိုးဖေးသည် နောက်ဆုံးလူကို ကျိန်ဆဲလိုက်ပြီးနောက်တွင် သူမ၏မျက်လုံးများက လူသုံးယောက်အား အကဲခတ်လိုက်သည်။ ဒေါသကြောင့် မျက်နှာများ နီရဲလာကြပြီး တုန်ယင်နေကြသော်လည်း စကားတစ်ခွန်းမှ ပြန်မပြောနိုင်ပေ။ သို့သော် ကျိုးဖေးသည် ဤမျှနှင့် မပြီးသေးဘဲ ဆက်ပြောသည်။

"ရှင်တို့သုံးယောက်က ရှင်တို့ကိုယ်ရှင်တို့ အရေးပါတယ် ထင်နေတာလား။ အရမ်းတော်တယ် ထင်နေကြတာလား။

ရှင်တို့ နာမည်ကို ကြားတောင် မကြားဖူးဘူး။ ကျွန်မကပဲ ဗဟုသုတနည်းတာလား။ ရှင်တို့ အရင်က ဘယ်လိုသီချင်းတွေ ဆိုဖူးလဲ။ ဘယ်လို ဂန္တဝင်သီချင်းတွေ ရေးဖူးလဲ။ ရှင်တို့ ဒီနေရာမှာ ထိုင်နေရတယ်ဆိုကတည်းက ရှိတော့ရှိမှာပေါ့ ဟုတ်တယ်မလား။ ဒါဆို မြူးဇစ်လိုက်ဘရီထဲမှာ ရှာကြည့်ရမယ်။ ရှင်တို့ရဲ့ သီချင်းတော်တော်များများကို ရှာလို့ရမှဦးပါ။ ဟားဟားဟား... ဘယ်လိုဟာသလဲ။ ရှင်တို့ အခု ဘာလို့ စကားမပြောတော့တာလဲ။ ရှင်တို့က ငတုံးတွေလား။ ရုပ်ဆိုးဆိုးအဘိုးကြီးတွေ ရွှံ့စရာကောင်းလိုက်တာ”

ကျိုးဖေးသည် ထိုစကားများကို မနားတမ်းပြေပြီးနောက် မောပန်းသွားသည်။

အနားတွင်ရပ်နေသည့် ဟို့တ်မှာ ကြောင်အနေ၏။ သူမသည် မျက်လုံးပြူးနေကာ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

သူမ၏စိတ်များ ဗလာကျင်းနေပြီး ဘာပြောရမှန်း မသိတော့ပေ။

သို့သော် ပရိသတ်များသည်တော့ အလွန်စိတ်လှုပ်ရှားနေကြ၏။ ယနေ့တွင် ဤမျှ ကြီးကျယ်သည့်မြင်ကွင်းကို မြင်ရလိမ့်မည်ဟု မမျှော်လင့်ထားချေ။ အကဲဖြတ်ဒိုင်များ၏ပြင်းထန်သည့် ရှုတ်ချမှုများအပြီးနောက် ညွှံ့သည့်အနုပညာရှင်များ၏စကားများကြောင့် ထိန့်သန့်သွားကြသည်။ ဤကဲ့သို့အဖြစ်မျိုးက ပထမဆုံးအကြိမ်ပင်။

လူအများစုသည် ဒိုင်လူကြီးသုံးဦးက အနည်းငယ် လွန်လွန်းသည်ဟု ထင်ကြ၏။ ယခု ဒိုင်လူကြီးများအား ကျိန်ဆဲမှုများ ထွက်လာလေသည်။ အလွန်စိတ်ဝင်စားဖို့ကောင်းလာသည်ဟု သူတို့ ခံစားရ၏။

သို့သော် ဒိုင်လူကြီးများအား စာနာသူအချို့လည်း ရှိခဲ့ပေသည်။

"သူတိုက ဆိုးဆိုးရွားရွား ကျိန်ဆဲခံရတယ်"

"သူတို့ရဲ အမှုအရာကိုကြည့်ရတာ သူတို့ ချီးငုံထားရတဲ့အတိုင်းပဲ။ တစ်တောင်ထက်ပိုမြင့်တဲ့ တောင်ရှိတယ်ဆိုတာ တကယ်မှန်တာပဲ"

"ငါ့အမြင်အရတော့ သူတို့က ဒါနဲ့ ထိုက်တန်တယ်။ ညွှံ့သည်အဆိုတော်တစ်ယောက်က ဒီအစီစဉ်မှာ ဘာမှမဟုတ်ဘူးလို့ သူတို့က အကဲဖြတ်တယ်။ သူတို့ ဘယ်လိုတောင် လုပ်ကြတာဲ"

"ဒီကောင်မလေးက ရဲဝံ့တဲ့ စရိုက်ရှိတယ်။ ငါ လုံးဝ သဘောကျတယ်"

"…"

ပရိသတ်များက တီးတိုးပြောနေကြပြီး အများစုက ဇီယန်၏ဘက်မှ ရပ်တည်ကြသည်။ ဇီယန်နှင့် ကျိုးဖေးတို့သည် အပြစ်မကင်းသော်လည်း ဇီယန်၏အလှနှင့်ပတ်သက်၍ သူတို့သည် သူမ၏ဘက်တွင် ရပ်တည်ကြသည်။ စင်မြင့်ထက်တွင် ရပ်ကာ ဒိုင်လူကြီးများ၏ ဤကဲ့သို့ ကဲ့ရဲ့ရှုတ်ချမှုများကို ခံရပါက အချို့ဆိုလျှင် တိုက်ရိုက်ပြန်၍ တိုက်ခိုက်သည်ပင် ဖြစ်နိုင်၏။

ဤအခိုက်အတွင် ကျိုးဖေး၏စကားများရပ်သွားပြီး မူရို့သည် ပြန်၍ သတိဝင်လာသည်။ သူမ၏မျက်လုံးများမှာ အနည်းငယ် ကျဉ်းမြောင်းသွားပြီး စိတ်ရှုပ်ထွေးသောပုံစံပြသနေသည်။ သူမသည် ဇီယန်အား ကြည့်ကာ ခါးသီးစွာ ပြောလိုက်သည်။ “အစ်မဇီယန် ကျေးဇူးပြုပြီး ဒိုင်လူကြီးတွေရဲ့အကဲဖြတ်မှုကြောင့် အရမ်းစိတ်မတိုပါ…”

"တကယ်ကြီး နင်က လူကောင်းတစ်ယောက်လို ဟန်ဆောင်ဖို့ ကြိုးစားနေဦးမှာလား" ကျိုးဖေးသည် သူမအား တစ်ချက်ကြည့်ကာ "ငါတို့က နင့်နောက်မှာ နေဖို့မရှိဘူး။ နင် ဒီမှာဘဲ ထိုင်နေသင့်တယ်။ နင်က အခုအရမ်းနာမည်ကြီးနေတာ အမှန်ပဲ။ ဒါပေမယ့် နင်က လေလိုင်းပေါ် လွှင့်ပေါ် စောလွန်းနေတယ်မလား။ နင်ရေသောက်နေတဲ့ အချိန်မှာတောင် အဝတ်အစားဝန်ထမ်းတွေကို ရေခွက်ကိုင်ခိုင်းတယ်။ နင့်ရဲ့စရိုက်ကို ငါမသိဘူးထင်နေလား။ ငါတို့ရဲ့ သူငယ်ချင်းကောင်းပုံစံ လာပြီး ဟန်ဆောင်မနေနဲ့။ နင်ဘာလို့ အစောကြီးကတည်းက အဲ့လိုဝင်မပြောရတာလဲ။ နင်ဖင်က အရမ်းလေးနေလို့ ဒီနေမှာ ထိုင်နေပြီး ဘာမှ ထမပြောတာလား။ အစ်မဇီယန် အစ်မဇီယန်နဲ့ နင့်ပါးစပ်က ထွက်လာတာ ကြားရတောင် တကယ်ကို ရယ်စရာကောင်းတယ်"

သူမ၏စကားလုံးများသည် မူရို့၏နှလုံးသားထဲသို့ တိုက်ရိုက်ထိသွားပြီး သူမ၏မျက်နှာမှာ နီရဲသွား၏။

"ယုတ္တိမရှိလိုက်တာ" မူရို့သည် မကျေမနပ်ပြောလိုက်ပြီး ကျိုးဖေးအား မျက်နှာလွှဲလိုက်သည်။

"တော်လောက်ပြီ ဖေးဖေး"

ဇီယန်သည် ကျိုးဖေး၏လက်အား ဆွဲလိုက်သော်လည်း သူမ၏မျက်နှာက အေးစက်နေဆဲဖြစ်သည်။ သူမသည် ဒိုင်လူကြီးများအား တစ်ချက်ကြည့်လိုက်ပြီးနောက် "ဒီသီချင်းက ဒိုင်လူကြီးတွေအတွက်ဆိုတာ မဟုတ်ဘူး။ ပရိသတ်တွေအတွက်ပဲ ဆိုပေးတာ။ ယုတ္တာမရှိတဲ့ မှတ်ချက်တွေက ပြဿနာကို ရှင်းပြပြီးသားပဲ။ ဒီလိုအစီအစဉ်မျိုးကို ငါတို့မလိုအပ်ဘူး။ သွားကြမယ်"

ပြောပြီးသည်နှင့် ဇီယန်သည် ရှေ့မှ ဦးဆောင်ကာ စင်နောက်သို့ ထွက်သွားခဲ့သည်။

"ဟမ့်" ကျိုးဖေးသည် ဒိုင်သုံးယောက်အား တစ်ချက်စိုက်ကြည့်လိုက်ကာ လှည့်ထွက်သွားသည်။

သူမတို့နှစ်ယောက် စင်နောက်ဘက်သို့ ဝင်လိုက်သည်နှင့် ခပ်ဝဝလူက ရုတ်တရက် ဒေါသကြီး ထရပ်ကာ ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"သူတို့က ဘယ်သူတွေလဲ။ သူတို့က ယဉ်ကျေးမှုမရှိဘူးလား။ မှတ်ချက်လေးတချို့ကို မကျေမနပ်ဖြစ်နေကြတာလား။ သူတို့ကိုယ်သူတို့ ဘယ်သူတွေထင်နေကြတာလဲ။ ရှက်ဖို့ကောင်းလိုက်တာ"

"ဒီလိုစိတ်သဘောထားမျိုးနဲ့အဆိုတော်တစ်ယောက်က နာမည်ကြီးဖို့ မထိုက်တန်ဘူး" ပိန်ပါးပါးလူက ဒေါသတကြီးအော်ပြောသည်။ "ဒါရိုက်တာကို သေချာပြောပြီး ဒီလို စိတ်ထားမကောင်းတဲ့သူတွေကို ပိတ်ပင်ဖို့ ပြောရမယ်"

"အဆိုတော်တစ်ယောက်ဖြစ်နေပြီ။ သူ့ဒေါသက ဘယ်ကနေရောက်လာသေးတာလဲ။ သူက ဘယ်သူလဲ

ငါတို့ရဲ့မှတ်ချက်က မှားနေလို့လား။ အစီအစဉ်ကို အစဆုံးမှတ်တမ်းတင်ထားလား။ တစ်နိုင်ငံလုံးကို ပြန်ရမယ်။ လူတိုင်း ဒီလိုရိုင်းဆိုင်းတဲ့မျက်နှာကို မြင်သွားသင့်တယ်” သက်လတ်ပိုင်းလူက အေးစက်စွာပြောသည်။

သို့သော် သူတို့၏စကားများက ပရိသတ်များကို သူတို့အား လှောင်ပြောင်သွားစေသည်။

လူများသည် ဇီယန်အား လုံးလုံးလျားလျား မထောက်ခံကြသော်လည်း ယခုမှ ထိုဒိုင်လူကြီးများက ဘယ်လောက် အကျည်းတန်သည်ကို မြင်လိုက်ကြရသည်။ ဇီယန်ထွက်သွားသည့်အချိန်မှ သူတို့က သူမအား ပြစ်တင်ကြိမ်းမောင်းနေကြရာ လူအများကို စက်ဆုပ်သွားစေ၏။

ထို့ကြောင့် ပရိသတ်များက ပိုမိုကျယ်လောင်စွာ ပြောဆိုကြသည်။

ဟို့တ်သည် အဖြစ်အပျက်ကို ကြည့်နေရင်း "ဒီနေ့အစီအစဉ်ကတော့ ဒီလောက်ပါပဲရှင်" ဟု အမြန်ပြောလိုက်၏၊

ထိုသို့ဖြင့် အစီအစဉ်မှာ သဘောထားကွဲလွဲမှုများဖြင့် အဆုံးသတ်သွားခဲ့သည်။

ဇီယန်နှင့် ကျိုးဖေးတို့သည် ခြေလှမ်းကျဲကြီးများဖြင့် တီဗီစတေရှင်မှ ထွက်ခွာသွားကြသည်။ ကျိုးဖေးသည် တိတ်ဆိတ်နေ၏။ တံခါးဆီသို့ လျှောက်သွားရင်း ကျိုးဖေးသည် အိတ်ထဲမှ နေကာမျက်မှန်တစ်လက်ကို ထုတ်ကာ ဇီယန်အား ပေးလိုက်၏။ တစ်ချိန်တည်းမှာပင် သူမက ပြောလိုက်သည်။

"အစ်မယန် ဒီလိုလူတွေအတွက် ဒေါသထွက်မနေပါနဲ့။ သူတို့က အဲ့ဒါနဲ့ မတန်ဘူး"

"အင်း" ဇီယန်က နေကာမျက်မှန်ကိုယူကာ တပ်လိုက်၏။

သူမ၏အမူအရာမှာ အလွန်အေးစက်တည်ငြိမ်နေသော်လည်း ကျိုးဖေးသည် သူမ၏အသံထဲမှ မကျေနပ်မှုအချို့ကို ကြားနေရဆဲဖြစ်သည်။

ကျိုးဖေးသည် အံကိုကြိတ်ကာ ထိုသူများမှာ တကယ်ညစ်ပတ်ယုတ်မာသည်ဟု ခံစားနေရ၏။

ကျိုးဖေးသည် တက္ကစီခေါ်လိုက်ကာ ကားပေါ်တက်လိုက်ကြသည်။ ဟိုတယ်သို့ ပြန်ရောက်သည်နှင့် ဇီယန်သည် တစ်ယောက်တည်း အိပ်ခန်းထဲသို့ တန်း၍ဝင်သွား၏။

"အာ..." ကျိုးဖေးသည် သက်ပြင်းချလိုက်ပြီး ဆိုဖာပေါ် မှီထိုင်လိုက်ကာ ဆံပင်များအား ဆုပ်ကိုင်လိုက်သည်။

ဇီယန်သည် အိပ်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေကာ နေကာမျက်မှန်အား ချွတ်လိုက်၏။ ဤအခိုက်အတန့်တွင် သူမ၏အေးစက်မှုများက

ပျောက်ကွယ်သွားပြီး ဝမ်းနည်းကြေကွဲမှုများဖြင့် ပြည့်နေသော မျက်နှာဖြစ်သွားလေသည်

"ဘာကြောင့်လဲ"

ဇီယန်၏ပခုံးမှာ တုန်ရီသွား၏။ သူမ၏မျက်လုံးများမှာ နီရဲနေပြီး ရည်လျှားသည့် မျက်တော်ရည်များက တုန်ခါနေသည်။ သူမ၏ပါးလျသည့် နှုတ်ခမ်းလေးများက တင်းတင်းစေ့ထားပြီး ညှိုးငယ်နေသည့်မျက်ခုံးများက သူမ၏ဝမ်းနည်းမှုများကို ပြသနေသည်။

သူမ၏မျက်လုံးများတွင် ရီဝေနေမှုများက အားကောင်းလာပြီး ကြည်လင်သည့် မျက်ရည်စနှစ်ခုအဖြစ် တဖြည်းဖြည်းပြောင်းလဲသွားကာ နူးညံ့သည့်ပါးပြင်ထက်သို့ စီးကျလာ၏။

သိမ်မွေ့ပြီး ထိရှလွယ်သည့်အသွင်အပြင်က မည်သူ့ကိုမဆို ဝမ်းနည်းသွားစေနိုင်သည်။ သူမသည်

စိတ်ရှုပ်ထွေးနေကာ ဝမ်းနည်းအားငယ်နေပြီး ကလေးမလေးတစ်ယောက်နှင့် တူနေသည်။

ခဏအကြာတွင် ဇီယန်သည် သူမ၏ဖြူဖွေးနူးညံ့သည့် လက်ဖဝါးများကို ဆန့်ကာ မျက်လုံးထောင့်မှ မျက်ရည်စများအား သုတ်လိုက်၏။ ထိုနောက် ဖုန်းကို ထုတ်ကာ ကျန်းဟန်၏နံပါတ်ကို ခေါ်ဆိုလိုက်သည်။

ဤအချိန်တွင် သူမသည် မုန့်မုန့်နှင့် ကျန်းဟန်တို့၏အသံကိုသာ ကြားချင်တော့သည်။

ဖုန်းခေါ်ဆိုပြီး မကြာမီတွင် ချိတ်ဆက်သွား၏။

“ကျန်းဟန်…”ဇီယန်သည် ခါတိုင်းလိုပင် ဖွင့်ဟပြောလိုက်သော်လည်း ဤတစ်ကြိမ်တွင် သူမ၏လေသံ၌ ဝမ်းနည်းမှုများ ပါဝင်နေသည်။

"ဘာဖြစ်လို့လဲ" ကျန်းဟန်သည် ဇီယန်၏အသံကို ကြားလိုက်သည့်အခါ မျက်လုံးများ ပြူးကျယ်သွားသည်။ သူသည် ခါတိုင်းကဲ့သို့ "အင်း" ဟု ပြန်မပြောခဲ့ပေ။

"ကျွန်မအဆင်ပြေပါတယ်" ဇီယန်သည် မျက်လုံးများအနည်းငယ် နီရဲလာကာ တိုးလျှသည့်အသံဖြင့် ပြောလိုက်သည်။

သူမက အဆင်ပြေပါတယ်လို့ ပြောနေရအောင် ငါက မျက်ကန်းငတုံးနဲ့ တူနေလို့လား။ သူမ ဝမ်းနည်းနေတာ အသိသာကြီးကို...။

ကျန်းဟန်သည် မျက်ခုံးများကို တွန့်ကာ တွေးလိုက်သည်။ ဇီယန်သည် ပြဿနာတစ်ခုခုနှင့်ရင်ဆိုင်ခဲ့ရသည်ကို သူနားလည်သည်။ ကျန်းဟန်သည် ခဏလောက် တုံ့ဆိုင်းသွားပြီး ပြုံးကာ ပြောလိုက်သည်။

"မင်းကို တစ်ယောက်ယောက်က အနိုင်ကျင့်တာလား။ မင်းရဲ့ခင်ပွန်းကိုပြော ငါသူ့ကို သွားရိုက်မယ်"

"ဘယ်သူမှ အနိုင်မကျင့်ပါ..."

ဇီယန်ရုတ်တရက် အံ့အားသင့်သွား၏။

ဘာလဲ...သူဘာပြောလိုက်တာလဲ..။

သူက သူ့ကိုယ်သူ ငါ့ခင်ပွန်းလို့ပြောလိုက်တာလား။

ငါ...ငါ သူ့ကို အဖြေတောင် မပေးရသေးဘူး။

ဇီယန်၏မျက်လုံးများမှာ တဖြည်းဖြည်းပြူးကျယ်လာပြီး လှပသည့်မျက်လုံးလေးများက မျက်ရည်စများ ရပ်တန့်သွား၏။

ထိုစကားကြောင့် ဇီယန်အနည်းငယ် အံ့သြသွားသည်။ သူမ အနည်းငယ် ကြောင်အနေပြီး ထိုစကားလုံးများက သူမ၏မကျေနပ်မှုများကို တစ်ဝက်ခန့် လျော့နည်းသွားစေသည်။

"ရှင်...ရှင် ဘာတွေပြောနေတာလဲ" ဇီယန်၏မျက်နှာမှာ အနည်းငယ် နီမြန်းလာပြီး သူမ၏လေသံတွင် ထိတ်လန့်မှုအရိပ်အယောင်များရှိနေသည်။

သူမ အဆင်သင့်မဖြစ်သေးသလို အဖြေလည်း မပေးရသေးချေ။ သူက ဘယ်လိုကြောင့် ခင်ပွန်းဟု ပြောနိုင်ရပါသနည်း။ ဒါက အရမ်းကြီး လောကြီးမနေလွန်းဘူးလား။

"အာ...ကိုယ်ပြောတာ မင်းကို တစ်ယောက်ယောက် အနိုင်ကျင့်တာလား။ မင်းရဲ့ခင်...ကိုယ်မင်းကို ကူညီပေးမယ်လို့" ကျန်းဟန်သည် နူးညံ့စွာ ပြုံးလိုက်ပြီး တမင်သက်သက် လေသံကို ဟန့်ကာ ပြောလိုက်သည်။

...

-အပိုင်း(၁၉၉) ပြီး

wunzinnosp

## အပိုင်း(၂၀၀) မင်းအတွက် ကိုယ်ရှိတယ်

ကျန်းဟန်သည် သာမန်အချိန်များတွင် မုန့်မုန့်မှလွဲ၍ ဘာကိုမှ ဂရုမစိုက်သလိုရှိနေသော်လည်း ၎င်းက သူသည် သစ်သားတုံးတစ်တုံးဖြစ်နေသည်ဟု မဆိုလိုပေ။ ဇီယန်သည် သူမ၏အေးစက်စက်အသွင်အပြင်အောက်တွင် နွေးထွေးသည့်နှလုံးသားတစ်ခုရှိကြောင်း သူသိပေသည်။ ဇီယန်သည် သံသယဖြစ်စရာမရှိလောက်အောင် လှပပြီး သူမ၏ရင်သပ်ရှုမောဖွယ်မျက်နှာလေးကြောင့် လူတိုင်း သူမအပေါ် အမြင်ကောင်းရှိစေသည်။

ကျန်းဟန်သည် ဇီယန်အား အစပိုင်းတွင် ဂရုမစိုက်သော်လည်း ဇီယန်သည် အမှန်တကယ်လှပသည်ကို ဝန်ခံပေ၏။ ကျန်းဟန်သည် ပထမက သူ၏မင်းသမီးလေးကိုသာ ဂရုစိုက်သည်။ သို့သော် မုန့်မုန့်၏ပတ်ဝန်းကျင်တွင် နေထိုင်မှုပြုပြီးနောက် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရင်း ဇီယန်သည်

သူ၏နှလုံးသားထဲသို့ မသိမသာဖြင့် တဖြည်းဖြည်းချင်း ဝင်ရောက်နေရာယူလာခဲ့ကြောင်း ရုတ်တရက် သိလိုက်ရ၏။

သူမ၏လှပသည့် ရုပ်ရည်သွင်ပြင်၊ ကိုယ်ရည်ကိုယ်သွေးနှင့် အခြားသောအချက်များကြောင့် ဖြစ်နိုင်သော်လည်း အရေးအကြီးဆုံးအကြောင်းအရင်းမှာ သူမသည် မုန့်မုန့်၏မိခင်ဖြစ်နေခြင်းပင်။

ကျန်းဟန်သည် ဧယန်အား ချစ်မိနေကြောင်း သဘောပေါက်သွားပြီးနောက် နွဲ့ယဉ်ကျက်သရေရှိကာ ချောမောလှပသည့် မျက်နှာလေးက သူ၏စိတ်ထဲတွင် အခါအားလျော်စွာ ပေါ်လာတတ်၏။ ယခုအချိန်တွင် ဧယန်၏ ဝမ်းနည်းနေသည့်အသံကို ကြားလိုက်ရသည့်အခါ သူ၏ပထမဆုံးအတွေးမှာ သူမအား နှစ်သိမ့်အားပေးရန်ဖြစ်၍ ထိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။

အကျိုးသက်ရောက်မှုမှာ ထင်ရှားပေသည်။ ဧယန်၏လေသံအရ သူမသည် ကျန်းဟန်ကြောင့်

အာရုံပြောင်းသွားခဲ့ပြီဖြစ်ကြောင်း သိနိုင်သည်။ ထိုအကြောင်းအရာများကို တွေးတောနေသည့်တစ်လျှောက် သူမ၏စိတ်အခြေအနေမှာ သဘာဝကျကျပင် ကောင်းမွန်လာမည်ဖြစ်သည်။

ထိုအချိန်တွင် ဇီယန်သည် အနည်းငယ် ရှက်ရွံ့သွားပြီး အသာအယာပြုံးလိုက်ကာ နှာခေါင်းရှုံ့၍ပြောလိုက်သည်။

"ဟွန့် ရှင် စကားကို ကောင်းကောင်းမွန်မွန်ဘက်က ပြောသင့်တယ်။ သူများ တရားပျက်တိုင်း ကိုယ်တရားပျက်လို့မဖြစ်ဘူးလေ"

"အင်း ဟုတ်ပါပြီ ဟုတ်ပါပြီ" ကျန်းဟန် ရယ်လိုက်ကာ "အဲ့ဒီစကားပုံက ဘာကြီးလဲ။ ခွေးတစ်ကောင်က လာကိုက်နေရင်တောင် ခွေးကို ပြန်ရိုက်လို့ မရဘူးလား"

"အဲ့အဓိပ္ပာယ်လို့ ပြောလို့ရတယ်" ဇီယန်သည် ချစ်စဖွယ်အသံလေးဖြင့် ပြောသည်။ သူမ၏စိတ်မှာ အနည်းငယ် မွန်းကြပ်နေသေးသော်လည်း သူမ၏အမူအရာက

အလွန်ချစ်စရာကောင်းနေခဲ့သည်။ သို့သော် ကျန်းဟန်သည်တော့ ၎င်းကို မမြင်နိုင်ခဲ့ပေ။

သို့ပေသိ ကျန်းဟန်သည် ၎င်းကို မယုံကြည်ပေ။ ဇီယန်၏စိတ်အခြေအနေမှာ လုံးဝပုံမှန်အတိုင်း ပြန်မရောက်သေးကြောင်း သူသိနေသည့်အတွက် သူမနှင့် ဆက်၍ စကားပြောနေခဲ့သည်။ သူက ပြုံး၍ ပြန်ပြောသည်။

"အဲ့စကားကို ကိုယ်ပြောခဲ့တယ်ဆိုရင်တောင် အဲ့ဒီသဘောတရားကို ကိုယ်လက်မခံနိုင်ဘူး။ ကိုယ့်ရဲ့ပုံစံအရတော့ ခွေးတစ်ကောင်က ကိုယ့်ကိုလာကိုက်ရင် ကိုဘ်က အဲ့ဒီခွေးကို စွပ်ပြုတ်လုပ်ပစ်မယ်။ အပိုင်းပိုင်းဖြတ်ပြီး ကြော်စားပစ်မယ်။ နောက်ဆုံး ဘာမှမကျန်တော့တဲ့ထိအောင်"

ကျန်းဟန် ထိုသို့ပြောလိုက်သည့်အခါ ကျန်းဟန်၏ဘေးတွင် မုန့်မုန့်နှင့် ကစားနေသည့် ရှောင်ပေါင်းမှာ ထိတ်လန့်သွား၏။ သူသည် အမြီးနှံ့နေသည်ကို

ရပ်လိုက်ပြီး အပေါ်မော့ကြည့်ကာ အနည်းငယ် ပဟေဠိဆန်သည့်အမူအရာရှိနေသည်။

ဘုရားရေ...သခင်က အရမ်းကြောက်ဖို့ကောင်းတာပဲ။ ငါ သူ့ကို ကိုက်လိုက်မိရင် ငါ့ကို စွပ်ပြုတ်လုပ်ပစ်မယ်တဲ့။ ဟူး... ငါ သတိထားရမယ်...။

တစ်ဖက်တွင် ဇီယန်သည် ထိုစကားကို ကြားသည့်အခါ ရယ်မောလိုက်၏။ သူမက နှာခေါင်းရှုံ့ကာ "ရိုင်းဆိုင်းလိုက်တာ" ဟု ပြောလိုက်သည်။

"ဘာကို ရိုင်းဆိုင်းလို့လဲ" ကျန်းဟန်က ပေါ့ပေါ့ပါးပါးပြောသည်။ "မင်းကို လူတိုင်းက နတ်ဘုရားမလို့ ခေါ်နေကြပေမယ့် မင်းရဲ့မစင်ကတော့ နံနေသေးတာပဲ မဟုတ်လား"

"တော်တော့ ရှင်ကတော်တော် ညစ်တီးညစ်ပတ်တွေပြောတာပဲ" ဇီယန် ပြုံးလိုက်၏။

သူမ၏လှပသည့် သမင်မျက်လုံးလေးများရှိ ရှုံးနိမ့်မှုများနှင့် မတရားခံရမှုများက လုံး၀ ပျောက်ကွယ်သွားသည်။

ကျန်းဟန်နှင့် ဇီယန်သည် ခဏလောက် စိတ်လက်သက်သာစေမည့်အကြောင်းအရာများကို ပြောဆိုခဲ့ကြပြီး နတ်ဘုရားမလေး၏ကျက်သရေရှိသည့် ရယ်သံလေးများ ထွက်ပေါ်လာစေသည်။

၎င်းက ဇီယန်အား အနည်းငယ်လည်း စိတ်ရှုပ်သွားစေခဲ့သည်။

ဘာကြောင့် ဒီသစ်သားတုံးကြီးက စမတ်ကျလာရတာလဲ။ သူက တုံးအမိုက်မဲ့လှတဲ့ အဖေတစ်ယောက်ပဲ မဟုတ်ဘူးလား…။

ဟွန့်…ရှင် အခု ကျွန်မရဲ့အလှကို အသိအမှတ်ပြုသွားပြီမလား။ အခု ကျွန်မကို မြှောက်ပင့်ချင်နေပြီပေါ့။ အရမ်းနောက်ကျသွားပြီ။ ကျွန်မက လွယ်လွယ်နဲ့လက်ခံမှာ မဟုတ်ဘူး…။

ဇီယန်၏စိတ်အခြေအနေမှာ လုံးလုံးလျားလျား ပြေလျော့သွားခဲ့ပြီးနောက် ကျန်းဟန်သည် အလုပ်ကိစ္စအား စတင်၍ ပြောဆိုလိုက်တော့သည်။

"ဒီနေ့ မင်းကို ဘယ်သူအနိုင်ကျင့်တာလဲ"

"တကယ်ဘာမှ မဖြစ်ပါဘူး။ ဖေးဖေးနဲ့ဆိုရင် ကျွန်မကို အနိုင်ကျင့်လို့မရဘူး။ သူက အရမ်းတော်တာ"

ဇီယန်၏စိတ်အခြေအနေသည် နောက်ဆုံးတွင် တည်ငြိမ်သွား၏။ ယနေ့ အစောပိုင်းကအဖြစ်အပျက်များကို ပြောသည့်အချိန်တွင် သူမ၏စိတ်ထဲ၌ စိတ်ခံစားချက်များမရှိတော့ချေ။ ထိုအစား ကျိုးဖေး၏ကြိမ်းမောင်းခံလိုက်ရသည့် လူသုံးယောက်အား သတိရမိသွားပြီး သူမ တိတ်တဆိတ်ပင် ဝမ်းသာသွားမိ၏။

"အဲ့ဒါကောင်းတယ်။ သူပြန်လာရင် ကိုယ်က ငါးဟင်းတစ်ခွက် ဆုချမယ်လို့ ကျိုးဖေးကို ပြောလိုက်"

"ဟီးဟီး... သူသာ အဲ့ဒါကို ကြားလိုက်ရလို့ကတော့ အရမ်းပျော်သွားမှာ သေချာတယ်"

"အင်း ဒါဆို ဘာလို့ မြန်မြန် ပြန်မလာသေးတာလဲ"

"မရသေးဘူး။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ မသိသေးလူး။ ကုမ္ပဏီဘက်က အရမ်းမကျေမနပ်ဖြစ်လိမ့်မယ်။ ရှန်ကျင်းတီဗီမှာ ပါခွင့်ရမလားဆိုတာလည်း မသိဘူး။ ဒါကြောင့် သတင်းကို စောင့်ရဦးမယ်" ဇီယန်က ခဏလောက် တွေးတောကာ ပြန်ဖြေသည်။

"အဲ့လိုမျိုး အလျှင်လိုနေဖို့ မလိုပါဘူး" ကျန်းဟန်က ကူကယ်ရာမဲ့စွာ ခေါင်းယမ်း၍ ပြောလိုက်သည်။ "မင်း အပြင်သွားတဲ့အခါ ဘယ်သူ့ကိုမှ ကြောက်နေဖို့ မလိုဘူး။ ကျိုးဖေးကို ပြောလိုက် အဲ့ဒီဆိုးယုတ်တဲ့လူတွေကို သူမ ပြန်တိုက်ခိုက်နိုင်တယ်လို့။ ကိုယ်က သူမအတွက် ဝိုင်ကောင်းကောင်း၊ အစားအသောက်ကောင်းတွေနဲ့

ဆုချမယ်လို့။ မင်းလည်းအတူတူပဲ။ ပြဿနာတစ်ခုခုရှိရင် ကိုယ့်ကိုပြောပါ။ အခုကိုယ်ရှိနေပြီ။ မင်းတစ်ယောက်တည်း အရာအားလုံးကို ကိုင်တွယ်ဖြေရှင်းနေဖို့ မလိုဘူး။ မင်းအတွက် ကိုယ်ရှိတယ်”

ဘုန်း...

ဇီယန် အံ့အားသင့်သွားပြီး မင်းအတွက်ကိုယ်ရှိတယ် ဆိုသည့် စကားသံများက သူမ၏စိတ်အာရုံတွင် ပျံ့လွင့်နေ၏။

သူမ၏နှလုံးသားသည် တဖြည်းဖြည်း နူးညံ့ပျော့ပျောင်းကာ ချိုမြိန်လာသည်။

ဒါက မှီခိုရတဲ့ခံစားချက်လား။ ကိုယ့်ကို စိတ်ပူနေတဲ့သူတစ်ယောက်ရှိနေတယ်ဆိုတဲ့ ခံစားချက်က အံ့သြစရာကောင်းလိုက်တာ...။

သူ...သူ ငါ့ကို လိုက်ဖို့ ကြိုးစားနေတာလား။

ဟမ် မဟုတ်သေးပါဘူး။ ဇီယန် နင် နည်းနည်းလေး အဓိပ္ပာယ်ရှိရှိနေစမ်း။ သူက ဒီတိုင်း စကားကောင်းကောင်းလေး ပြောပေးတာနဲ့ နင်က လွယ်လွယ်လေး စိတ်ယိုင်သွားတာလား။ မဖြစ်ဘူး။ နင် နောက်ထပ်ပိုပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းဖို့လိုသေးတယ်...။

ဤအချိန်တွင် ဇီယန်သည် ချိုမြိန်မှုရောစိတ်ရှုပ်ထွေးမှုပါ ခံစားနေရသည်။ သူမ၏မျက်လုံးများက အနည်းငယ် ဝေဝါးလာပြီး နှုတ်ခမ်းကိုအနည်းငယ်ဖွင့်ဟလိုက်၏။ သတိပြန်ဝင်လာပြီးနောက် သူမ တိုးတိုးလေးပြောလိုက်သည်။ "ကျွန်မ သမီးနဲ့စကားပြောချင်တယ်။ မုန့်မုန့်ကို ဖုန်းပေးလိုက်ပါဦး"

"အင်း" ကျန်းဟန်က ပြုံးကာ မုန့်မုန့်ဆီလွှောက်သွားသည်။

မင်းသမီးလေးသည် အိမ်မွေးတိရစ္ဆာန်ဧရိယာရှိ မြက်ခင်းပြင်ပေါ်တွင် ထိုင်နေ၏။ ဟေး နှစ်ကောင်အပြင်

ခွေးကောင်ရေ သုံးဆယ်ကျော်သည် သူမ၏ ဘေးတွင် ရှိနေ၏။ သူတို့အားလုံးသည် မုန့်မုန့်၏အရုပ်များဖြင့် ကစားနေကြသည်။

"မုန့်မုန့် သမီးရဲ့မေမေက ဖုန်းပြောချင်လို့တဲ့" ကျန်းဟန်က လျှောက်လာပြီး မုန့်မုန့်အား ဖုန်းပေးလိုက်သည်။

"အိုး…" မုန့်မုန့်သည် အရုပ်များကို ချလိုက်ကာ ဖုန်းအား ကောက်ကိုင်လိုက်သည်။ ထိုနောက် အလွန်သာယာသည့်အသံဖြင့် "မေမေ ဘာလို့ ပြန်မလာသေးတာလဲ။ မုန့်မုန့် အရမ်းလွမ်းနေပြီ"

"မေမေကလည်း သမီးကို လွမ်းပါတယ်။ မေမေ့ကို နမ်းပါဦး" ဇီယန် ပြုံး၍ ပြောသည်။

"မွ မွ မွ…" မုန့်မုန့်သည် အလွန်ညာဏ်ကောင်းကာ အနမ်းများ ပေးလိုက်သည်။ ထိုနောက် အသံတိုးတိုးလေးဖြင့် "မေမေ၊ ဖေဖေရယ် သမီးရယ်လေ တာဟေး ရှောင်ဟေး

ဟူကြီး ဟူလေး တို့နဲ့ ကစားနေရကြတာ။ မုန့်မုန့်က သူတို့ကစားဖို့ အရုပ်တွေ အများကြီးပေးထားတယ်”

“ဟုတ်လား။ ဒါဆို မေမေပြန်လာရင် သမီးနဲ့ကစားမယ်”

“ကောင်းပြီ…အိုး…မေမေ မြန်မြန်ပြန်လာခဲ့နော်။ မေမေ ပြန်လာရင် တာဟေးနဲ့ ရှောင်ဟေးကို အပန်းဖြေဥယျာဉ်ခေါ်သွားရပြီ” မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောသည်။

“သူတိုကို အပန်းဖြေဥယျာဉ်ခေါ်သွားမှာလား” ဇီယန်အနည်းငယ် အံ့ဩသွားပြီး စိတ်ထဲတွင် တွေးလိုက်သည်။

ဒီကောင်က ကလေးကို လိမ်တဲ့နေရာမှာ တကယ်တော်တာပဲ။ ချင်ပန်ဇီတစ်ကောင်နဲ့ ခွေးတစ်ကောင်ကို အပန်းဖြေဥယျာဉ်ခေါ်သွားမယ်။ အဲ့ဒါက ဖြစ်နိုင်ပါ့မလား။

"အမ်ဟမ့်...သမီးတို့ တာဟေးနဲ့ရှောင်ဟေးကို အတူတူကစားဖို့ အပန်းဖြေဥယျာဉ်ခေါ်သွားကြမယ်။ သူတို့က အပန်းဖြေဥယျာဉ်ကို မရောက်သေးဘူး။ သူတို့ အဲ့ဒါကို ကြားတော့ အရမ်းပျော်သွားတာ။ ဖေဖေက မေမေပြန်လာရင် သွားကြမယ်လို့ ပြောတယ်" မုန့်မုန့်က လေးလေးနက်နက်ပြောသည်။

"ဒါဆိုကောင်းပြီ။ မေမေပြန်လာရင် အပန်းဖြေဥယျာဉ်ကို သွားကြမယ်" ဇီယန်က ပြုံး၍ ပြန်ပြောသည်။

ကျန်းဟန် ကျန်းဟန် ကျွန်မပြန်လာတဲ့အခါ ရှင် ပြောတဲ့အတိုင်းမလုပ်နိုင်လို့ကတော့ ရှင့်ကို ကောင်းကောင်းအပြစ်ပေးမယ်...။

မုန့်မုန့်နှင့် ဆယ်မိနစ်ကျော်စကားပြောပြီးနောက် ဇီယန်ဖုန်းချလိုက်သည်။

အိပ်ခန်းထဲမှ ထွက်လာသည့်အခါကျိုးဖေးသည် ဆိုဖာပေါ်တွင် ညိုးငယ်သည့်မျက်နှာဖြင့် မှီထိုင်နေသည်ကို တွေ့လိုက်ရ၏။

“ကောင်းပြီ ဖေးဖေး သူတို့ကို စိတ်ဆိုးမနေပါနဲ့တော့” ဇီယန်က ဆိုဖာဆီလျှောက်လာကာ သူမ၏ဘေးတွင် ဝင်ထိုင်လိုက်ပြီး ပြုံး၍ ပြောသည်။ “နင် သူတို့ကို ဝက်ခေါင်းတွေလို့ ပြောထားပြီပြီပဲ။ ဘာလို့ စိတ်ဆိုးနေသေးတာလဲ”

“ငါ သူတို့ကို စိတ်မဆိုးပါဘူး” ကျိုးဖေးက ထထိုင်ကာ နှာခေါင်းရှုံ့လိုက်ပြီး “ဟွန့် ငါစိတ်တိုနေတာ အဲ့ဒီစုန်းမ မိန်ချီကို။ သူမ....”

ကျိုးဖေး၏စကားမဆုံးသေးခင်မှာပင် ဇီယန်၏ဖုန်းက မြည်လာသည်။ ကြည့်လိုက်ရာ မိန်ချီခေါ်သည်ကို သတိထားမိလိုက်၏။ ဇီယန်သည် ခဏလောက် တုံ့ဆိုင်းနေပြီးမှ ဖုန်းကိုင်လိုက်၏။

"ဇီယန် နင်ဘာတွေ ဖြစ်နေတာလဲ" မိန်ချီက ဒေါသတကြီးလေသံဖြင့် ပြောသည်။

"အဲ့ဒါက ငါမဟုတ်ဘူး။ သူတို့က ပြဿနာဖြစ်အောင်လုပ်နေတာ" ဇီယန်က ခပ်ပေါ့ပေါ့လေသံဖြင့် ပြောသည်။

အမှန်တရားမှာ ဇီယန်သည် အခြားသူများနှင့် ရန်တွေ့ငြင်းခုန်ရသည်ကို မနှစ်သက်သော်လည်း သူမသည် အခြားသူများ၏အနိုင်ကျင့်မှုကို ငြိမ်ခံနေမည်ဟု မဆိုလိုပေ။ သူမသည် သူရဲဘောကြောင်သူ မဟုတ်ချေ။

"နင်လုပ်ချင်တိုင်း လုပ်လို့ရအောင် အရည်အချင်းပြည့်မီတယ်လို့များ နင်ထင်နေလား။ ဒီအစီအစဉ်မှာသွားပြီးတော့ နင်ထွက်သွားချင်တဲ့အချိန် ထွက်သွားလို့ရမယ် ထင်နေလား။ ကုမ္ပဏီအကြောင်း ဘာလို့ ထည့်မစဉ်းစားတာလဲ။ နင့်ရဲ့လက်ရှိ အခြေအနေကိုကြည့်ဦး။ တတိယအဆင့်ကြယ်ပွင့်တစ်ယောက်လောက်တောင်

မကောင်းတော့ဘူး။ ငါ့ရဲ့ အကြံပြုချက်မပါဘဲ ဒီအစီအစဉ်မှာ နင်ပါနိုင်မယ်လို့ ထင်နေတာလား။ အိပ်မက်မက်မနေနဲ့တော့။ မင်က လွန်ခဲ့တဲ့နှစ်တွေကလို လူကြိုက်များတဲ့သူမဟုတ်တော့ဘူး။ တစ်ခုခုမလုပ်ခင် နှစ်ခါစဉ်းစားလို့မရဘူးလား။ နင်ဘယ်လောက်ထိ ပြဿနာကြီးစေခဲ့လဲ သိလား။ ကျွန်းရွှမ်တီဗီက အခု ဒေါသဖြစ်နေတယ်။ ဖျော်ဖြေရေးနယ်ပယ်မှာ နင်ဆက်ရှိသေးချင်တယ်ဆိုရင် အခုချက်ချင်း အဖွဲ့ကို သွားပြီး တောင်းပန်လိုက်”

မိန်ချီသည် စကားများအား ဆက်တိုက်ပြောလိုက်သည်။ အကယ်၍ လွန်ခဲ့သည့်အခိုက်အတန့်လောက်က ယခုလို အပြောခံရပါက သူမ စိတ်အခြေအနေပိုဆိုးရွားနေပေလိမ့်မည်။

သို့သော် ယခုတွင်တော့ ဇီယန်သည် မျက်ခုံးကို အနည်းငယ်တွန့်ကာ တင်းမာသည့်လေသံဖြင့် ပြောလိုက်သည်။

"ကျွန်မ ဘာမှ မမှားဘူး"

"နင်က ဘာမှ မမှားဘူးပေါ့။ ဒါဆို ငါ့အမှားလား။ နင် ဘာတွေ ပြောနေတာလဲ။ နင်က ဒီနယ်ပယ်က ထွက်ချင်နေတာလား" မိန်ချီက ဒေါသတကြီးပြောသည်။

ဇီယန်သည် မိန်ချီ၏စကားကို ကြားသည့်အခါ အနည်းငယ် စိတ်ပျက်သွား၏။ မိန်ချီသည် လွန်ခဲ့သည့်နှစ်များက သူမအပေါ်အလွန် ကြင်နာခဲ့သော်လည်း ယခုတော့ သူမ တော်ဝင်အန်တာတိတ်မန့်သို့ ပြန်လာရန် ရွေးချယ်ခဲ့သည်က မှန်ကန်ပါသေးရဲ့လား...။

ဇီယန် ၎င်းကို စတင်၍ သံသယဝင်လာသည်။ ဖုန်းကို ကိုင်ထားရင်း အေးစက်စွာ ပြောလိုက်သည်။ "ကျွန်မရဲ့ သဘောထားကို ရှင်းရှင်းလင်းလင်းပြောပြီးပြီလို့ထင်တယ်"

သူမ ပြောပြီးသည် ဖုန်းချလိုက်သည်။

အခြားတစ်ဖက်ရှိ ဟောင်ကောင် တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီ မိန်ချီ၏ရုံးခန်းတွင် ဖုန်းထဲမှ မြည်သံကို ကြားလိုက်ရသည့်အခါ မိန်ချီ မျက်လုံးပြူးကျယ်သွားသည်။

“နင့်ရဲ့အတောင်ပံတွေက ပျံသန်းဖို့တောင် လုံလောက်အောင် မသန်မာတဲ့အချိန်မှာ နင်က ဖုန်းချသွားရဲသေးတာလား”

ဤအချိန်တွင် မိန်ချီ အမှန်တကယ် အနည်းငယ် ဒေါသထွက်နေခဲ့သည်။

“ဟားဟား…ငါ အဲ့လို ဒေါသကို ကြိုက်တယ်။ သူမက ပိုပြီး အေးစက် မာနကြီးလေ ငါ သူမကို အနိုင်ယူချင်လေပဲ” လီချန်းသည် ဆိုဖာပေါ်တွင် ထိုင်ရင်း အဓိပ္ပာယ်ပါပါပြုံးကာ ပြောလိုက်သည်။

"သူမရဲ့သဘောထားက လုံးဝ စိတ်ပိုင်းဖြတ်ထားတဲ့ပုံပဲ။ ကျွန်မတို့ သူမကို ဖိအားပေးတာ အရမ်းများသွားလား။ တကယ်လို့ ကျွန်မတို့ပါ သူမနဲ့ သဘောထားကွဲလွဲမှုများရင်…"

"သဘောထားကွဲလွဲမှာလား။ ဘယ်လိုဟာသလဲ" လီချန်း၏မျက်လုံးများက ကျဉ်းမြောင်းသွားပြီး နှာခေါင်းရှုံ့ကာ "သူမက ငါတို့နဲ့ သုံးနှစ်စာချုပ်ချုပ်ထားတာကို မမေ့နဲ့။ သူမ ထွက်သွားချင်ရင်တော့ ရော်ကြေးငွေ သန်း ၃၀၀ တတ်နိုင်မှာမဟုတ်ဘူး။ စိတ်အေးအေးထားပြီး နောက်မှ သူမကို နှစ်သိမ့်ဖို့ ဖုန်းဆက်လိုက်ပါ။ သူမ ပေကျင်းကို ရောက်လာတဲ့အခါကျမှ ပိုပြီးပြင်းထန်တဲ့ ထိုးနှက်ချက်ပေးလိုက်မယ်။ သူမရဲ့အဖြစ်မှန်ကို သတိတဲ့အခါကျရင် အဆက်အသွယ်တွေရဲ့ အရေးပါမှုကို နားလည်လာလိမ့်မယ်။ သူမ ငါ့ကို အကူအညီတောင်းလာမဲ့နေ့ကို ငါစောင့်နေမယ် ဟားဟားဟား…"

"ဒါဆို ကျွန်မ ဖုန်းခေါ်လိုက်မယ်" မိန်ချီသည် လီချန်းအား မျက်စောင်းထိုးကာ ဇီယန်၏နံပါတ်ကို ထပ်မံခေါ်ဆိုလိုက်သည်။

"ဟေး...ဇီယန် ခုဏက ငါပြောတာ အရမ်းလေသွားလို့ပါ။ နင်သိတဲ့အတိုင်းပဲ အစီအစဉ်တစ်ခုမှာ ပါခွင့်ရဖို့က မလွယ်ဘူးလေ။ အခု ဘာတွေဖြစ်ခဲ့လဲဆိုတာ ငါသိပြီးပြီ။ သူတို့ပြောတာက အရမ်းလွန်လွန်းတယ်။ ဒီတစ်ခါတော့ ထားလိုက်တော့။ နင့်ရဲ့စိတ်အခြေအနေကို ကောင်းကောင်းပြင်ဆင်ထားလိုက်ပါ။ မကြာခင် ရက်ပိုင်းအတွင်း ပေကျင်းက အစီအစဉ်မှာ အကောင်းဆုံးဖြစ်အောင် လုပ်လိုက်။ အစ်မမိန် နင့်ဆီက သတင်းကောင်းကို စောင့်နေမယ်"

.......

-အပိုင်း(၂၀၀) ပြီး

wunzinnosp

## အပိုင်း(၂၀၁) ဒီကိုလာ ဝမ်ရိဟန်

ကျန်းဟန်သည် မုန့်မုန့်နှင့်အတူ တစ်နေ့ခင်းလုံး လဆန်းတောင်တွင် နေပေးခဲ့၏။

မင်းသမီးလေးတွင် အချိန်ကောင်းလေးများရှိခဲ့၏။ သူမလေးသည် နဖူးပေါ်မှ ချွေးများတလိမ့်လိမ့်ကျသည်အထိ ဆော့ကစားနေခဲ့သည်။

"မုန့်မုန့်ရေ ပြန်ဖို့အချိန်ကျပြီ"

ကျန်းဟန်သည် နာရီအား တစ်ချက်ကြည့်လိုက်သည်။ ငါးနာရီထိုးခါနီးပြီဖြစ်၍ ကြက်လေးကောင်၊ အာလူးအချို့နှင့် အခြား ဟင်းချက်စရာအနည်းငယ်ကို သွားယူလိုက်သည်။ ထို့နောက် မုန့်မုန့်ထံသို့ ပြုံးကာ ပြန်လျှောက်သွားသည်။

"အိုး...ကောင်းပြီ။ ဒါဆို တာဟေး၊ ရှောင်ဟေး ဟူကြီး ဟူလေး တာ့တာ့။ မုန့်မုန့်က ပြန်တော့မယ်နော်။

နောက်တစ်ခေါက်ကျမှ နင်တို့နဲ့ အတူတူဆော့တော့မယ်" မုန့်မုန့်သည် သူမလက်ကလေးအား ဝှေ့ယမ်းပြလိုက်သည်။

"ဝူး ဝူး ဝခေး"

တာပေါ်းသည် သူ၏လက်ဖဝါးကြီးနှစ်ဖက်ကို တံ့ဆိုင်းစွာ ဝှေ့ယမ်းပြနေသော်လည်း သူ၏အကြည့်များက မွေးမြူရေးဧရိယာဘက်သို့ ရောက်ရှိနေသည်။ သူ ဗိုက်ဆာနေလေပြီ...။

ရှောင်ပေါ်းသည် သူ၏လျှာကြီးအား ထုတ်ကာ ခုန်ပေါက်၍ မုန့်မုန့်၏နောက်သို့ လိုက်လာသည်။

တာပေါ်းနှင့် ရှောင်ပေါ်းတို့သည် ကျန်းဟန်နှင့် မုန့်မုန့်အား တောင်အောက်သို့လိုက်ပို့ပြီး သူတို့ကားပေါ်တက်ကာ မြင်ကွင်းမှ ကားလေးပျောက်သွားသည့်အချိန်ထိ တောစပ်တွင် ရပ်ကာ ကြည့်နေခဲ့ကြသည်။

သူတို့အတွက် အပျော်ရွှင်ဆုံးအချိန်သည် သခင်နှင့် သခင်မလေးရောက်လာသည့်အချိန်ပင်ဖြစ်သည်။

“ဝူး ဝူး ဝူး”

တာဟေးသည် နှုတ်ခမ်းသပ်လိုက်ပြီး မျက်လုံးများက ရှောင်ဟေးအား စိုက်ကြည့်ကာ အစာစားရန် အချက်ပြသည်။

“ဝုတ် ဝုတ်” ရှောဟေးက ဗှစ်ကနဲ နောက်သို့ ပြန်ပြေး၏။

“ဝူး…”

တာဟေးသည် နောက်ပြန်လှည့်ကာ မင်းဘာလို့ ဒီလောက်မြန်မြန်ပြေးသွားတာလဲဟူ၍ အော်လိုက်၏။

နှစ်ကြိမ်အော်ခေါ်လိုက်ပြီးနောက်တွင် တာဟေးသည်လည်း ပြန်ပြေးသွားကာ သူတို့၏စားတော်ပွဲက အဆင်သင့်ဖြစ်သွားလေသည်။

လူသားများအတွက် နေ့တိုင်း အသားစားချင်းက အနည်းငယ် ဝိတ်တက်လာစေနိုင်သော်လည်း

တာဟေးနှင့်ရှောင်ဟေးသည်တော့ ထိုသို့ မတွေးပေ။ တောင်ပေါ်တွင် တိရစ္ဆာန်များ အကောင်ရေတိုးလာသည့်အတွက် သူတို့နှစ်ကောင်မှာ စိတ်လွတ်ကိုယ်လွတ်စားသောက်ကြသည်။ ယနေ့ ဝက်သားကင်လျှင် နောက်တစ်နေ့ သိုးသားကင်စားကြ၏။

တာဟေးသည် သူနှစ်ပေါင်းများစွာ စားလာခဲ့သည့် အသီးအနှံများ၏အရသာကိုပင် မေ့လျော့နေခဲ့သည်။

ကျန်းဟန်နှင့် မုန့်မုန့်တို့ စားသောက်ဆိုင်သို့ ပြန်ရောက်လာပြီးနောက် ကျောက်ဖုန်းသည် မတ်တပ်ထရပ်ကာ သူတို့ဆီသွားသည်။ သူသည် တစ်နေ့ခင်းလုံး လျန်မုန့်ချီ၏ WeChat တွင် မွှေနှောက် ကြည့်ရှုနေခဲ့၏။

"သူဌေး သူတို့သုံးယောက်က အခြေအနေကို ရိုးရိုးရှင်းရှင်းပဲ မေးသွားတယ်။ ကြည့်ရတာ သူတို့ ရတနာတွေကို ပြန်လိုချင်နေတဲ့ပုံပဲ။ ဒါပေမယ့် ဒီတစ်ကြိမ်

သူတို့ မအောင်မြင်တဲ့အတွက် နောက်တစ်ကြိမ်ဆို ပိုပြီး အားကောင်းတဲ့သူကို လွှတ်လိုက်နိုင်တယ်။ အစောပိုင်းက ငါ နည်းပြလျှိုကို ဖုန်းခေါ်ကြည့်တော့ ခုလာတဲ့သူတွေက ဟောင်ကောင်လုံခြုံရေးဗျူရိုရဲ့ စီနီယာအဖွဲ့ဝင်တွေ ဖြစ်လိမ့်မယ်တဲ့" ကျောက်ဖုန်းက အခြေအနေကို ရှင်းရှင်းလင်းလင်းပြောသည်။

"ကောင်းပြီ"

ကျန်းဟန်က လုံးဝ ဂရုမစိုက်ပေ။ သူသည် အိတ်ကို ကျောက်ဖုန်းအား ပေးလိုက်ပြီး "ဒီမှာ ကြက်လေးကောင်ပါတယ်။ ဘေးခြံက စားသောက်ဆိုင်မှာ သွားပြီး သန့်ရှင်းရေးလုပ်ခိုင်းလိုက်ပါ"

"ဟုတ်ကဲ့ပါ"

ကျောက်ဖုန်း၏မျက်နှာမှာ အနည်းငယ်ရှုံ့မဲ့သွားပြီး အိတ်ကိုယူကာ ဘေးခြံစားသောက်ဆိုင်သို့ ထွက်သွားပြီးနောက် တိုးတိုးလေး ရေရွတ်လိုက်သည်။

"ကြည့်ရတာ နောက်ဆိုရင် ဒီလိုမျိုး အသေးအမွှာကိစ္စလေးတွေကို ဆရာ့ကို ပြောဖို့မလိုလောက်ဘူး။ သူက လုံးဝကို ဂရုမစိုက်တာ။ တကယ်လုံးဝ ဂရုမစိုက်ဘူး"

စားသောက်ဆိုင်ထဲတွင်တော့ ကျန်းဟန်သည် မုန့်မုန့်အား ချီကာ ဆိုဖာနားသို့ လျှောက်သွားပြီး မုန့်မုန့်ကို ဆိုဖာပေါ်တင်ပေးလိုက်သည်။

"မုန့်မုန့် ဒီမှာ ခဏကစားနေဦးနော်။ ဖေဖေ ညစာ ချက်လိုက်ဦးမယ်"

"ဟုတ် မုန့်မုန့် ကာတွန်းကား ကြည့်ချင်တယ်"

"အင်း" ကျန်းဟန်က ပြုံးကာ မုန့်မုန့်၏ခေါင်းလေးအား ပုတ်လိုက်ပြီး လက်ဖက်ရည်စားပွဲနားသို့ သွားကာ ရီမုဒ်ကို ကောက်ယူလိုက်ပြီး တီဗီဖွင့်လိုက်သည်။

ကလေးချန်နယ်တွင် ပေါ်ပြူလာဖြစ်သည့် ကာတွန်းကားကို ပြသနေသဖြင့် မုန့်မုန့်သည် ၎င်းအား စိတ်ဝင်တစားကြည့်နေလေတော့သည်။

ကျန်းဟန်သည် မီးဖိုချောင်ကောင်တာသို့သွားကာ ထမင်းအိုးတည်သည်။ ပြီးနောက် အာလူး၊ ပဲ၊ ခရမ်းသီး နှင့် အခြားပါင်ပစ္စည်းများကို ယူလိုက်၏။

ဆယ်မိနစ်ခန့်ကြာသည့်အခါ ကျောက်ဖုန်းသည် သန့်စင်ကိုယ်တွယ်ထားသည့် ကြက်လေးကောင်နှင့်အတူ ပြန်ရောက်လာ၏။

ကျန်းဟန်သည် ကြက်လေးကောက်ကိုယူကာ ဓားကိုဆွဲကိုင်၍ ကြက်တောင်ပံများကို ဂရုတစိုက် ခုတ်ဖြတ်လိုက်ပြီး အသင့်အတင့်အရွယ်အစား အတုံးလေးများ ပိုင်းလိုက်သည်။ ကြက်လေးကောင်မှ အတောင်ပံရှစ်ချောင်းကိုသုံး၍ ဂန္တဝင်ဟင်းချာဖြစ်သည့် ကိုလာကြက်တောင်ပံကို ချက်ပြုတ်နိုင်သည်။

အပိုင်းပိုင်းတစ်လိုက်ပြီးနောက် ကျန်းဟန်သည် ဒယ်အိုးကြီးတစ်လုံးကိုယူကာ မီးဖိုပေါ်တင်၍ မီးဖွင့်လိုက်သည်။ အိုးထဲသို့ ဆီအနည်းငယ် လောင်းထည့်ကာ ကြက်သားတုံးများအား ထည့်လိုက်သည်။

ကြက်လေးကောင်နှင့်အိုး၏အလေးချိန်မှာ ကီလို ၄၀ ခန့်ရှိသဖြင့် သာမာန်လူတစ်ယောက်သည် ၎င်းအား ကိုင်မရနိုင်မဖြစ်နိုင်ပေ။ သို့သော် ကျန်းဟန်အတွက်မူ အိုးမှာ ပေါ့ပေါ့ပါးပါးပင်ရှိ၏။ သူသည် အဆက်မပြတ်မွှေနေသည်။ ထိုနောက် ကြက်သားတုံးများကို နှပ်ရန် ဟင်းခတ်အချို့နှင့်ရေအနည်းငယ် ထည့်သည်။

အစားအသောက်များစွာကို တစ်ကြိမ်တည်းချက်ပြုတ်သည်အား အိုးကြီးဟင်းလျာဟု ခေါ်နိုင်သည်။ ပြောရမည်ဆိုလျှင် အိုးကြီးဟင်းလျာ၏ ၉၀ ရာခိုင်နှုန်းသည် ပုံမှန်ဟင်းပွဲလေးများလောက်

အရသာသာမရှိပေ။ ၎င်းကလည်း ချက်ပြုတ်နိုင်စွမ်းကို မေးခွန်းထုတ်ရမည်ပင်။

တကယ်တမ်းတွင် အချို့သော အိုးကြီးဟင်းလျာများက အလွန်အရသာရှိချေ၏။ ကြက်လေးကောင်ပေါင်းထည့်ထားသည့် အိုးကြီးဟင်းလျာနှင့်ဆင်တူသော်လည်း ၎င်းတို့အား ချက်ပြုတ်သည့်အကြိမ်တိုင်းတွင် အရသာအရှိဆုံးဖြစ်သည်။ အကြောင်းမှာ ပါဝင်ပစ္စည်းများကောင်းမွန်ရုံသာမက ကျန်းဟန်သည် ပါဝင်ပစ္စည်းများအား ကောင်းစွာကိုင်းတွယ်နိုင်သည့်အတွက်ကြောင့် ဖြစ်သည်။

ညနေ ၅ နာရီ ၃၀ မိနစ်ခန့်တွင် ကြက်သား စတင်၍ နပ်သည်။ စားသုံးသူအချို့လည်း အသီးသီးရောက်ရှိလာကြ၏။ ငါးမိနစ်ခန့်အကြာတွင် စားပွဲအဖြူသုံးလုံးမှာ လူပြည့်သွားလေသည်။

စောစောထတဲ့ငှက် အစာရတယ် တဲ့။ ဤစကားမှာ အလွန်ကို ကျိုးကြောင်းသင့်ပေသည်။ နာရီဝက်ခန့်စော၍ လာခဲ့လျှင် အရင်ဆုံးစားနိုင်ကြောင်း လူများသိကြ၏။ အနည်းငယ်နောက်ကျသွားခဲ့လျှင် တန်းစီ၍ စောင့်နေရပေမည်။

နောက် ၁၀ မိနစ်ခန့်အကြာတွင် ဆိုင်ရှေ့၌ လူ ခုနှစ်ယောက် ရှစ်ယောက်ခန့် ထိုင်၍တန်းစီနေကြပြီး ထိုထဲမှ တစ်ယောက်မှ နေ့ခင်းက လာစားသည့် လင်း၅ွယ်ပင်ဖြစ်သည်။

နေ့လည်စာမှာ သူမအတွက် တကယ်ကို အံ့သြစရာကောင်းသည့် အတွေ့အကြုံပင်။ ဟောင်ကောင်ရှိ နာမည်ကြီး ထိပ်တန်းစားသောက်ဆိုင်များမှလွဲ၍ စားသောက်ဆိုင်ငယ်လေးများနှင့် လမ်းဘေးအစားအသောက်များတွင် တကယ်အရသာရှိသည့်အစားအသောက်များကို

လင်းရှယ်တွေ့ဖူးသော်လည်း ဤဆိုင်မှ အတွေ့အကြုံနှင့် လုံးဝ မယှဉ်နိုင်ချေ။

ဤသည်က သူမအတွက် ဖော်ပြ၍မရနိုင်သည့် ခံစားချက်တစ်ခုပင်။ သူမ၏စိတ်နှလုံးမှာ ဟင်းလျာထဲသို့ လုံးဝ စီးမြောနစ်ဝင်သွားပြီး မတွေ့ကြုံပြားသည့်နေရာတစ်ခုသို့ ရောက်ရှိသွားသလို ခံစားလိုက်ရကာ အချိန်များကုန်လွန်သွားသည်ကို သူမ သတိမထားမိလိုက်ချေ။ နေ့လည်က ပြန်လာသည့်အချိန်တွင် ညနေစာလည်း ပြန်လာစားရန် စိတ်ကူးထားခဲ့သည်။ စောစောကြို၍ လာခဲ့သော်လည်း တန်းစီနေရလိမ့်ဦးမည်ဟု မမျှော်လင့်ထားမိပေ။

မိနစ်အနည်းငယ်အကြာတွင် မြင်ရခဲလှသည့် Posche-Cayenne ကားသည် ဆိုင်ရှေ့ ကွက်လပ်တွင် ရပ်သွားသည်။

ဝမ်းကျားဝမ်၏မိသားစု ပြန်ရောက်လာပေပြီ။

ပုံမှန်အချိန်ဇယားအရ ဝမ်ရီဟန်၏အဖိုးဆီသို့ သုံးရက်ခန့်သွားနေလိမ့်မည်ဖြစ်သော်လည်း မွေ့နေ့ပွဲပြီးသည်နှင့် ဝမ်ရီဟန်မှာ အစားအသောက်များက အရသာမရှိ၍ မစားချင်ကြောင်း ပြောလေသည်။ သူမသည် မုန့်မုန့်နှင့် အတူကစားကာ အရသာရှိသည့်အစားအသောက်များ စားရန် ဟောင်ကောင်သို့ ပြန်ချင်နေခဲ့သည်။

ပထမတွင် စုယွီက သဘောမတူသော်လည်း ဝမ်ရီဟန်မှာ မြေကြီးပဲလှဲချ၍ ငိုယိုပြီးနောက် စုယွီမှာ စိတ်တိုသော်လည်း ဘာမှမတတ်နိုင်ဟန်ဖြင့် သဘောတူလိုက်ရသည်။

သူတို့ ယနေ့ ပြန်လာပြီးနောက် ဝမ်ချမ်း၏အိမ်သို့ ရောက်သွားခဲ့သည်။ သူတို့ ထိုင်ခုံပေါ် ဖင်မထိုင်ရသေးခင်မှာပင် ဝမ်ရီဟန်က စားသောက်ဆိုင်သို့သွားရန် လောဆော်နေသဖြင့် ပုံမှန်ထက် များစွာစောကာ ရောက်လာခဲ့သည်။

"မုန့်မုန့်ရေ မုန့်မုန့်၊ မုန့်မုန့်ရေ ငါ နင်နဲ့ကစားဖို့ ရောက်လာပြီ" ကားပေါ်မှဆင်းသည်နှင့် ဝမ်ရီဟန်သည် စားသောက်ဆိုင်ဆီသို့ ပြေးသွားခဲ့သည်။ ပြေးလွှားနေရင်း သူမ၏ပါးဖောင်းဖောင်းလေးများမှာ တတုန်တုန်ဖြစ်နေသည်မှာ အလွန်ချစ်စရာကောင်းလေ၏။

သူမ ဆိုင်ထဲသို့ ဝင်ပြီးနောက် အော်ပြောလိုက်လေ၏။ "မုန့်မုန့် ငါရောက်ပြီ"

"အိုး" မုန့်မုန့်မှာ ဆိုဖာပေါ်မှ ထရပ်လိုက်ပြီး ကာတွန်းကားကိုပင် မေ့သွားခဲ့သည်။ သူမသည် အသံလာရာကို ကြည့်လိုက်ရာ ဝမ်ရီဟန်ကို တွေ့လိုက်ပြီး မျက်လုံးများတောက်ပလာသည်။ "ဟိုင်း ရီဟန် ပြန်လာပြီလား။ ငါ ဒီမှာ မြန်မြန်လာလာ"

"ဟီးဟီးဟီး...ငါလာပြီ" ဝမ်ရီဟန် အကြိမ်အနည်းငယ် ရယ်မောလိုက်ပြီး ဆိုဖာဆီသို့ အမြန်ပြေးသွားလေသည်။ သူမသည် ဆိုဖာပေါ်ခုန်တက်လိုက်ပြီး မုန့်မုန့်၏ဘေးတွင်

ဝင်ထိုင်လိုက်၏။ သူမက မုန့်မုန့်အား စိုက်ကြည့်ရင်း ပြုံးကာ "မုန့်မုန့် ငါနင့်ကို လွမ်းနေတာ"

"ငါလည်း နင့်ကိုလွမ်းနေတာ" မုန့်မုန့်၏တောက်ပသည့်မျက်လုံးများက သူမ၏ပျော်ရွှင်မှုကို ဖော်ပြနေသည်။

"ငါ...ငါ...ဒီက အရသာရှိတဲ့ အစားအသောက်တွေကိုလည်း လွမ်းတယ်။ နင့်ရဲ့ဖေဖေ ချက်ထားတဲ့အစားအသောက်တွေက အရမ်းအရသာရှိတယ်" ဝမ်ရီဟန်က ရှက်ရွံ့စွာပြောရင်း ကျွန်းဟန်အား ကြည်ညိုလေးစားသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

မုန့်မုန့်သည် သူမ၏ကြည်ညိုလေးစားနေသည့်အကြည့်များကို တွေ့လိုက်ရသဖြင့် ဂုဏ်ယူသွားသည်။ သူမလေးသည် တခစ်ခစ်ရယ်မောရင်း ပြောလိုက်သည်။ "ငါ့ရဲ့ဖေဖေက

အကောင်းဆုံးပဲ။ ခစ်ခစ်..ငါ့ရဲ့ဖေဖေက အခု ကြက်သားဟင်းချက်နေတာ။ အရမ်းအရသာရှိတယ်”

“အရမ်းကောင်းတယ်။ ငါ အသားကြိုက်တယ်။ ဟီးဟီး...” ဝမ်ရှီဟန်သည် အပြုံးလေးဖြင့် သူမ၏ရွှင်မြူးမှုကို ပြသနေသည်။ ကလေးများအတွက် အရသာရှိသည့်အစားအသောက်များကို စားရသည်က ပျော်ရွှင်ဖွယ်ရာပင်။

“အိုး...” ရုတ်တရက် မုန့်မုန့်သည် တစ်စုံတစ်ရာအား သတိသွား၏။ သူမသည် ဆိုဖာပေါ်ထရပ်ကာ ကျွန်းဟန်ကြည့်လိုက်ပြီး “ဖေဖေ ဖေဖေ သမီး ရှီဟန်ကို ဝက်ပေါင်ခြောက် ကျွေးချင်တယ်”

ထိုသို့ပြောပြီးနောက် မုန့်မုန့်သည် ဝမ်ရှီဟန်အားကြည့်ကာ “ငါ့ဖေဖေလုပ်ထားတဲ့ ဝက်ပေါင်ခြောက်က အရမ်းအရသာရှိတယ်” ဟု ပြောလိုက်၏။

မုန့်မုန့်ပြောသည့် ဝက်ပေါင်ခြောက်ဆိုသည်မှာ ဝက်အူချောင်းအား ဆိုလိုခြင်းဖြစ်လေသည်။

၎င်းကို ကြားသည့်အခါ ကျန်းဟန်က ပြုံးလိုက်ကာ အနီရောင်ဝက်အူချောင်းတစ်ခုကို ထုတ်ယူ နှစ်ပိုင်းပိုင်းလိုက်ပြီး သူမလေးတို့ဆီသို့ လျှောက်သွားသည်။

မူလက ကျန်းဟန်သည် မုန့်မုန့်နှင့် ဝမ်ရီဟန်အား တစ်ခုစီပေးချင်သော်လည်း မုန့်မုန့်က လက်ကလေးဖြန့်၍ "သမီးကိုပေး သမီးကိုပေး" ဟု တောင်းလေသည်။

ထို့ကြောင့် ကျန်းဟန်က ဝက်အူချောင်းနှစ်ခုလုံးကို မုန့်မုန့်အား ပေးလိုက်၏။ မုန့်မုန့်သည် ၎င်းတို့အား လက်ထဲတွင် ကိုင်ထားသည်။ ဝမ်ရီဟန်၏ မျှော်လင့်နေသည့်မျက်လုံးများကို ကြည့်ရင်း သူမသည် တစ်ခုကို ကမ်းပေးလိုက်ကာ "ရီဟန် ငါ နင့်ကို တစ်ခုပေးမယ်"

"ကျေးဇူးပါ မုန့်မုန့်။ နင်က အရမ်းသဘောကောင်းတာပဲ"

ဝမ်ရီဟန်သည် ၎င်းအား ယူလိုက်ပြီးနောက် မျက်လုံးများက တောက်ပလာသည်။ မုန့်မုန့်သည် သူမအတွက် နတ်သမီးလေးတစ်ပါးကဲ့သို့ပင်။

သူမသည် စသကားပြောနေရင်းဖြင့် မုန့်မုန့်ဆီသို့ ခေါင်းလေးငုံကာ မုန့်မုန့်၏မျက်နှာကို နမ်းရန်ပြင်လိုက်သည်။

မုန့်မုန့်သည် သူမ၏မျက်လုံးဝိုင်းကြီးများကို မှိတ်ထားကာ ငြင်းဆန်မည့်ဟန်မပေါ်ပေ။

သို့သော် ကျန်းဟန်သည်တော့ အနည်းငယ် ကြောင်အသွား၏။ သူသည် လက်ဖဝါးကို ချက်ချင်းဆန့်ထုတ်၍ ဝမ်ရီဟန်အား တားလိုက်ရာ သူ၏လက်ဖမိုးကို နမ်းမိသွားသည်။

“အာ...” ဝမ်ရီဟန်မှာ အေးခဲသွားပြီး ကျန်းဟန်အား အူကြောင်ကြောင် ကြည့်နေလေသည်။

ကျန်းဟန်သည် ဝမ်ရီဟန်အား တစ်ချက်ကြည့်လိုက်ပြီး ပြုံးကာ တိုးတိုးလေးပြောလိုက်သည်။

"မင်းတို့ တစ်ယောက်နဲ့တစ်ယောက် သဘောကျလို့ရပေမယ့် နမ်းလို့တော့မရဘူး"

ထိုနောက် ကျန်းဟန်သည် မုန့်မုန့်အား ကြည့်ကာ "မုန့်မုန့် ဖေဖေ ပြောထားတာ မေ့သွားပြီလား"

ဝမ်ရီဟန်သည် မုန့်မုန့်၏မျက်နှာအား နမ်းချင်သည့် ကလေးမလေးဖြစ်သည်။ ကျန်းဟန်သည် ခဏလောက်တုံ့ဆိုင်းသွားသော်လည်း ၎င်းကိုစဉ်းစားပြီးနောက်တွင် ထိုအပြုအမူမျိုးကို တားဆီးသင့်သည်ဟု ခံစားလိုက်ရသည်။

သုံးလေးနှစ်အရွယ်ကလေးငယ်များသည် ၎င်းတို့၏ချစ်ခြင်းမေတ္တာကို အချင်းချင်းနမ်း၍ ဖော်ကြသည်က ပုံမှန်ပင်။ သို့သော် ကျန်းဟန်သည် ကြိုတင်ကာကွယ်မှုအသိပညာကို ငယ်စဉ်ကတည်းက

သင်ယူထားသင့်သည်ဟု ယူဆ၏။ ပထမအချက် နောင်အနာဂတ်တွင် ပြဿနာဖြစ်မည်ကို စိုးရိမ်သည်။ ဒုတိယအချက်သည်ကား ကျန်းဟန်သည် မုန့်မုန့်အား အခြားသူများ နမ်းမည်ကို သဘောမကျ၍ဖြစ်ပေသည်။

ထို့ကြောင့် အဆုံးတွင် ကျန်းဟန်က သူမအား လက်ဖြင့် တားလိုက်ခြင်းဖြစ်သည်။

မုန့်မုန့်သည် သူ၏စကားကိုကြားသည့်အခါ မျက်လုံးများ တောက်ပသွားပြီး စတင်စဉ်းစားလိုက်သည်။ သူမသည် နှုတ်ခမ်းလေးကို ကိုက်ကာ "အင်း...ဖေဖေပြောတာ ယောက်ျားလေးတွေကို နမ်းခွင့်မပေးရဘူးလို့ပြောတာ။ ဒါပေမယ့် ရီဟန်က မိန်းကလေးလေ"

မုန့်မုန့်၏စကားကိုကြားသည့်အခါ ကျန်းဟန်က ခေါင်းယမ်းလိုက်သည်။

ဝမ်ရီဟန်သည် ကျန်းဟန်၏တင်းမာသည့်အကြည့်ကို မြင်သည့်အခါ နှုတ်ခမ်းလေးစူသွားပြီး အနည်းငယ် ဝမ်းနည်းသွား၏။

ကံကောင်းစွာဖြင့်ပင် မုန့်မုန့်က ချက်ချင်းပြောလိုက်သည်။ "အင်း…ရီဟန်က သမီးရဲ့သူငယ်ချင်းလေ။ သမီးသူ့ကို ဖက်လို့ရမလား"

"ဒါပေါ့" ကျန်းဟန်က ပြုံးလိုက်သည်။

"အမ်ဟမ်..ရီဟန် ဖက်ရအောင်" မုန့်မုန့်သည် ရီဟန်ဆီသို့ အလွန်နွေးထွေးစွာမှီလိုက်ပြီး သူမအား ပွေ့ဖက်ထားလိုက်သည်။

ဝမ်ရီဟန်မှာ ကျေနပ်သွားပြီး ပြန်၍ပြုံးလိုက်၏။

"ကောင်းပြီ မုန့်မုန့် သမီး ရီဟန်နဲ့ ကစားလိုက်ဦး။ ခဏနေရင် ဖေဖေ သမီးတို့ကို

ကိုလာကြက်တောင်ပံလုပ်ပေးမယ်” ကျန်းဟန် ပြုံး၍ ပြောလိုက်သည်။

-အပိုင်း(၂၀၁) ပြီး

wunzinnosp

## အပိုင်း(၂၀၂) ကိုလာကြက်တောင်ပံ

“ဝိုး ကိုလာကြက်တောင်ပံအရမ်းကြိုက်တယ်” ဝမ်ရီဟန်၏မျက်လုံးများမှာ တောက်ပသွားပြီး ကျန်းဟန်အား စိတ်လှုပ်ရှားစွာ ကြည့်လိုက်သည်။

ကျန်းဟန်၏နှုတ်ခမ်းမှာ အနည်းငယ် တွန့်သွားပြီး “ဒါဆို ခဏနေရင် စားလို့ရပြီ”

တစ်ချိန်တည်းမှာပင် ဤအစားသောင်းကြမ်းသူလေးများရှိနေမည်ကို သိရှိပါက ကြက်ကောင်ရေများများ ယူလာရမည်ဟု စိတ်ထဲတွင်

ရေရွတ်လိုက်သည်။ ကြက်တောင်ပံရှစ်ခု အင်း...လောက်မယ်မထင်ဘူး...။

“ရိုဟန် ဝက်ပေါင်ခြောက်ကို စားကြည့်ဦး” ဝမ်ရိုဟန် မစားရသေးသည်ကို မြင်တော့ မုန့်မုန့်က သူ့မအား တိုက်တွန်းလိုက်သည်။

မင်းသမီးလေးသည် အစားအစာများကို စားကြည့်ပြီးနောက် အခြားသူများ၏ချီကျူးစကားကို နားထောင်ရသည်အား သဘောကျပေသည်။

မုန့်မုန့်၏တောက်ပသည့်အကြည့်များအောက်တွင် ဝမ်ရိုဟန်က အလျင်အမြန်ကိုက်လိုက်၏။ ထိုနောက် အရသာက ဝမ်ရိုဟန်၏မျက်လုံးများကို ပြူးကျယ်သွားစေသည်။

“ဝိုး... အရမ်းအရသာရှိတယ်” ဝမ်ရိုဟန်က ဗလုံးဗထွေးအသံဖြင့် ချီးကျူးလိုက်၏။

ချီးကျူးစကားကိုကြားပြီးနောက် မုန့်မုန့်သည် အလွန်ကျေနပ်သွားပြီး သူမ၏မျက်လုံးများက အပြုံးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်။

ထိုအချိန်တွင် ဝမ်ကျားဝမ်နှင့် အခြားသူများနှင့်အတူ လက်ထဲတွင် အကောင်းစား သစ်သီးများဖြင့် ပြည့်နေသော အိတ်ကြီးနှစ်လုံးကိုကိုင်ကာ ဝင်လာကြသည်။ သူ၏ဘေးတွင် စုယွီသည် ကစားစရာအရုပ်မျိုးစုံဖြင့်ပြည့်နေသော အိတ်ကြီးနှစ်လုံဂကို ကိုင်ထား၏။

"မင်္ဂလာပါ မစ္စတာကျန်း" ဝမ်ကျားဝမ်က နွေးထွေးသည့်အပြုံးဖြင့် ပြောလိုက်သည်။ "မစ္စတာကျန်းရဲ့ ဟင်းချက်လက်ရာက အံ့မခန်းပဲ။ တကယ်ကို အံ့သြဖို့ကောင်းတယ်။ ငါတို့ ဒီကပြန်သွားပြီးကတည်းက တခြားဆိုင်က ဟင်းတွေဆို အရသာမရှိသလောက်ပဲ။ ကလေးမဆိုရင် သူ့အဘိုးမွေးနေ့ပြီးတာနဲ့ ဒီကိုပြန်လာဖို့

ပူဆာနေတော့တာ။ မင်းကို ဒုက္ခပေးမိတဲ့အတွက် တောင်းပန်ပါတယ်”

“ရပါတယ်” ကျန်းဟန်က ပြုံးကာ ပြန်ပြောသည်။

တစ်ဖက်တွင် ထိုင်နေသည့် ကျောက်ဖုန်းမှာ ၎င်းကိုမြင်တော့ အမြန်ထကာ လျှောက်သွားလိုက်သည်။ သူသည် သစ်သီးများနှင့် အရုပ်များကိုယူလိုက်ပြီး “မုန့်မုန့် သစ်သီးစားချင်လား” ဟုမေးလိုက်သည်။

“အင်း…” မုန့်မုန့်က ခဏလောက် စဉ်းစားပြီး “ကောင်းပြီး လိမ္မော်သီးသေးသေးလေးတစ်လုံး ချိုတဲ့တစ်ခုကို ယူမယ်” ဟု တိုးတိုးလေးပြောလိုက်သည်။

“သကြားလိမ္မော်သီးလား” ကျောက်ဖုန်းက သစ်သီးအိတ်ထဲသို့ကြည့်လိုက်ရာ လိမ္မောသီးသေးသေးလေးများကို တွေ့လိုက်ရသည်။ အိတ်ကိုဖွင့်ကာ ကလေးနှစ်ယောက်အတွက် အနည်းငယ် ထုတ်ယူလိုက်သည်။

"ညစာစားချိန်နီးပြီ။ သမီးတို့နှစ်ယောက် အသီးတွေလျှော့စားသင့်တယ်" ကျန်းဟန်က သတိပေးသည်။

ကလေးများသည် ပုံမှန်အားဖြင့် အစားနည်းကြပြီး စောစောက ဝက်အူချောင်းတစ်ပိုင်းစီစားထားပြီးကြပြီဖြစ်သည်။ အသီးများထပ်စားလိုက်ပါက ဗိုက်ပြည့်လုနီးပါးဖြစ်သွားပေမည်။

"သမီးသိပြီ။ သီးတို့နှစ်ယောက် တစ်လုံးပဲစားမယ်" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောသည်။

"သမီး အသီးမစားချင်ဘူး။ ဝက်အူချောင်းထပ်စားချင်တယ်။ ဦးဦး သမီးနောက်တစ်ခု လိုချင်တယ်" ဝမ်ရှီဟန် ပြောသည်။ သူမသည် ကိုယ့်အိမ်လိုသဘောထားသည့်အတွက် ကျန်းဟန်အား ကြည့်ကာ တိုက်ရိုက်ပြောလိုက်သည်။

၎င်းက ဝမ်ကျားဝမ်၏မျက်နှာထက်တွင် ရှက်ရွံ့မှုအရိပ်အယောင်ဖြတ်ပြေးသွားစေသည်။ သူတို့နှစ်ခေါက်ပဲ လာရသေးသည်။ သူ၏သမီးဖြစ်သူ ဆိုင်ရှင်ဆီက အစားအသောက်များ တောင်းနေလေပြီ။ အိမ်မှာပြောခဲ့သည့်စကားများကို မေ့သွားလေသလား။

ထို့ကြောင့် ဝမ်ကျားဝမ်သည် သမီးဖြစ်သူအား လေးနက်သည့်အကြည့်ဖြင့်ကြည့်လိုက်ကာ “ရီဟာန် ဖေဖေတို့ ခဏနေရင် ညစာစားရတော့မယ်။ သမီးနောက်ထပ် စားလို့မရတော့ဘူး”

“ကောင်းပါပြီ ဟမ့် သမီး အသီးပဲစားတော့မယ်” ဝမ်ရီဟာန်က မကျေမနပ်ဖြင့် ပြောကာ သူမ၏အဖေအား မျက်စောင်းထိုးလိုက်သည်။ ထိုနောက် သူမသည် မုန့်မုန့်နှင့် လိမ္မော်သီးစားလေသည်။

ငင်းက ဝမ်ရီဟန်က ဝဝကစ်ကစ်ကလေးမလေးဖြစ်လာစေသည့်ပုံရ၏။ သူမသည် အမှန်တကယ် အစားသောင်းကြမ်းသူလေးဖြစ်ချေသည်။

ကလေးနှစ်ယောက် ဆော့ကစားနေသည်ကိုမြင်တော့ ကျန်းဟန် ပြုံးကာ မီးဖိုချောင်ထဲ ပြန်ဝင်သွား၏။

ဝမ်ကျားဝမ်မှာ အနည်းငယ် ကြောင်အနေပြီး ဝမ်ချမ်းနှင့် ဝူလီယင်းတို့မှာ စားပွဲတွင် ထိုင်နေကြပြီဖြစ်သည်။ ဝမ်ရီဟန်သည် ဆိုဖာပေါ်တွင် ကစားနေ၏။ သူတို့အတွက် ဘာမှလုပ်စရာမရှိတော့ပေ။ သူတို့ အပြင်ထွက်ကာ တန်းစီရမည်လည်း မသိပေ။

ကံကောင်းစွာဖြင့်ပင် ဘေးနားတွင် ရပ်နေသည့် ကျောက်ဖုန်းက ပို၍ အတွေ့အကြုံကြွယ်ဝလေသည်။ သူတို့၏မျက်နှာထက်မှ ရက်ရွံ့မှုကို မြင်လိုက်ရပြီးနောက် သူသည် ကျန်းဟန်အား ကြည့်လိုက်၏။ မုန့်မုန့်သူငယ်ချင်း၏မိဘများအနေဖြင့် သာမန်လူများကဲ့သို့

အပြင်ထွက်တန်းစီနေရန် မလိုအပ်ဟု သူခံစားရသည်။ ထို့ကြောင့် ပြုံးပြကာ ဆိုဖာပေါ်တွင်ထိုင်ရန် ပြောလိုက်သည်။

“ဟုတ်ကဲ့ ဟုတ်ကဲ့” ဝမ်ကျားဝမ်က စိတ်သက်သာရစွာ သက်ပြင်းချရင်း ပြုံးကာ ပြန်ဖြေသည်။ သူသည် စုယွီ၏လက်ကိုဆွဲကာ ဝမ်ရီဟန်၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

ကုမ္ပဏီတစ်ခု၏ဥက္ကဋ္ဌဖြစ်သည့် ဝမ်ကျားဝမ်သည် သဘာဝကျကျပင် အလွန်ထက်မြက်၏။ ဆိုင်သို့ နှစ်ကြိမ်လာရောက်ပြီးနောက်တွင် ဆိုင်ရှင်သည် အခြားသူများနှင့် ပြောဆိုဆက်ဆံရသည်ကို မနှစ်သက်ကြောင်း တွေ့ရှိခဲ့သည်။ အတိအကျပြောရလျှင် သူစိမ်းများနှင့် အရေးမပါသည့်အလာပသလာပစကားများ ပြောဆိုရသည်ကို မကြိုက်ပေ။ သူသည် လူများနှင့်ပထမဆုံးတွေ့ဆုံမှုတွင် စိတ်အားထက်သန်စွာ ခင်မင်ရင်းနှီးပုံမပေါ်ပေ။ ဤကဲ့သို့သောလူမျိုးမှာ ရင်းနှီးရန်

မလွယ်ကူသော်လည်း ခင်မင်ရင်းနှီးသွားပြီဆိုလျှင်လည်း သူ၏သဘောထားက လုံးဝပြောင်းလဲသွားပေလိမ့်မည်။

ဤသည်က အချိန်တိုအတွင်း ဝမ်ကျားဝမ် မြင်ခဲ့ရသည်ပင်။ ကျန်းဟန်နှင့် ခဏလောက်စကားပြောရန် မီးဖိုချောင်ဘက်သို့ ထသွားချင်သော်လည်း အနည်းငယ် ရုတ်တရက်ဖြစ်သွားနိုင်သည့်အတွက် မင်းသမီးလေးနှင့်စကားပြောကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် ဘေးနားမှာ အဖြစ်အပျက်ကိုကြည့်ကာ

"အဟမ်း ရီဟာန် သမီး လိမ္မော်သီးသုံးလုံးစားပြီးပြီ။ ထပ်စားလို့ မရတော့ဘူးနော်" ဝမ်ကျားဝမ်သည် နောက်ထပ်လိမ္မော်သီးတစ်လုံးယူရန် လက်လှမ်းနေသည့် ဝမ်ရီဟာန်၏လက်ကို ဆုပ်ကိုင်ကာ သူမအား တားလိုက်သည်။ သူသည် မုန့်မုန့်အား တစ်ချက်ကြည့်ကာ "မုန့်မုန့်ကို ကြည့်စမ်းပါဦး။ ပုံပြင်ထဲက မင်းသမီးလေးလိုပဲ အရမ်းလှတယ်။ ရီဟာန် သမီးက အခုတောင် နည်းနည်းဝနေပြီ။

အများကြီးစားလို့မရတော့ဘူး။ မဟုတ်ရင် သမီးဒီထက်ပိုဝလာရင် မလှတော့ပဲနေမယ်”

“အာ...” ဝမ်ရီဟာန်မှာ မျက်လုံးပြူးသွား၏။ သူမအား လူများက ဝသည့်အကြောင်းပြောသည့်အခါ သူမ သဘောမကျပေ။

“အမ်...ရီဟာန်က...မဝပါဘူး။ သူမက အရမ်းလှပြီး ချစ်စရာကောင်းတယ်။ သမီး သူမကို သဘောကျတယ်” မုန့်မုန့်က တောက်ပသည့်မျက်လုံးကြီးများဖြင့် ပြောသည်။ သူငယ်ချင်း၏မိဘများက သူမအား ချီးကျူးသည်ကိုခံရပြီးနောက် မင်းသမီးလေးမှာ အလွန်ပျော်ရွှင်သွားသည်။

“ဟွန့်...သမီးက မဝဘူး” ဝမ်ရီဟာန်သည် ဝမ်ကျားဝမ်၏ခြေထောက်အား ရိုက်လိုက်သည်။

“ဟားဟား...ဟုတ်ပါပြီ။ ညည်းက မဝပါဘူး” ဝမ်ကျားဝမ်က ပြုံးကာ သမီးဖြစ်သူ၏ခေါင်းကို

ပုတ်လိုက်သည်။ သူသည် မုန့်မုန့်အား ကြည့်ကာ "မုန့်မုန့် သမီးက အရမ်းမန်းဒရင်းသံစံနှုန်းဖြစ်လွန်းနေတယ်။ သမီးက တိုင်းရင်းသားမဟုတ်ဘူးလား"

မုန့်မုန့်သည် ငယ်စဉ်ကတည်းက ဇီယန် သင်ပေးထားသည့်အတွက် မန်ဒရင်းစံနှုန်းကို အမြဲပြောလေ့ရှိသည်။ ကန်တုံစကားအတွက်မူ သူမလေးသည် အခြေခံအားဖြင့် နားလည်နိုင်သော်လည်း သူမ ကြားနေကျ ကန်တုံစကားအချို့ကိုသာ နားလည်နိုင်သည်။ သို့သော် ကျန်းဟန်သည် အနောက်တိုင်းစားသောက်ဆိုင်ကိုသွားပြီးနောက်တွင် ကန်တုံစကားကို သွက်လက်စွာပြောဆိုခဲ့သည်။

"အမ်" မုန့်မုန့်မှာ အနည်းငယ် ကြောင်အသွား၏။ ထို့နောက် သူမလေးသည် နှုတ်ခမ်းလေးကိုကိုက်ကာ လက်ဖဝါးလေးဖြင့် သူမ၏ဆံပင်နှင့် မျက်လုံးများကို ညွှန်ပြ၍ "သမီးက တရုတ်လူမျိုး။ သမီးဆံပင်ကလည်း အနက်ရောင်။

မျက်လုံးကလည်း အနက်ရောင်။ ဒါကြောင့် သမီးက တိုင်းရင်းသားပါ”

“ဒါဆို မုန့်မုန့်က ဘယ်မှာ မွေးတာလဲ” စုယွီက ပြုံးကာ မေးသည်။

သူမ၏လေသံမှာ အလွန်နူးညံ့သိမ်မွေ့ပြီး ပညာတတ်မိသားစုမှ ဆင်းသက်လာသည်ဟု ခံစားရစေသည်။ တကယ်တမ်းတွင် သူမသာ မဟုတ်ပေ။ သူမ၏အဖေသည်လည်း စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်၏။ သူမ လက်ထပ်ပြီးသည့်အချိန်တွင် ခန်းဝင်ပစ္စည်း ယွမ် သန်း ၅၀ ကို သူမနှင့်အတူထည့်ပေးလိုက်ကာ ဝမ်ကျားဝမ်အတွက် ကောင်းမွန်သည့်အစပျိုးမှုတစ်ခု ပေးနိုင်ခဲ့သည်။

ထိုမေးခွန်းကိုကြားသည့်အခါ မုန့်မုန့်က နှုတ်ခမ်းလေးများကို သပ်လိုက်ပြီး “သမီး…သမီးက ဆန်ဒီယေဂို(San Diego) မှာ မွေးတာ။

လွန်ခဲ့တဲ့ရက်နည်းနည်းကမှ ဖေဖေနဲ့တွေ့ဖို့ သမီးပြန်လာခဲ့တာ”

“ဆန်ဒီယေဂိုလား” ဝမ်ကျားဝမ်မှာ အနည်းငယ် အံ့အားသင့်သွား၏။ မစ္စတာကျန်းနဲ့သူ့မိသားစုက ဇာတ်လမ်းတစ်ခုရှိတဲ့ပုံပဲ…။

သူသည် ဆန်ဒီယေဂိုမြို့အား ကောင်းကောင်းသိ၏။ သူ ထိုမြို့သို့ နှစ်ခေါက်ရောက်ဖူးသည်။ ဆန်ဒီယေဂိုသည် အလွန်လှပသော မြို့တစ်မြို့ဖြစ်၏။ ၎င်းသည် ပစိဖိတ်ကမ်းရိုးတန်းတွင် တည်ရှိပြီး မြောက်အမေရိက ကယ်လီဖိုးနီးယားပြည်နယ်ရှိ မြို့တစ်မြို့ဖြစ်သည်။ ပူနွေးသည့်ရာသီဥတုနှင့် များပြားသည့်ကမ်းခြေများကြောင့် ကျော်ကြားသည်။ နယူးယောက်နှင့် ဝါရှင်တန်မြို့တော်များကဲ့သို့ ကမ္ဘာကျော်ခြင်းမရှိသော်လည်း မြောက်အမေရိကနှင့် အချို့နိုင်ငံများမှ လူချမ်းသာများစွာကြားတွင် ရေပန်းစားပေသည်။

"အာ...မုန့်မုန့်က မြောက်အမေရိကမှာ မွေးတာပေါ့။ သမီးရဲ့အင်္ဂလိပ်စကားက အရမ်းကောင်းရမယ်" စုယွီ၏မျက်လုံးများမှာ တောက်ပလာပြီး မုန့်မုန့်အား ပို၍ သဘောကျသွားသည်။

မိဘများအနေဖြင့် သူတို့၏သားသမီးများအား ဆိုးသွမ်းသည့်ကလေးများအစား ပညာတတ်ထက်မြက်သည့်ကလေးများနှင့် သူငယ်ချင်းဖြစ်စေချင်ကြသည်။

"ဟုတ်" မုန့်မုန့်က ရယ်မောကာ ခေါင်းညိတ်သည်။

"ရီဟန် မုန့်မုန့်က အင်္ဂလိပ်စာအရမ်းကောင်းတယ်။ သမီးနဲ့မုန့်မုန့်နဲ့ အင်္ဂလိမ်စကားလုံးတစ်ချို့ ပြောလို့ရတယ်လေ" စုယွီက ပြုံးလိုက်သည်။

"ဟုတ်ကဲ့" ဝမ်ရီဟန်လည်း လုံး၀ ရှက်မနေတော့ပေ။ သူမသည် မုန့်မုန့်အား ကြည့်ကာ စိတ်လှုပ်ရှားစွာ ပြောသည်။ "ဟဲလို"

"ဟေး..."

ဤသို့ဖြင့် ကလေးမလေးနှစ်ယောက်မှာ အင်္ဂလိပ်စကားဖြင့် ပြောဆိုနေကြသည်။ သို့သော် နှုတ်ဆက်ခြင်း၏အစတွင် ဝမ်ရီဟန်မှာ ပြောဆိုနိုင်ပေသည်။ သို့ပေသိ သူတို့ဆက်၍ပြောဆိုသည့်အချိန်တွင် ဝမ်ရီဟန်မှာ မုန့်မုန့်၏ ကလေးဆန်သော်လည်း ကျွမ်းကျင်ပီသသွက်လက်သည့် အင်္ဂလိပ်စကားကြောင့် အံ့အားသင့်နေခဲ့ရသည်။

"ရပြီ တော်ပြီ သမီးမပြောနိုင်တော့ဘူး...ဟီးဟီး..." ဝမ်ရီဟန်မှာ စုယွီအား ကြည့်ကာ ကလေးဆန်စွာ ပြောလိုက်သည်။ ထိုနောက် မုန့်မုန့်အား ကြည့်ကာ "မုန့်မုန့် နင်က အရမ်းတော်တာပဲ။ အင်္ဂလိပ်စကားပြောတာလည်း အရမ်းကောင်းတယ်"

"ခစ်ခစ် နင်ပြောတာလည်း ကောင်းတယ်" မုန့်မုန့်က ပျော်ရွှင်စွာ ပြန်ဖြေသည်။

သူတို့ စကားပြောနေစဉ်တွင် ဝမ်ကျားဝမ်မှာ တွေးတောရင်း အလုပ်များနေသည်။

မုန့်မုန့်၏စကားကြောင့် သူသည် ပုံရိပ်များစွာကို တွေးကြည့်နေခဲ့သည်။

မုန့်မုန့်သည် ဆန်ဒီယေဂိုတွင် မွေးဖွားခဲ့ပြီး အသက်လေးနှစ်အောက်သာ ရှိသေး၏။ ၎င်းက လွန်ခဲ့သည့် ငါးနှစ်ခန့်ကဖြစ်ရမည်။ သူမနှင့် သူမ၏အမေက မစ္စတာကျန်းအား ရှာရန် ဟောင်ကောင်သို့ ပြန်လာခဲ့ပေသည်။ သူတို့ လမ်းခွဲခဲ့ကြသည်လား။ သူတို့၏ဆက်ဆံရေး ပြတ်ဆဲသွားသည်လား။ ချမ်းသာ၍ အာဏာကြီးသော မိသားစုကြီးများ၏ ပဋိပက္ခကြောင့် ဖြစ်ပျက်ခဲ့သည်လား။ မစ္စတာကျန်းတွင် ကြီးမားသည့် နောက်ခံရှိရပေမည်။ သူသည် ရိုးရှင်းသည့်လူတစ်ယောက် မဟုတ်ချေ။

အတွေးသံသယများဆက်တိုက်ပေါ်လာပြီးနောက်တွင် သူသည်လည်း ၎င်းတို့အား မရှင်းပြနိုင်ပေ။ ဤအရာများမှာ သူ၏အတွေးမျှသာဖြစ်ပေသည်။

ဝမ်ကျားဝမ် ပြုံးလိုက်ပြီး ခေါင်းကိုယမ်းကာ ထိုအတွေးများအား စိတ်ထဲမှ ရှင်းထုတ်လိုက်သည်။ ကျန်းဟန်၏အဆင့်အတန်းမှာ သူ၏နှလုံးသားထဲတွင် မြင့်မားလာခဲ့သည်။

တစ်ဖက်တွင် ကျောက်ဖုန်းသည် ထမင်းစားပွဲ၌ တစ်ကိုယ်တည်းထိုင်နေခဲ့သည်။ ခဏလောက် စဉ်းစားလိုက်ပြီးနောက် လျန်မုန့်ချီ၏ WeChat အားဖွင့်ကာ လည်ချောင်းရှင်းလိုက်ပြီး သိမ်မွေ့သည့်အသံဖြင့် ပြောလိုက်သည်။

"အဟမ်း...မုန့်ချီ မင်း ဘယ်တော့လာမှာလဲ။ ဒီည သူဌေးက ကြက်လေးကောင် ချက်ထားတယ်။ ငါတို့ ပွဲတော်တည်ရတော့မယ်"

အသံမက်ဆေ့ပို့ပြီးနောက်တွင် ကျောက်ဖုန်းသည် ဖုန်းစခရင်အား စိုက်ကြည့်ကာ စောင့်ဆိုင်းနေခဲ့သည်။

တစ်မိနစ် နှစ်မိနစ် ...

ငါးမိနစ်အကြာတွင် လျှန်မုန့်ချီက အသံမက်ဆေ့ဖြင့် ပြန်ဖြေလာခဲ့သည်။

"ဟီးဟီး အသားဟင်းရှိတယ်ပေါ့။ ကျွန်မတို့ လမ်းမှာ ရောက်နေပြီ။ ဆယ်မိနစ်လောက်နေရင် ရောက်မယ်"

"ကောင်းပြီ ဒါဆို ကိုယ်မင်းကို စောင့်နေမယ်။ အဲ ဟိုလေ...မုန့်ချီ မင်းရဲ့အသံက အရမ်းချိုတာပဲ" ကျောက်ဖုန်း ပြုံးကာ ပြောလိုက်သည်။

လက်ရှိအချိန်တွင် အရှုပ်ထုပ်များမရှိတော့သည့်အတွက် ကျောက်ဖုန်း၏ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ လုံးဝတည်ငြိမ်သွားခဲ့သည်။ သူသည် လုံးဝ

အေးစက်စက်လူတစ်ယောက်မဟုတ်တော့သလို လျှန်မုန့်ချီအား လိုက်ရန် စဉ်းစားနေခဲ့သည်။

“ဘာလဲ ခါတိုင်း ကျွန်မအသံက မချိုဘူးလို့ ပြောချင်တာလား”

ထိုစကားကိုကြားပြီးနောက် ကျောက်ဖုန်း၏အမူအရာမှာ တောင့်တင်းသွားခဲ့သည်။ “မဟုတ်ပါဘူး ကိုယ်အဲ့လိုပြောတာမဟုတ်ဘူး။ မင်းရဲ့အသံက ခါတိုင်းလည်း ချိုပါတယ်။ မင်းအသံကိုနားထောင်ရတာ ကိုယ်ကြိုက်တယ်”

“ဘယ်သူက ဂရုစိုက်နေလို့လဲ”

ဤတစ်ကြိမ်တွင်တော့ စာရိုက်၍ ပြန်ဖြေခဲ့ပြီး နောက်ဆုံးတွင် အထင်သေးသည့် အီမိုဂျီတစ်ခု ပါဝင်နေသည်။

ကျောက်ဖုန်း ပြုံးကာ ခေါင်းယမ်းလိုက်သည်။ သူ၏နှွေဦးရာသီက ရောက်ရှိလာပြီဟု ခံစားမိသော်လည်း

သူသည် လျှန်မှုန့်ချီသဘောကျသည့် ပုံစံဟုတ်မဟုတ် ရှင်းရှင်းလင်းလင်း မသိသေးပေ။

ကျန်းဟန် ညစာပြင်နေစဉ်…ဟောင်ကောင် တောင်ပိုင်းခရိုင်ရှိ ထန်ကျန့်၏ကုမ္ပဏီရုံးချုပ်တွင်…

လောင်ပင်း၊ မုံ့ဝူနှင့် အခြားရာထူးမြင့်မားသူနှစ်ဦးတို့သည် အစည်းအဝေးခန်းတွင် ရှိနေကြသည်။ သူတို့သည် ထန်ကျန့်၏တရားသေပိုင်ဆိုင်မှု တစ်ဝက်ကျော်အား သိမ်းယူထားပြီဖြစ်သည်။

"ဒီည…" လောင်ပင်းက ရာနှင့်ချီသည့် လူအုပ်ကြီးကို ကြည့်ရှုကာ ကျယ်လောင်စွာ အော်ပြောသည်။ "တောင်ပိုင်းခရိုင်တစ်ခုလုံးကို ငါတို့ သိမ်းမယ်။ ဒီမှာရှိတဲ့လူတိုင်းက ငါတို့နဲ့အတူတိုက်ပွဲဝင်ခဲ့တဲ့ ညီအစ်ကိုတွေပဲ။ အနာဂတ်မှာ မင်းတို့အတွက် စည်းစိမ်ချမ်းသာတွေ ရဖို့ ငါ အာမခံတယ်။ ငွေ၊

အဆင့်အတန်း၊ မိန်းမလှတွေ။ ဒီနေရာမှာ ရှိတဲ့လူ တစ်ယောက်မှ မကျန်စေရဘူး"

"ကောင်းတယ်"

"ပြည့်စုံပါတယ်"

"..."

လူအုပ်ကြီးက ဆက်တိုက် အော်ဟစ်အားပေးကြသည် ဤခံစားချက်က ပါတီပွဲတစ်ခုကဲ့သို့ပင်။

-အပိုင်း(၂၀၂) ပြီး

wunzinnosp

## အပိုင်း(၂၀၃) ကလေးမရှိသည့်အတွက် မိမိကိုယ်မိမိ မုန်းတီးခြင်း

"နောက်မှ မင်းတို့အတွက် တစ်ယောက်ယောက်က လာပြီး တာဝန်ကိုယ်စီပေးလိမ့်မယ်" လောင်ပင်းက ကျယ်လောင်စွာ ဆက်ပြောသည်။ "လျှူနန်လမ်းက ကွမ်းချီ၊ ရှားဒုန်လမ်းက ရှူရုံနဲ့ အန်ဟန်းနယ်မြေက ယွဲ့တီ တို့က ငါတို့ရဲ့ လက်ရှိ ပစ်မှတ်တွေပဲ။ နောက်တစ်ခုကတော့ လျိုဟူနယ်မြေက ဂူချန်းပေါ့။ သူ့ကို အနိုင်ယူပြီးရင် ငါတို့ရဲ့ နောက်ဆုံးပစ်မှတ် လဆန်းပင်လယ်ကွေ့ပဲ"

ထိုအချိန်တွင် ဘေးနားတွင် ရပ်နေသည့် မို့ဝူက ရယ်မောကာ "ဒီညတော့ အားလုံး အလုပ်များနေတော့မယ်။ တိုက်ပွဲမဖြစ်တာလည်း ကြာနေပြီဆိုတော့ ကိုယ့်လူတို့ လက်တွေ သံချေးတက်နေပြီ မဟုတ်လား။ လူတိုင်း ပြီးရင် ပျော်ရွှင်လို့ရပေမယ့် အရက်သောက်လို့တော့မရဘူး။

တကယ်လို့ သောက်ရဲရင်တော့ ရက်စက်တဲ့အတွက် အပြစ်မတင်နဲ့”

“ဟုတ်ပါတယ်” မုန့်ဝူ၏ဘေးနားမှ ထိပ်ပြောင်လူက လက်ခုပ်တီးကာ “ငါတို့ ဒီည သောက်လို့မဖြစ်ဘူး။ မနက်ဖြန်မနက်ကျမှာ အောင်ပွဲခံပြီး သောက်ကြမယ်”

သူပြောနေစဉ်တွင် တံခါးဝမှ လူတစ်ယောက် အလျင်အမြန်ပြေးဝင်လာသည်။ ထိုသူ၏အသက်ရှူသံများမှာ မြန်ဆန်နေပြီး

“အစ်ကိုကြီး... ကွမ်းချီက လက်နက်တစ်သုတ်ရထားပြီး သူ့လူတွေနဲ့ စံအိမ်ကြီးမှာ စောင့်နေကြတယ်လို့ သတင်းရထားပါတယ်။ သူက ကျွန်တော်တို့နှင့် တိုက်ခိုက်ချင်နေတယ်ထင်တယ်။ ယွဲ့တီကတော့ သူ့ရဲ့ကိုယ်ရံတော်ပြောပုံအရ သူက ထွက်ပြေးဖို့ အဆင်သင့်ပြင်နေတဲ့ပုံပဲ။ ရှုရုံကတော့ ဂူချန်းကိုရှာဖို့

လူအများကြီးခေါ်သွားတယ်။ သူတို့နှစ်ယောက် မဟာမိတ်ဖွဲ့သွားရင် သူတို့ပိုပြီး အားကောင်းလာလိမ့်မယ်”

“အိုး” လောင်ပင်းက အဓိပ္ပာယ်ပါပါပြုံးလိုက်ပြီး “ဒီနေ့ ငရဲမင်းကိုယ်တိုင် လာရင်တောင် အဖြစ်မှန်ကို ပြောင်းလဲနိုင်မှာမဟုတ်ဘူး။ သူတို့အားလုံး အမြစ်ကနေ ဖယ်ရှားခံရမယ်”

သူတို့သည် ဤလူများအား ဖယ်ထုတ်လိုသော်လည်း ထန်ကျန့်၏စံအိမ်ကြီးနှင့်ပက်သတ်သည့်အဖြစ်အပျက်ကဲ့သို့ ပြဿနာများစွာဖန်တီးရန် မရည်ရွယ်ပေ။ ၎င်းတို့၏အဓိကရည်ရွယ်ချက်မှ တစ်ဖက်ခေါင်းဆောင်များအား အနိုင်ယူပြီး ၎င်းတို့၏အဓိကအဖွဲ့ဝင်များအား ဒဏ်ရာရစေကာ နယ်မြေကို သိမ်းရန်ဖြစ်သည်။

အဖြစ်အပျက်က မကြီးမားသ၍ ဖုံးဖိ၍ လွယ်ပေသည်။ ထို့ပြင် လောင်ပင်းသည် တောင်ပိုင်းခရိုင်ရှိ

အဖွဲ့များအားလုံးနှင့် ယှဉ်ပြိုင်ရန် လှည့်ကွက်အချို့ချန်ထားသေးသည်။

လက်ရှိ တိုက်ပွဲအတွက် ပြင်ဆင်မှုများကို မပြောတော့ပေ။ အခြားတစ်ဖက်ရှိ ကျန်းဟန်၏ စားသောက်ဆိုင်တွင်...

ကျန်းဟန်သည် ကိုလာကြက်တောင်ပံများကို စတင်ပြုလုပ်နေပြီဖြစ်သည်။

ကိုလာကြက်တောင်ပံမှာ ၎င်း၏အဓိကပါဝင်ပစ္စည်းများအဖြစ် ကြက်တောင်ပံနှင့် ကိုလာ(Coke)ကို အသုံးပြုထားပြီး ဟင်းချက်ဝိုင်၊ ကြက်သွန်ဖြူ၊ ဂျင်း၊ ပဲငံပြာရည်၊ ဆားနှင့် ကြက်သားဟင်းရည်တို့ ပါဝင်သည်။ ကိုလာကြက်တောင်ပံသည် လတ်ဆတ်သည့်အရသာ၊ တောက်ပသည့်အရောင်အဆင်း၊ နူးညံ့သည့်အသွင်ပြင်နှင့်

တော်ရုံဆိုလျှင် ခပ်လေးလေးရှိသော်လည်း ချိုသည့်အရသာပါရှိသည်။

ပက်စီ(Pessi)ဖြင့်ပြုလုပ်သော ကိုလာကြက်တောင်ပံမှာ ပို၍ ချိုမြိန်သည်ဟု အချို့သော စားသုံးသူများက ဆိုကြကာ ကိုကာကိုလာဖြင့်လုပ်သော ကိုလာကြက်တောင်ပံသည် အချို့သင့်သည်ဟု ဆိုကြသည်။

ကျန်းဟန်သည် အညစ်အကြေးများကို ဖယ်ရှားရန် ကြက်တောင်ပံများကို နှစ်မိနစ်ခန့် ရေဖြင့် ပြုတ်ထားသည်။

ရေ စစ်ပြီးနောက် ဆီအနည်းငယ်ထည့်ကာ ကြက်တောင်ပံများကို အိုးထဲသို့ ထည့်သည်။ တစ်မိနစ်ခန့်ကြော်ပြီးလျှင် ကိုလာတစ်ဘူးလုံး လောင်းထည့်ကာ ဂျင်းတုံးလေးများ၊ ပဲငံပြာရည်၊ ငံပြာရည်အသင့်တင့်ထည့်ကာ ပွက်ပွက်ဆူနေသည့် ရေထည်သို့ ထည့်သည် အကြိမ်အနည်းငယ် မွှေပြီးနောက် အရသာရှိသည့် ကိုလာကြက်တောင်ပံများ ရရှိပါပြီ။

ကိုလာကြက်တောင်ပံသည် ကျန်းဟန်ချက်ပြုတ်နေသည့် နောက်ဆုံးဟင်းလျာဖြစ်သည်။

သခွားသီးကြက်သွန်ဖြူဆော့စ်နှင့် ခရမ်းသီးနှပ်မှာလည်း ပြီးစီးသွားပြီဖြစ်သည်။

အစားအစာများ အဆင်သင့်ဖြစ်ပြီးနောက် ကျောက်ဖုန်းသည် ဟင်းလျာတစ်ခုချင်းစီကို ပြင်ဆင်ပြီး စာပွဲဝိုင်းကြီးဆီသို့ ယူဆောင်လာခဲ့သည်။

လျန်မုန့်ချီသည် ၎င်းကိုမြင်သည့်အခါ ကျောက်ဖုန်းမှာ အမှန်တကယ် ဤဆိုင်မှ စားပွဲထိုးဖြစ်သည်ဟူ၍ပင် ထင်ယောင်ထင်မှားဖြစ်သွားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မြေအောက်ဂိုဏ်းများမှ ထွက်လာခဲ့ခြင်းက သူ့အတွက် ကောင်းမွန်ပေသည်။

သူတို့စားခါနီးတွင် ဝမ်ကျားဝမ်နှင့် စုယွီတို့မှာ အနည်းငယ် ရှက်ရွံ့ရပြန်သည်။

သူဌေးက ဘာမှ မပြောသည့်အတွက် သူတို့ စားရမည်ကို ရှက်ရွံ့နေကြသည်။ ထို့အပြင် စားသောက်ဆိုင်တွင် အဖွဲ့ဝင်ကတ်တစ်ခုလျှင် လူတစ်ယောက်သာ အသုံးပြုနိုင်သည့် စည်းမျဉ်းတစ်ခုရှိသည် ထို့ကြောင့် ဟင်းပွဲများကို စားချင်သည်ဆိုပါက အပြင်တွင် တန်းစီ၍ စားရပေမည်။

ထိုလူနှစ်ဦးမှာ တစ်ယောက်က ဝန်ကြီးဟောင်း၏သားဖြစ်ပြီး တစ်ယောက်က တရုတ်နိုင်ငံ၏လူကုံထံအသိုင်းအဝိုင်းမှာ သူဌေးသမီးဖြစ်သည်။ သို့သော် ၁၀၀ စတုရန်းမီတာသာကျယ်သည့် ဤစားသောက်တွင် လက်ရှိအချိန်၌ ၄င်းတို့မှာ အလွန် ဂနာမငြိမ်ဖြစ်နေရကာ စိတ်မသက်မသာဖြစ်နေကြရသည်။ သူတို့၏သူငယ်ချင်းမိတ်ဆွေများအား ဤအကြောင်းပြောပြပါက အများစုမှာ အံ့အားသင့်သွားပေကြမည်။

သို့သော် မုန့်မုန့်နှင့် ရင်းနှီးနေသည့် ဝဝကစ်ကစ်ကလေးမလေး ဝမ်ရီဟန်၏ကျေးဇူးကြောင့် သူတို့အတွက် အားသာချက်တစ်ချို့ ရှိခဲ့ပေသည်။

ညစာအဆင်သင့်ဖြစ်ပြီကို သိရှိသည်နှင့် မုန့်မုန့်သည် ဆိုဖာပေါ်မှ ဆင်းလိုက်၏။ ဝမ်ကျားဝမ်နှင့် စုယွီတို့ မလှုပ်ရှားသည်ကို သူမ မြင်သည့်အခါ အံ့သြသွားပြီး ကျန်းဟန်အား ကြည့်၍ ကလေးသံလေးဖြင့် မေးလိုက်သည်။

"ဖေဖေ... ရီဟန်ရဲ့ ဖေဖေနဲ့မေမေ သမီးတို့နဲ့အတူတူလာစားလို့ရမလား"

"ရတာပေါ့" မုန့်မုန့်၏တောက်ပနေသည့် မျက်လုံးဝိုင်းကြီးများကိုမြင်သည့်အခါ ကျန်းဟန်က တန်း၍ ခေါင်းညိတ်ကာ သဘောတူလိုက်သည်။ ပြောပြီးသည်နှင့် မုန့်မုန့်သည် ဝမ်ကျားဝမ်တို့အား ကြည့်ကာ "လာ သမီးတို့နဲ့အတူတူစားရအောင်" ဟု ပြုံး၍ ပြောလိုက်သည်။

"အိုး...ကျေးဇူးပါ..."

ဝမ်ကျားဝမ်မှာ ဤအချိန်တွင် ဖြားယားသည့်ဟန်ခံစားနေရပြီး ထရပ်ကာ အမြန်ကျေးဇူးတင်လိုက်သည်။

သူသည် ဤဆိုင်သို့ နှစ်ခေါက်သာ လာခဲ့သော်လည်း ဝမ်ကျားဝမ်မှာ အချိန်တိုအတွင်း လွှမ်းမိုးခံခဲ့ရပြီး ဤစားပွဲဝိုင်းတွင် စားသုံးရသည်က အလွန်အဆင့်အတန်းမြင့်အားကြောင်း သဘောပေါက်ခဲ့သည်။ တကယ်တမ်းတွင် သူသည် ယခင်က မီရှယ်လင်ကြယ်ပွင့်စားသောက်ဆိုင်၏ သူဌေးကြီးထံမှ ဖိတ်ခေါ်ခံရသည်ထက် ယခုအခိုက်အတန့်တွင် ပိုမိုစိတ်လှုပ်ရှားနေခဲ့သည်။

ထို့ပြင် အဖွဲ့ဝင်မဟုတ်သူများ၏ မနာလိုသည့်အကြည့်များက စားပွဲဝိုင်းကြီးတွင် စားရခြင်းသည် အလွန်ဂုဏ်ယူစရာကောင်းကြောင်း သူ့အား ပို၍ ခံစားရစေသည်။ ပို၍ အရေးကြီးသည်က...

သူဌေးချက်ပြုတ်ထားသည့် အရသာရှိလှသည့်ဟင်းလျာများကို စားသုံးနိုင်ခြင်းပင်။ သူတို့တွင် မန်ဘာကတ်မရှိသော်လည်း စားသောက်ဆိုင်၏မင်းသမီးလေးနှင့် ရင်းနှီးသောဆက်ဆံရေးရှိသည့် သမီးလေးတစ်ယောက်ရှိသည့်အတွက် အရသာရှိသော အစားအသောက်များကို စားခွင့်ရခဲ့ကြသည်။ သူတို့သည်…ကလေးမရှိသည့်အတွက် သူတို့ကိုယ်သူတို့ မုန်းတီးမိကြရုံသာ။

ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အပြင်ဘက်ဆုံးစားပွဲအဖြူတွင် စားနေကြသည့် လင်းမယားနှစ်ယောက်ဦးက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့သည် ယခင်က ကလေးမလိုချင်ခဲ့သော်လည်း ယခု ကလေးယူချင်စိတ်ရှိလာကြလေသည်။

မန်ဘာကတ်အတွက် မတတ်နိုင်သော်လည်း ကလေးမွေးရန်ကုန်ကျစရိတ်တော့ တတ်နိုင်ကြပေသည်။

သို့သော် ဤသည်က အတွေးတစ်ခုမျှသာဖြစ်ပေသည်။ ကလေးမွေးဖွားရန် လွယ်ကူသော်လည်း သူတို့သည် ဆင်းရဲ ချမ်းသာသည့်ပတ်ဝန်းကျင်တွင် ကြီးပြင်းလာရပုံချင်း ကွာခြားပေမည်။ ချမ်းသာသည့်ပတ်ဝန်းကျင်တွင် သူတို့၏ကလေးကို ကြီးပြင်းလာစေချင်သည့်အတွက် ပိုက်ဆံအနည်းငယ်ထပ်စုလိုခဲ့သည်။ ထို့ကြောင့် နောက်ထပ်နှစ်အနည်းငယ် ပို၍ အလုပ်ကြိုးစားရန် စိတ်ကူးထားခဲ့ကြသည်။

ဝမ်ကျားဝမ်သည် စားပွဲဝိုင်းတွင်ထိုင်ကာ ထမင်းစားရန် ပြင်နေစဉ် ရုတ်တရက် တုံ့ဆိုင်းသွားပြီး ကျန်းဟန်အား ကြည့်ကာ မေးသည်။

"မစ္စတာကျန်း မင်း အရက်ကြိုက်လား"

"အင်း" ကျန်းဟန် ခေါင်းညိတ်သည်။

ကျန်းဟန်သည် ဝိုင်နီလောက်လေ့ရှိပြီး သွားလေရာ၌ ရ(မ်)မီမာတင်(Remy Martin) သို့မဟုတ် လတ်ဖိုက်(Lafite) ကို မကြာခဏ မှာလေ့ရှိ၏။ သို့သော် သူ့ဘဝ၏ အကြပ်တည်းဆုံးငါးနှစ်အတွင်း၌ ကျန်းဟန်သည် ဝိုင်နီထက် တရုတ်အရက်က ပို၍ မူးယစ်စေသည့်အတွက် ၎င်းကို ပို၍ သောက်လေ့ရှိခဲ့သည်။ နောက်ပိုင်းတွင် ကျင့်ကြံခြင်းကမ္ဘာသို့ရောက်ရှိပြီး ပန်းဝတ်ရည်ဝိုင်ကို မြည်းစမ်းကြည့်မိကာ ၎င်းကသာ စစ်မှန်သည့်ဝိုင်ဖြစ်ကြောင်း သိရှိလာခဲ့၏။

"ငါလည်း အရက်ကြိုက်တယ်။ ဒါပေမယ့် တစ်ခါတစ်လေမှ သောက်ဖြစ်တာပါ" ဝမ်ကျားဝမ်ကာ ကြက်သားတစ်တုံးကို ကောက်ယူလိုက်ပြီး "ငါ့မှာ ၁၉၈၂ ခုနှစ်ထုတ် လက်ဖိုက်နှစ်ပုလင်းရှိတယ်။ နောက်တစ်ခါလာရင် ယူလာပြီးတော့ မစ္စတာကျန်းနဲ့ အတူသောက်ရမယ်"

"မင်း" ကျန်းဟန်က ခေါင်းညိတ်လိုက်ပြီး "ဒီမှာ ဘီယာရှိတယ်။ မင်း ဘီယာသောက်မလား"

"ကောင်းပြီး နည်းနည်းလောက် သောက်ရအောင်" ဝမ်ကျားဝမ်၏မျက်လုံးများ တောက်ပလာသည်။

ယေဘူယျအားဖြင့် ပြောရလျှင် လူများသည် ပုံမှန်အတိုင်း စားသောက်ပါက အသက်ဝင်သည့် စကားဝိုင်းဖြစ်မည်မဟုတ်ပေ။ သို့သော် အရက်အနည်းငယ်သောက်ပြီးနောက်တွင် လူများ၏စကားဝိုင်းမှာ ပို၍ အသက်ဝင်လာသည်။ စီပွားရေးသမားများမှာ အလုပ်ကိစ္စပူးပေါင်းဆောင်ရွက်မှုများကို ပြောဆိုသည့်အခါ စားပွဲဝိုင်းတွင် သူတို့၏ခံစားချက်များကို ပထမဆုံး ပြောရန် လိုအပ်သည်။ စိတ်ဝင်စားစရာကောင်းသည့် စကားဝိုင်းကိုစတင်ပြီးမှသာ ကျန်သည့်လုပ်ငန်းကိစ္စများ အဆင်ပြေချောမွေ့သွားပေလိမ့်မည်။

တစ်ချိန်က သတင်းဌာနတစ်ခု၏အဆိုမှာ ပညာရေးဆိုင်ရာအရည်အချင်းအသိအမှတ်ပြုမှုမရှိသော်လည်း အရက်သောက်နိုင်သည့်လူဖြစ်ပါက ကုမ္ပဏီ၏စီမံခန့်မှုဆိုင်ရာ အကြီးတန်းရာထူးများအတွက် ၎င်း၏တန်ဖိုး မြင့်မားသည်ဟု ဆိုသည်။ ဝိုင်သောက်ခြင်းသည် ကောင်းမွန်သော်လည်း အသင့်အတင့်သာ သောက်သုံးသင့်သည်။ အကြောင်းမှာ အလွန်အကျွံသောက်သုံးခြင်းက ကျန်းမာရေးအတွက် မကောင်းသောကြောင့်ဖြစ်သည်။

ကျန်းဟန်သည် မီးဖိုချောင်ထဲရှိ ရေခဲသေတ္တာသို့သွားကာ ဘီယာလေးဗူးထုတ်ယူလိုက်သည်။
သူ၏အပြုအမူကိုမြင်ပြီးနောက် ကျောက်ဖုန်းသည် မနေနိုင်ဘဲ လျန်မုန့်ချီအား ကြည့်ကာ မေးလိုက်သည်။ “မုန့်ချီ မင်း ဘီယာသောက်မလား”

“တော်ပြီ ကျေးဇူးပဲ” လျန်မုန့်ချီက ခေါင်းခါသည်။

"သူမ မသောက်ချင်ပေမယ့် ငါသောက်ချင်တယ်။ ကျောက်ဖုန်း ကျေးဇူးပြုပြီး ငါတို့ သောက်လို့ရမလား သူ့ငွေးကို မေးပေးပါလား" ယူချင်းချင်းသည် အသားစားနေရင်း ပြောသည်။

"ကောင်းပြီ" ကျောက်ဖုန်း ခေါင်းညိတ်ကာ ကျန်းဟန်ဘက်လှည့်၍ မေးလိုက်သည်။ "သူ့ငွေး ငါတို့ ဘီယာနည်းနည်းလောက် သောက်လို့ရမလား"

"အင်း"

ကျောက်ဖုန်းက ပြုံးကာ ရေခဲသေတ္တာထဲမှ ဘီယာနှစ်ဗူး ထုတ်ယူလိုက်သည်။

ကျန်းဟန် ထမင်းစားစားပွဲသို့ ပြန်ရောက်သည့်အခါ ဝမ်ကျားဝမ်က ဇွန်းပန်းကန်များကို ချက်ချင်းကောက်ကိုင်လိုက်ပြီး စုယွီအား ပြုံးကာ ပြောလိုက်သည်။ "ကိုယ် မစ္စတာကျန်းနဲ့ နည်းနည်းလောက် သောက်လိုက်ဦးမယ်"

“သွားသွား ရှင်က လောဘကြီးတဲ့ဝက်ပဲ” စုယွီက သူ့အား မျက်စောင်းထိုးလိုက်၏။

ဝမ်ကျားဝမ်သည် ကျန်းဟန်၏ညာဘက်ခုံသို့ လျှောက်သွားပြီး ဝင်ထိုင်လိုက်သည်။ ထိုနောက် ကျန်းဟန်အား လေးစားမှုပြရန် ဘီယာဘူးကိုယူ၍ အမြန်ယူဖောက်ပေးလိုက်သည်။ ထိုနောက် သူ့အတွက် တစ်ဗူးဖောက်ကာ ကျန်းဟန်နှင့် ခွက်ချင်းတိုက်၍ ပြောသည်။

“မင်းရဲ့ဧည့်ခံမှုအတွက် ကျေးဇူးပါ မစ္စတာကျန်း”

သူ၏စကားက ကျန်းဟန်အား ပြုံးရယ်စေသည်။ ညစာမှာ မူလကတည်းက မုန့်မုန့်အတွက် ပြင်ဆင်ထားခြင်းဖြစ်သည့်အတွက် သူက ဘာကြောင့် သူတို့အား ဧည့်ခံပေးရမည်နည်း။

သို့သော်လည်း သူစိတ်ကျေနပ်သွားအောင် လွှတ်ထားပေးလိုက်သည်။ ကျန်းဟန်က ပြုံးကာ သူနှင့်အတူ တစ်မော့သောက်လိုက်၏။

“မစ္စတာကျန်း ချက်ပြုတ်ထားတဲ့ဟင်းလျာတွေက ပြောမပြတတ်လောက်အောင်ကို အရသာရှိတာ အသေအချာပဲ” ဝမ်ကျားဝမ်က ပြောနေရင်းဖြင့် ပြုံးကာ လက်မထောင်ပြသည်။ “ဝမ်လုံချက်ပြုတ်ထားတဲ့ ဟင်းတွေကို ငါ စားခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ ဟင်းချက်ခြင်းရဲ့ထိပ်ဆုံးဆရာတစ်ဆူလို့ ထင်ခဲ့ပေမယ့် အခုချိန်မှာတော့ ပိုပြီးကောင်းတဲ့သူဆိုတာ အမြဲရှိနေတာကို ငါသိလိုက်ရတယ်”

“အမ်ဟမ့် သမီးရဲ့ဖေဖေက အတော်ဆုံးပဲ” မုန့်မုန့်က ကြက်တောင်ပံစားရင်း စကားပြောရန် အချိန်ပေးလိုက်သေးသည်။

သူမ၏ဖေဖေအား တစ်ယောက်ယောက်က ချီးကျူးသည့်အချိန်တိုင်း သူမလေး အလွန်ဂုဏ်ယူလေသည်။

"မုန့်မုန့် မြန်မြန်စား။ ကြက်တောင်ပံတွေက အရမ်းအရသာရှိတယ်" ဝမ်ရီဟန်သည် ကြက်တောင်ပံတစ်ခု ကောက်ယူကာ မုန့်မုန့်အား ပေးသည်။

၎င်းကိုမြင်သည့်အခါ ဝမ်ကျားဝမ်မှာ မရယ်ပဲ မနေနိုင်ပေ။

ညစားစားပွဲမှာ ပျော်ရွှင်ဖွယ်ရာအငွေ့အသက်များဖြင့် ပြီးဆုံးသွားခဲ့၏။

ညစာစားပြီးနောက်တွင် ကျောက်ဖုန်းသည် ဆိုင်ကို သန့်ရှင်းရေးလုပ်ပြီးနောက် ပြန်ရန် ပြင်နေသည်။ ယနေ့တွင်တော့ ဆိုင်နှင့် မနီးမဝေးရပ်ကွက်ရှိ အထပ်မြင့်တိုက်ခန်းတစ်ခုတွင် ငှားနေသဖြင့် အသွားအပြန် အဆင်ပြေပေသည်။

ဝမ်ရီဟန်သည်တော့ မုန့်မုန့်နှင့် စားသောက်ဆိုင်တွင် ဆယ်နာရီမထိုးအချင်း အတူတူနေလေသည်။ ယောက္ခမဖြစ်သူမှာ အနည်းငယ် အိပ်ငိုက်နေသည်ကို သတိပြုမိပြီးနောက် စုယွီက ဝမ်ရီဟန်အား

အကူအညီမဲ့စွာကြည့်လိုက်ပြီး "ရီဟန် မေမေတို့ အိမ်ပြန်ရအောင်။ နောက်တစ်ခါကျမှ မုန့်မုန့်ဆီ လာလည်ကြမယ်လေနော်"

"ဟင့်အင်း" ဝမ်ရီဟန်မှာ ခေါင်းပင်မလှည့်ဘဲ ပြန်ပြောသည်။

ဝမ်ကျားဝမ်၏အမူအရာမှာ အနည်းငယ် တင်းမာသွား၏။

"ရီဟန် သမီးဘိုးဘိုးက အိပ်ချင်နေပြီ။ ဒီနေ့ ကစားတာ တော်လောက်ပြီ။ မဟုတ်ရင် သမီးဘိုးဘိုးက နောက်တစ်ခါ ခေါ်မလာပဲ နေလိမ့်မယ်" ဝမ်ကျားဝမ်က ပြုံးကာ သံသယအရိပ်အယောင်မရှိသည့် မျက်ဝန်းများဖြင့် ပြောသည်။

"ဟွန့် သမီးပျော်လို့မဝသေးဘူး မကောင်းတဲ့ဖေဖေ" ဝမ်ရီဟန်သည် လက်နှစ်ဖက်ကို တင်းတင်းကြပ်ကြပ်ဆုပ်ထားရင်း စိတ်ကောက်နေလေသည်။

မုန့်မုန့်သည် အနားတွင်ရပ်ကာ နှုတ်ခမ်းလေးစူထားရင်း သူတို့ နောက်တစ်ခါ ဝမ်ရီဟန်အား ခေါ်မလာမည်ကို စိုးရိမ်နေသည်။ ထို့ကြောင့် သူမလေးသည် ခဏလောက် စဉ်းစားလိုက်ပြီး တွန့်ဆုတ်စွာ ပြောလိုက်သည်။

"ရီဟန် နင် ပြန်သွားသင့်တယ်။ မဟုတ်ရင် နောက်တစ်ခါ မလာရဘဲ နေလိမ့်မယ်"

"မပြန်ဘူး။ ငါ့ကို မခေါ်လာရင် ငါတစ်ယောက် ကိုယ့်ဘာသာ လာခဲ့မယ်" ဝမ်ရီဟန်သည် ပြတ်သားစွာပြောသည်။

သူမ၏ချစ်စရာကောင်းသည့် အပြုအမူကိုမြင်တော့ ဝမ်ကျားဝမ်တစ်ယောက် ရယ်ရခက် ငိုရခက်ဖြစ်နေသည်။ သို့သော်လည်း သူသည် အသံကိုလျှော့လိုက်ပြီး ဖခင်တစ်ယောက်၏အရှိန်အဝါဖြင့် ပြောလိုက်သည်။ "ဝမ်ရီဟန် စကားကို နားမထောင်ဘူးလား"

သူ လေးနက်လာသည်နှင့် ဝမ်ရိဟန်မှာ အကြံကောင်းတစ်ခုရလာလေသည်။ သူမ၏နှုတ်ခမ်းအား ဖိကိုက်ထားရင်း မျက်နှာကိုမဲ့ကာ ငိုတော့မည်ဖြစ်လေသည်။

...

-အပိုင်း(၂၀၃)

wunzinnosp

## အပိုင်း(၂၀၄) လှုပ်ရှားမှု စတင်ပြီ

စုယွီက သူမအား နည်းမျိုးစုံဖြင့် အလျင်အမြန်ချော့မော့သည်။ ဆယ်မိနစ်ကျော်ခန့် ကြာပြီးနောက်တွင် သူမသည် ဝမ်ရိဟန် မုန့်မုန့်အား တွန့်ဆုတ်စွာဖြင့် လက်ပြနှုတ်ဆက်ရန် ဆွဲဆောင်နိုင်ခဲ့သည်။

"မုန့်မုန့် ငါအခု ပြန်တော့မယ်။ နောက်နေ့မှာ လာခဲ့မယ်နော်"

"အင်း...နောက်တစ်ခါကျရင် ငါနင့်ကို တာဟေး ရှောင်ဟေးတို့နဲ့ ကစားခိုင်းမယ်။ ငါ့ဖေဖေက ငါ့အတွက် သုခဘုံတစ်ခု လုပ်ပေးထားတယ်" မုန့်မုန့်က ရယ်မောကာ ပြောသည်။

"တကယ်လား။ ဒါဆို ငါ မနက်ဖြင့် စောစောလာခဲ့မယ်" ဝမ်ရီဟန်၏မျက်လုံးများမှာ တောက်ပလာသည်။

သူမပြောပြီးနောက်တွင် ပြုံးကာ ခေါင်းယမ်းနေသော ဝမ်ကျားဝမ်က ဝမ်ရီဟန်အား ပွေ့ချီကာ ထွက်ခွာသွားခဲ့သည်။

မနက်ဖြန် သူ့အတွက် အလုပ်များရှိနေပေသည်။ ထို့ကြောင့် သူမအား ဤနေရာသို့ ကစားရန် ခေါ်လာပေးဖို့ အချိန်မရှိပေ။

သူတို့ပြန်သွားပြီးနောက်တွင် မုန့်မုန့်မှာ ပင်ပန်းလာသည်။ သူမလေးသည် ဆိုဖာပေါ် မတ်တပ်ထရပ်ကာ လက်များကို ကျန်းဟန်ဆီ ဆန့်တန်းရင်း

"ဖေဖေ သမီးအိပ်ချင်တယ်"

"ဖေဖေ လာပြီ" ကျန်းဟန် ပြုံးကာ မုန့်မုန့်အား ပွေ့ချီ၍ အပေါ်ထပ်သို့ တက်သွားသည်။ မုန့်မုန့်အား သက်တောင့်သက်သာရှိမည့် ညဝတ်အင်္ကျီကို လဲပေးလိုက်သည်။ မင်းသမီးလေးသည် အိပ်ရာပေါ်သို့ တွားသွားကာ "ဖေဖေ မုန့်မုန့်ကို ပုံပြင်ပြောပြ" ဟု တိုးတိုးလေးပြော၏။

ကျန်းဟန်လည်း အင်္ကျီများကိုချွတ်ကာ ညဝတ်အင်္ကျီဝတ်၍ မုန့်မုန့်အား လက်မောင်းထက်တွင် တင်လိုက်သည်။

ဖေဖေနှင့်မတွေ့ခင်အထိ ဖေဖေ၏သန်မာသည့်လက်မောင်းအား ခေါင်းအုံးရသည်မှာ မည်မျှသက်တောင့်သက်သာရှိကြောင်း သူမလေး နားမလည်ခဲ့ပေ။ အိပ်ရာသေးသေးလေးတွင်အိပ်ရသည်ထက်

ဖေဖေ၏လက်မောင်းပေါ်တွင်အိပ်ရသည်က များစွာပို၍ကောင်းပေသည်။

“အရင်တစ်ခါက ဘယ်နားမှ ရပ်သွားတာလဲ။ အဲ...ဖေဖေသိပြီ။ လူပုဘုရင်အကြောင်း ပြောနေတာ။ ပုံပြင်ကိုဆက်ရမယ်ဆိုရင် လူပုဘုရင်က ရွှေ၊ ငွေ၊ ရတနာတွေကို အလွန် နှစ်သက်တယ်”

ကျန်းဟန်သည် မုန့်မုန့် တစ်ခါမှ မကြားဖူးသည့် ပုံပြင်အား စတင်ပြောပြသည်။ မိနစ်အနည်းငယ်ကြာပြီး မင်းသမီးလေးမှာ အိပ်ပျော်သွားလေ၏။ သူမလေး၏အိပ်ပျော်နေသည့်ပုံကိုကြည့်ရင်း ကျန်းဟန် ခေါင်းကိုငုံ့ကာ သူမလေးအား ညင်သာစွာ နမ်းလိုက်ပြီး သူလည်း မျက်လုံးမှိတ်ကာ အိပ်လိုက်သည်။

အရွယ်ရောက်ပြီးသူများသည် အိပ်ပျော်နေစဉ် လှည့်ပတ်ခြင်း၊ ကန်ကျောက်ခြင်းများ ပြုတတ်သည့်အတွက် ကလေးနှင့် ကုတင်တစ်ခုတည်းအတူအိပ်ခြင်းသည်

ကောင်းသောစိတ်ကူးမဟုတ်ပေ။ သို့သော် ကျန်းဟန်သည်က တစ်ညလုံး ပုံစံမပျက်အိပ်နိုင်သည့်အတွက် ထိုသို့သော အကျင့်မရှိပေ။ သူသည် ယခင်က ကျင့်ကြံနေစဉ် နှစ်ပေါင်းများစွာ မလှုပ်မယှက်နေခဲ့ရသည့်အချိန်များပင် ရှိခဲ့လေသည်။

ဟောင်ကောင်၏ညပိုင်းအချိန်မှာ ထူးခြား၍စွဲဆောင်မှုရှိသည့် မီးရောင်များဖြင့် တောက်ပနေသည်။

ဟောင်ကောင်သည် ဧရိယာစတုရန်းကီလိုမီတာ ၁၀၀၀ ကျယ်ဝန်းဝန်းပြီး လူဦးရေ ၇ သန်းကျော်ရှိသည်။ လူဦးရေထူထပ်မှုသည် ကမ္ဘာ့ထိပ်ဆုံးသုံးနေရာတွင်ပါဝင်၏။ ဟောင်ကောင်၏မြို့ပြတိုးတက်မှုအရှိန်အဟုန်ကြောင့် သာမန်လူတန်းစားများမှာ ကြီးမားသောဖိအားအောက်တွင် နေထိုင်ကြရသည်။ တစ်နေကုန်အလုပ်လုပ်နေရပြီး စိတ်ရော

ကိုယ်ပါ ပင်းပန်းနွမ်းနယ်ကြပေသည်။ ညဘက်တွင်သာ အပန်းဖြေရန် အနည်းငယ် အချိန်ရ၏။

ည ၁၁ နာရီထိ မြို့မှာ အလွန်စည်ကားနေသေးသည်။

သို့သော် ယခုအချိန်တွင် တောင်ပိုင်းကျွန်း၏ တောင်ပိုင်းခရိုင်တွင် အဖြစ်အပျက်များ ဆက်တိုက်ဖြစ်ပွားနေလေသည်။

လက်ရှိတွင် လျိုနန်လမ်း၏ဗီလာရေယာရှိ ကွမ်းချီ၏အပန်းဖြေအိမ်တွင် လူဒါဇင်ပေါင်းများစွာ မတ်တပ်ရပ်နေကြသည်။ ယနေ့ည တိုက်ပွဲကြီးအတွက် သူတို့အားလုံး အဆင်သင့်ဖြစ်နေကြပေပြီ။

ကွမ်းချီသည် လောင်ပင်းနှင့်အပေါင်းအပါများ လုံးဝအထင်မသေးသင့်သည့် မကောင်းဆိုးရွားတစ်ဖြစ်သည်။ သူ၏စိတ်ထဲတွင် သူတို့နှင့်ပူပေါင်းရန် ဖိအားပေးသည်ဟု ခံစားရ၏။

ကောင်းပြီ။ ငါ့ဆီကိုသာ လာခဲ့လိုက်ပါ။ ငါက အဆင်သင့်ပဲ။ မင်းတို့လာရဲရင် ငါကလည်း တိုက်ရဲတာပေါ့။ မင်းတို့ ငါ့ကိုဒုက္ခရောက်အောင် လုပ်နိုင်မလားဆိုတာ မင်းတို့အပေါ် မူတည်တယ်။

မင်းတို့ သတ္တိရှိကြတယ်မလား။

ကွမ်းချီသည် သူတို့အား အလွန်အထင်သေးပေသည်။ ထန်ကျန့်၏ပြဿနာများက မပြီးဆုံးသေးဘဲ နောက်ဆက်တွဲ ဂယက်ရိုက်မှုများ ရှိနေသေး၏။ လောင်ပင်းနှင့်သူ့လူများ သတ္တိရှိလျှင်ပင် ထန်ကျန့်၏စံအိမ်မှအဖြစ်အပျက်ကဲ့သို့ ကြီးကြီးမားမားလုပ်ဝံ့မည်မဟုတ်ကြောင်း သူယုံကြည်သည်။

ထို့ကြောင့် ၎င်းတို့အား အရေးတယူမပြုဘဲ နာရီအနည်းငယ်ကြာအောင် စောင့်ဆိုင်းနေခဲ့ပြီးနောက် လောင်ပင်း လက်လျှော့သွားပြီဟု ကွမ်းချီ ယူဆလိုက်သည်။

သို့သော် ည ၁၁ နာရီတွင် အပြောင်းအလဲတစ်ခုဖြစ်သွားလေ၏။

ဝီး...ဝီ...။

ရုတ်တရက် တံခါးရှေ့မှ ဥသြသံအချို့ထွက်ပေါ်လာသည်။ ဤအပန်းဖြေအိမ်တွင် လူဆိုးလူမိုက်များစွာ ရှိနေသည်ကို သိရှိသည့်အတွက် လူတိုင်း ထိတ်လန့်သွားကြ၏။

ခြံဝင်းအတွင်းရှိ လူတိုင်း၏အကြည့်များအောက်တွင် ရဲကားများအတွင်းမှ လူတစ်ဒါဇင်က ထွက်လာကာ ခြေလှမ်းကျဲကြီးများဖြင့် ဝင်ရောက်လာကြသည်။

ပိန်ပါးကာ ခက်ထန်သည့်မျက်နှာရှိသည့် လူက ဦးဆောင်လာ၏။

သို့သော် ၎င်းက ခြံအတွင်းမှလူများကို အနည်းငယ်ထိတ်လန့်သွားစေသည့် အငွေ့အသက်ကို ဖြစ်ပေါ်စေသည်။ တကယ်တမ်းတွင် ကွက်များမှာ ကြောင်ကိုတွေ့လိုက်ရသည်နှင့် သဘာဝအတိုင်းပင် ထိတ်လန့်ကြပေ၏။ သို့သော် လူအချို့က ထိတ်လန့်ခြင်းမရှိဘဲ မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ကြသည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ။ ဆူဆူပူပူလုပ်နေကြတာလား" ခေါင်းဆောင်လာသည့် ခက်ထန်သောမျက်နှာနှင့်လူက ကျယ်လောင်စွာ အော်ဟစ်မေးလိုက်သည်။

"ဆူဆူပူပူလုပ်တယ်ဆိုတာ ဘာကိုပြောချင်တာလဲ" အသက် ၃၀ အရွယ်လူတစ်ယောက်က လူအုပ်ထဲမှထွက်လာကာ "ငါတို့ဒီမှာ ပါတီပွဲလုပ်နေတာ။ အဲ့ဒါ ဘာဖြစ်လို့လဲ။ မင်းတို့နဲ့ ဘာမှ မဆိုင်ဘူး"

"အင်း...မင်းတို့ ပါတီပွဲလုပ်တာဆိုရင် ပိုကောင်းတာပေါ့။ ငါ့ရှေ့က ထွက်သွားစမ်း"

"ငါတို့က ဘာလို့ထွက်သွားရမှာလဲ" ထိုလူက သူ့အား စိုက်ကြည့်ကာ "မင်း ဘာလုပ်ချင်တာလဲ။ ငါတို့အစ်ကိုကြီးက အစည်းအဝေးလုပ်နေတယ်။ အချိန်မရှိဘူး"

ထိုသို့ပြောလိုက်သည်နှင့် ခက်ထန်သောလူ၏မျက်နှာတွင် အေးစက်စက်အရိပ်အယောင်များ ဖြတ်ပြေးသွားသည်။

သူသည် ချက်ချင်း ခါးမှ သေနတ်ကို ထုတ်ယူလိုက်ကာ ဘာမှမပြောဘဲ ထိုလူ၏နဖူးကို ချိန်လိုက်၏။

“မင်းပစ်ရဲလို့လား” ထိုလူမှာ အပြင်ပန်းတွင် တင်းမာနေသော်လည်း အတွင်းစိတ်တွင်တော့ အနည်းငယ် ထိန်လန့်နေမိ၏။

သို့သော်...နောက်အခိုက်အတန့်တွင်တော့...

ဒိုင်း...

ခက်ထန်သောမျက်နှာနှင့်လူက ထိုလူ၏ဦးခေါင်းကို ချက်ချင်းပစ်သတ်လိုက်၏။

“မင်းရဲ့အဓိပ္ပာယ်မရှိတဲ့အရာတွေနဲ့ ငါ့အချိန်ကို မဖြုန်းနဲ့”

ပြောပြီးသည်နှင့် သူသည် အတွင်းသို့ ဆက်သွားလိုက်သည်။ လူတိုင်း နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်မိကြသည်။ ထိုရဲက

သေနတ်ခလုတ်အား ရဲရဲကြီးဆွဲလိုက်ရဲသောကြောင့် သူ့အတွက် လမ်းဖယ်ပေးလိုက်ကြသည်။

တံခါးကိုဖွင့်ကာ ခန်းမထဲသို့ ဝင်လာပြီးနောက် ဆိုဖာပေါ်တွင် စီးကရက်သောက်နေသည့် ကွမ်းချီနှင့်အတူ လူခုနှစ်ယောက်ရှစ်ယောက်ခန့်ကို တွေ့လိုက်ရသည်။ ရဲအရာရှိဝင်လာသည်ကိုမြင်တော့ သူ၏မျက်ခုံးများ ပင့်သွားသည်။

“ဟားဟားဟား...”ကွမ်းချီက ရယ်မောကာ မတ်တပ်ထရပ်လိုက်ပြီး ရှေ့သို့ ခြေလှမ်းအနည်းငယ်တိုး၍ “မင်း ဒီမှာ ဘာလာလုပ်တာလဲ။ မင်း ပိုင်နက်ကျူးလွန်နေတာပဲ။ မင်းမှာ ဝရမ်းပါလို့လား”

“အိုး” ခက်ထန်သော မျက်နှာနှင့်လူက ပြုံးကာ သူ၏ညာလက်ကို မြှောက်လိုက်သည်။

ဒိုင်း....ဒိုင်း....

ကွမ်းချီ၏ခြေထောက်တွင် သေနတ်နှစ်ချက် အပစ်ခံလိုက်ရ၏။ သူက လှောင်ပြုံးလိုက်ပြီး "စိတ်မကောင်းပါဘူး။ ဒါက ဝရမ်းပဲ"

ပြောပြီးသည်နှင့် သူသည် လူအုပ်အား အေးစက်စက်ကြည့်ကာ "ဒီသံသယရှိသူတွေကို ခေါ်သွားလိုက်"

သူ၏စကားကိုကြားသည့်အခါ လူတိုင်း၏အကြည့်များအောက်တွင် အိမ်အပြင်ဘက်မှ အခြားသူများ ဆက်တိုက် ဝင်လာကြသည်။

ရဲကားပေါ်ရောက်ပြီးနောက် နာကျင်မှုဝေဒနာခံစားနေရသည့် ကွမ်းချီသည် ထိုသူများ ယူနီဖောင်းချွတ်လိုက်သည်ကို မြင်သည့်အခါ အံ့အားသင့်သွား၏။ အတန်ကြာ မောင်းနှင်လာပြီးနောက်တွင်တော့ သူတို့အား တင်ခေါ်လာသည့်ကားများပေါ်မှ

ဂိုးကပ်ကားများပေါ်သို့ပြောင်းလဲသွားလိုက်သည့်အချိန်တွင် သူ၏စိတ်မှာ လုံး၀ အေးခဲသွားခဲ့သည်။

"မင်း…မင်းတို့ ရဲတွေမဟုတ်ဘူး။ မင်းတို့ ရှာတွေ့သွားမှာ မကြောက်ဘူးလား" ကွမ်းချီမှာ ထိတ်လန့်သွား၏။

လောင်ပင်းသည် ဤကဲ့သို့သော ကြောက်စရာကောင်းသည့် ပြစ်မှုအား ကျူးလွန်ဝံ့လိမ့်မည်ဟု သူမထင်ထားခဲ့ချေ။ လက်ရှိတွင် စောင့်ကြည့်ရေးဌာနမှာတဆင့် လိုက်လျှင် မိနစ်အနည်းငယ်အတွင်း သူတို့အား ရှာတွေ့သွားနိုင်သည်။

သို့သော် ခက်ထန်သောမျက်နှာနှင့်လူသည် ကဲ့ရဲ့ဟန်ဖြင့် ပြန်ပြောလေ၏။

"ဒါပေါ့…ငါတို့ ကြောက်တာပေါ့။ ဒါပေမယ့်…ဒီလမ်းတစ်လျှောက်က စောင့်ကြည့်ကင်မရာတွေအကုန်လုံး ပျက်နေတဲ့ပုံပါပဲ"

သူ၏စကားကိုကြားသည့်အခါ ကွမ်းချီမှာလုံးဝ ဖြူဖျော့သွား၏။

အခြားတစ်ဖက်တွင် အန်ရှင်းခရိုင်ရှိ ယွဲ့တီမှာ သူ့ကိုယ်သူရုပ်ဖျက်၍ နောက်ဖေးပေါက်မှ တဆင့် တိတ်တဆိတ်ထွက်ခွာသွားခဲ့သည်။ သူသည် မထင်မှတ်ထားသည့် အနက်ရောင် Volkswagen ကားထဲသို့ဝင်သွားကာ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မောင်းနှင်သွားခဲ့၏။ သို့သော် ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ ရောက်သည့်အခါတွင် ဒရုန်းတစ်ခုက သူ၏နောက်မှ ရုတ်တရက် ကျောက်တက်သွားခဲ့သည်။ ပြိုင်ကား တစ်ဒါဇင်ကျော်ခန့်သည် ယွဲ့တီ၏ကားကို ကြားဖြတ်ကာ တားဆီးလိုက်ကြ၏။

“ယွဲ့တီ ငါတို့နဲ့လိုက်ခဲ့” မျက်နှာရှည်ရှည်နှင့်လူတစ်ယောက်က ကားပေါ်မှ ဆင်းလာကာ ပြောလိုက်သည်။

"မင်း...မင်း ရဲ့ဟန်ရဲ့လူမဟုတ်လား" ယွဲ့တီ၏မျက်နှာမှာ အလွန်ပြောင်းလဲသွားပြီး မေးလိုက်သည်။

တချိန်က အာဏာပိုင်စိုးခဲ့သည့် ထန်ကျန့်၏လက်အောက်ငယ်သားနှစ်ယောက်မှာ အလွယ်တကူပင် ဖမ်းဆီးခံခဲ့ရသည်။

သူတို့၏နောက်ဆုံးပစ်မှတ်မှာ ဂူချန်း၏နယ်မြေဖြစ်၏။ သန်းခေါင်ကျော် မနက် ၁ နာရီ အချိန်တွင်...

ဂူချန်း၏ကြီးကြပ်မှုအောက်ရှိ ဘားအများအပြားတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ လူအသေအပျောက်မရှိသော်လည်း ဘားများမှာ ဖျက်ဆီးခံခဲ့ရပြီး ဂူချန်း၏တပည့်အများအပြား ဆေးရုံသို့ ရောက်ရှိသွားခဲ့ကြသည်။

အခြားပစ်မှတ်နှစ်ခုနှင့် ယှဉ်လျှင် သူသည် ဖြိုခွဲရခက်သည့် သစ်ကြားစေ့တစ်ခုဖြစ်သည့်အတွက် ၎င်းက သူ့အား အဓိပစ်မှတ်ဖြစ်သွားစေခဲ့သည်။

တိုက်ပွဲမှာ ၂ နာရီကြာမြင့်ခဲ့ပြီး ဂူချန်း၏နယ်မြေများစွာ ဆုံးရှုံးခဲ့ရသည်။ သူသည် ရှုရုံနှင့် လက်တွဲခဲ့သော်လည်း လုံးဝ ထိုးနှက်ခံခဲ့ရသည်။

"အစ်ကိုချန်း အခု ငါတို့ ဘာလုပ်ကြမလဲ။ လောင်ပင်းနဲ့ သူ့လူတွေ လူအများကြီးခေါ်ပြီး ဒီကိုလာနေတယ်လို့ ငါသတင်းရခဲ့တယ်" ရှုရုံက ဂူချန်း၏အိမ်ထဲတွင် ရပ်နေရင်း စိုးရိမ်တကြီးပြောသည်။

ဂူချန်းနှင့်ပူပေါင်းခြင်းသည့် သူ၏တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည့်အတွက် လိုလိုလားလားဖြင့်ပင် သူ၏လက်အောက်သို့ဝင်ခဲ့သည်။ သို့သော်လည်း ဂူချန်းသည် လောင်ပင်းနှင့်သူ့လူများအား ရပ်တန့်နိုင်ခြင်းမရှိဖြစ်လိမ့်မည်ဟု သူ မမျှော်လင့်ထားခဲ့ပေ။

"ဟင်း...." ဂူချန်းက လေးနက်စွာ သက်ပြင်းချလိုက်ပြီး "နို့မှောက်ကျတာကို ငိုနေလို့ အသုံးမဝင်ဘူး။ အခု ငါတို့မှာ ရွေးချယ်စရာ တစ်ခုပဲရှိတော့တယ်"

“ဘာလဲ” ရှုရုံက သံသယဖြင့် မေးသည်။

“လဆန်းပင်လယ်ကွေ့ကို သွားကြမယ်” ဂူချန်းက အသံတိုးတိုးဖြင့် “ငါတို့ အားဟူတို့အဖွဲ့နဲ့ ပူပေါင်းမယ်ဆိုရင် အခွင့်အရေးရှိပါသေးတယ်”

“တခြားရွေးချယ်စရာမရှိဘူးလေ” ရှုရုံက သက်ပြင်းချကာ ပြောသည်။

သူတို့ချက်ချင်းထွက်သွားကြပြီး ဖုန်းမင်ကလပ်တွင် အားဟူတို့နှင့်တွေ့ရန် ထွက်လာခဲ့ကြသည်။

အားဟူနှင့်သူ၏လူများမှာ ယနေ့ည အလွန်အရေးကြီးသည်ကို သိရှိသည့်အတွက် နိုးနိုးကြားကြားရှိနေကြ၏။ ဂူချန်းနှင့်သူ့လူများအား ရှင်းပြီးသည်နှင့် သူတို့၏နောက်ပစ်မှတ်မှာ လဆန်းပင်လယ်ကွေ့ရှိ အားဟူတို့အဖွဲ့ဖြစ်ပေသည်။

သို့သော်လည်း အတူစုစည်းပြီးနောက်တွင် ဖုန်းမင်ကလပ်၏ပထမထပ်၌ လူရာနှင့်ချီရှိနေခဲ့ရာ သူတို့အား အနည်းငယ် စိတ်ချစေခဲ့သည်။

အချိန်များတဖြည်းဖြည်းကုန်လွန်လာပြီး မနက်ငါးနာရီပင်ထိုးနေပြီဖြစ်သည်။ အရုဏ်မတက်မီတွင် ဂိုးကပ်ကား အစီး ၂၀ ကျော် မောင်းနှင်လာခဲ့၏။

သူတို့ရောက်လာပြီ...။

ခန်းမထဲရှိ လူတိုင်း အံ့အားသင့်သွားကြ၏။ သူတို့၏အကြည့်များအောက်တွင် လောင်ပင်း၊ မုံ့ဝူနှင့် အခြား လူ ၅ ယောက်မှာ ကားပေါ်မှ ဆင်းလာကာ တခြားဘယ်သူမှ မပါဘဲ ဝင်လာကြ၏။

သူတို့ဘာလုပ်မှာလဲ..။

လူများမှာ အနည်းငယ် အံ့ဩနေကြ၏။ ဤလူအနည်းငယ်လေးက ခန်းမထဲရှိ လူတစ်ရာကျော်ကို အနိုင်ယူနိုင်လိမ့်မည်ဟု သူတို့ ထင်နေကြသည်လား။

သို့သော်လည်း လောင်ပင်းနှင့်အခြားသူများမှာ ကြောက်ရွံ့ဟန်မပြကြချေ။ ခန်းမထဲသို့ဝင်လာပြီးနောက် လူတိုင်းသည် သူတို့အား လမ်းဖယ်ပေးလိုက်ကြပြီး ဂူချန်းနှင့်အဖွဲ့ဆီသို့ သွားရန် ခွင့်ပြုလိုက်ကြသည်။

"ဂူချန်း ဒါက မင်းရဲ့နောက်ဆုံးကာကွယ်ရေးစည်းလား"

"မင်းစိတ်လျှော့သွားပြီလား" ဂူချန်းက မထီမဲ့မြင် ရယ်မောလိုက်ပြီး "ဘာလို့ငါတို့နဲ့ တိုက်ရိုက် မတိုက်ခိုက်တာလဲ"

"မဟုတ်ဘူး မဟုတ်ဘူး" မို့ဝူက ခေါင်းကို အကြိမ်ကြိမ်ယမ်းကာ "ငါတို့ အဲ့လောက် မတုံးပါဘူး။ လူရာနဲ့ချီပြီး တိုက်ခိုက်ကြရင် အကုန်ဒုက္ခရောက်ကုန်မှာပေါ့။

ဒီတော့ မင်းကို ရွေးချယ်စရာ နှစ်ခုပေးမယ်။ ပထမတစ်ခုက မင်း အညံ့ခံဖို့ပဲ။ မင်းအညံ့ခံမယ်ဆိုရင်…”

“အဲ့ဒါကို ကျော်လိုက်။ နောက်တစ်ခုပြော” ဂူချန်းက မျက်ခုံးများကို တွန့်ကာ ကြားဖြတ်ပြောလိုက်သည်။

ပထမရွေးချယ်မှုအား လုံးဝ သူရွေးချယ်မည်မဟုတ်ပေ။ ၎င်းတို့သည် ပြိုင်ဘက်များဖြစ်သည့်အတွက် လက်နက်ချခြင်းသည် တစ်ခုတည်းသော ပြန်တိုက်ရန် အခွင့်အရေးကို စွန့်လွှတ်ခြင်းဖြစ်၏။

ထိုအချိန်တွင် လောင်ပင်းက လက်ခုပ်တီးကာ ရယ်မောလိုက်ပြီး “ဒါဆို မင်းကို ဒုတိယ ရွေးချယ်မှုပေးမယ်။ လူ ၁၀ ယောက် တိုက်ခိုက်ကြမယ်။ အခု ၅ နာရီရှိပြီ။ ဒါကြောင့် မင်းကို အချိန် ၂ နာရီပေးမယ်။ မနက် ၇ နာရီကျရင် ဝမ်နန်တောင်ပေါ်မှာ လူ ဆယ်ယောက် တိုက်ခိုက်ကြမယ်။ မင်းနိုင်ရင် လဆန်းပင်လယ်ကွေ့ကို ငါလုံးဝ

ခြေချမှာမဟုတ်ဘူး။ မင်းရှုံးရင်တော့ မင်းဒီကနေ ထွက်သွားရမယ်”

“ကောင်းပြီ” ဂူချန်းကမျက်လုံးများမှာ ကျဉ်းမြောင်းသွားပြီး “ငါတို့ ၇ နာရီ အချိန်မီလာခဲ့မယ်”

“ဟားဟားဟား...ကောင်းတယ်။ ငါ မင်းကို စောင့်နေမယ်။ မင်းငါ့ကို အထင်ကြီးစရာတစ်ခုခုပြနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အားနည်းတဲ့သူတွေကိုတော့ ခေါ်မလာခဲ့နဲ့” လောင်ပင်းသည် အထင်သေးစွာ ရယ်မောရင်း သူ၏လူများကို ဦးဆောင်၍ ပြန်ထွက်သွားခဲ့သည်။

သူတို့ထွက်သွားပြီးနောက်တွင် အားဟူ၊ ရှုရုံနှင့် အခြား ၅ ယောက်တို့၏မျက်နှာမှာ မှုန်မှိုင်းသည့်အမူအရာများဖြစ်နေကြသည်။ သူတို့ထဲက တစ်ယောက်က “အစ်ကိုချန်း ငါတို့မှာ တိုက်ခိုက်မယ့်လူ မလုံလောက်ဘူး” ဟု ပြောလိုက်၏။

...

-အပိုင်း(၂၀၄) ပြီး

wunzinnosp

## အပိုင်း(၂၀၅) အစ်ကိုဖုန်းကို လာဖို့ မေးကြည့်လိုက်မယ်

လူဆယ်ယောက်တိုက်ပွဲသည် သက်ဆိုင်ရာပြိုင်ဘက်များကိုတိုက်ခိုက်ရမည့် နှစ်ဖက်တိုက်ပွဲဖြစ်သည်။ အဖွဲ့တစ်ခုစီသည် လွတ်လပ်စွာတိုက်ခိုက်နိုင်သည့်တိုက်ပွဲအတွက် လူဆယ်ယောက် စေလွှတ်ရမည်ဖြစ်သည်။

ယေဘူယျအားဖြင့် ပြိုင်ဘက်အဖွဲ့နှစ်ခုလုံးသည် ကြီးမားသည့်အင်အားဖြင့်လွှမ်းမိုးထားကြ၏။ လူအများအပြား စတင်တိုက်ခိုက်သည်နှင့် ကြီးကြီးမားမားဖြစ်ပျက်နိုင်ပြီး ၎င်းအား ရပ်တန့်ရန် ခက်ခဲမည်ကို သိရှိကြသည်။ ထို့ကြောင့်

လူ ၃ ယောက်၊ လူ ၅ ယောက်၊ လူ ၁၀ ယောက် စသဖြင့် စိန်ခေါ်တိုက်ပွဲများ တဖြည်းဖြည်းပေါ်ပေါက်လာခဲ့သည်။

ထိုအထဲအတွင် လူဆယ်ယောက်တိုက်ပွဲမှာ ခက်ခဲမှုအကြီးမားဆုံးဖြစ်သည်။ ပထမဦးဆုံး အလွန်အစွမ်းထက်သည့် ကျွမ်းကျင်သူ ၁၀ ယောက်ရှာဖွေရန်မှာ ခက်ခဲပေသည်။ ဒုတိယအနေဖြင့် တိုက်ပွဲအတွင်း၌ မည်သည့်လက်နက်မျှ အသုံးမပြုကြသော်လည်း မတော်တဆမှုဆိုသည်မှာ အမြဲဖြစ်ပေါ်လေ့ရှိကာ ၎င်းတို့၏အသက်ကို အာမခံချက်မပေးနိုင်ပေ။

လောင်ပင်းနှင့်အပေါင်းအပါများမှာ လူဆယ်ယောက်တိုက်ခိုက်ရန် သတ္တိရှိနေသည့်အတွက် ၎င်းတို့ဘက်မှ တိုက်တိုက်မည့် ကျွမ်းကျင်သူဆယ်ယောက် ပြင်ဆင်ထားပြီးဖြစ်ရပေမည်။ သို့သော်လည်း ဂူချန်းအတွက် ကျွမ်းကျင်သူအလုံအလောက်ရှာတွေ့နိုင်ရန် မလွယ်ကူပေ။

"ငါတို့အရှုံးမပေးနိုင်ဘူး။ ငါ့ကိုထည့်တွက်လိုက်" ဂူချန်းက လေသံတိုးတိုးဖြင့် ပြောသည်။ သူသည် ဆုံးဖြတ်ပြီးသားဖြစ်၍ တတ်နိုင်သမျှ တိုက်ခိုက်ရပေမည်။ ဤအချိန်တွင် ဂူချန်းသည် သူ့ရှေ့သို့ ခြေတစ်လှမ်းတိုးရမည်အား သိလိုက်၏။

"ငါ့ကိုရော ထည့်တွက်လိုက်" အားဟူက မျက်မှောင်ကြုတ်ကာ ပြောသည်။

"ငါရောပဲ" ရှုရုံက အသက်ပြင်းပြင်းရှူကာ ပြောလိုက်သည်။

အံ့ဩလောက်စရာ လူအချို့က မိနစ်အနည်းငယ် ရှေ့ထွက်လာကြပြီး မိနစ်အနည်းငယ်အတွင်းမှာ ခြောက်ယောက်ဖြစ်သွားခဲ့သော်လည်း သူတို့အနေဖြင့် လေးယောက်လိုနေသေးပေသည်။

"ငါတို့ လေးယောက်လိုနေတယ်။ ဘယ်လိုလုပ်ကြမဲ" ရှုရုံက အံကြိတ်ကာ မေးသည်။

သူ၏စကားကိုကြားပြီးနောက် ဂူချန်းမှာ အနည်းငယ် မျက်မှောင်ကြုတ်သွား၏။ အချိန်အတန်ကြာစဉ်းစားလိုက်ပြီးနောက် သူ၏လူတစ်ယောက်ဆီသို့ လှမ်းကြည့်ကာ မေးလိုက်သည်။

"အားလန် ငါတို့နဲ့ပူးပေါင်းမလား"

အားလန်မှာ အရပ် ၁.၈၅ မီတာရှည်ကာ ကိုယ်အလေးချိန် ကီလို ၂၀၀ ခန့်ရှိသည်။ သူသည် ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးကောင်းမွန်ပြီး တိုက်စစ်ကို ကောင်းစွာ စွမ်းဆောင်နိုင်ပေသည်။ ဂူချန်းက သူ့အား တိုက်ရိုက်မေးနေသည့်အတွက် သူသည် ခက်ခဲသည့်အရာများကို မလုပ်ချင်သော်လည်း သူ့အတွက် ရွေးချယ်စရာမရှိချေ။

အားလန်သည် ဝေခွဲမရဟန်ဖြစ်နေပြီး ခံစားချက်များကြောင့် သူ၏ခန္ဓာကိုယ်က အနည်းငယ် တုန်ရီနေကာ "တောင်းပန်ပါတယ် အစ်ကိုချန်း။ ငါ

ဆယ်ရောက်တိုက်ပွဲမှာ မပါနိုင်ဘူး။ ငါ့ကောင်မလေးက မကြာသေးခင်ကမှ လက်ထပ်ခွင့်တောင်းတာကို လက်ခံလိုက်တာ။ ငါ တိုက်ပွဲထဲပါရင် မသေရင်တောင်မှ ဒဏ်ရာအပြင်းအထန်ရသွားလိမ့်မယ်။ ငါသေချာပေါက် မလုပ်နိုင်ဘူး။ ငါ တောင်းပန်ပါတယ် အစ်ကိုချန်း..”

အားလန်မှာ ပြောနေရင်းဖြင့် ရှက်ရွံ့လွန်းသဖြင့် မျက်လုံးများနီရဲကာ ခေါင်းငုံ့လိုက်သည်။

သို့သော်...ဤအချိန်တွင် လူတိုင်း သူ့အား နားလည်ပေးနိုင်ကြပေသည်။ ဤကဲ့သို့သော တိုက်ပွဲမျိုးမှာ လွယ်ကူသည်မဟုတ်ပေ။

“ရပါတယ်။ အဆင်ပြေပါတယ်” ဂူချန်းက ညင်သာစွာပြုံး၍ သူ၏ပုခုံးအားပုတ်လိုက်ပြီး “မင်းမကြာခင် မင်္ဂလာဆောင်တော့မယ်။ အရမ်းကောင်းတယ်။ မင်းရဲ့မင်္ဂလာပွဲကို ငါတတ်နိုင်မှာပါ။ ဘာမှ အပြစ်ရှိသလို ခံစားမနေနဲ့”

ထိုနောက်တွင် ဂူချန်း၏မျက်လုံးများက ဤနေရာရှိ လူတစ်ရာရှီးပါးအား လှည့်ပတ်ကြည့်ရှုလိုက်သော်လည်း အားလုံးက ခေါင်းငုံ့ထားကာ မကြည့်ရဲကြပေ။

ဟင်း...

ဂူချန်းသည် သူတို့ရှုံးနိမ့်နေပြီဖြစ်သော ခံစားချက်များဖြင့် စိတ်ထဲမှ သက်ပြင်းချလိုက်မိ၏။

"ငါ့ကိုလည်း ထည့်တွက်လိုက်"

ရုတ်တရက် အသံကျယ်ကျယ်တစ်ခုထွက်လာသည်။ လူအုပ်၏အနောက်မှ လူတစ်ယောက် ရှေ့ထွက်လာခဲ့သည်။ သူသည် အရပ် ၁.၇ မီတာရှိကာ ကိုယ်အလေးချိန် ကီလို ၁၂၀ ခန့်ရှိ၏။ သူ၏နဖူးမှာ အေးစက်သည့်ချွေးစေးများကို မြင်နိုင်လောက်အောင်ပင် သူစိုးရိမ်နေခဲ့သည်။ သိသာစွာပင် သူ၏စိတ်ထဲ၌ လွန်ဆွဲနေခဲ့ရပေမည်။

"အစ်ကိုချန်း မင်းက ငါ့အသက်ကိုကယ်ခဲ့တာ။ ဒီတိုက်ပွဲမှာ ငါ့ကိုပါ ထည့်တွက်လိုက်ပါ"

"မင်းလား" ဂူချန်းက အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်ပြီး "ထားလိုက်ပါ။ ဒီလိုတိုက်ပွဲမျိုးက မင်းအတွက် မသင့်တော်ပါဘူး။ ပြန်သွားလိုက်ပါ"

သူ၏ရှေ့မှလူသည် လက်သီးတစ်ချက်တည်းနှင့်ပင် မှောက်သွားနိုင်သည့်အတွက် သူ့အား ပါဝင်ခွင့်ပြုရန် အဓိပ္ပာယ်မရှိပေ။

"ငါ... အစ်ကိုချန်း...ငါ့ကိုယုံပါ။ ငါလုပ်နိုင်ပါတယ်" ထိုလူက ပြောသည်။

"ကောင်းပြီ မင်းပြန်သွားလိုက်ပါ။ အလောတကြီးမဆုံးဖြတ်နဲ့" ရှုရုန် ရောက်လာကာ သူ၏မျက်နှာအား အနည်းငယ်တည်ငြိမ်သွားစေရန် ပြောလိုက်သည်။ သူက ဂူချန်းအားကြည့်ကာ "အစ်ကိုချန်း

ငါ့ထက်မညံ့တဲ့ လူသုံးယောက်နဲ့ ငါသိတယ်။ သူတို့ကို ကူညီပေးနိုင်မလား မေးကြည့်လိုက်မယ်”

“အိုး ကောင်းတယ် ကောင်းတယ်။ ငါတို့ နောက်ထပ်တစ်ယောက်ပဲလိုတော့တယ်”

ဂူချန်း၏မျက်လုံးများ တောက်ပလာသည်။

ထိုလူများမှာ ရှုရုံထက်မညံ့သည့်အတွက် ကျွမ်းကျင်သူများဖြစ်ရပေမည်။

ဤအခိုက်တွင် အားဟူရောက်လာပြီး “အစ်ကိုချန်း နောက်ဆုံးတစ်ယောက်အတွက် ငါ့မှာ အကြံပြုစရာရှိတယ်။ ငါတို့…ငါတို့ အစ်ကိုဖုန်ကို အကူအညီတောင်းလိုက်မယ်ဆိုရင်ရော”

ကျော်ဖုန်း…။

နာမည်လေးတစ်ခုနှင့်ပင် တစ်ခန်းလုံးတိတ်ဆိတ်သွား၏။

ကျောက်ဖုန်းသည် ခွန်ရှင်းတန်အား တစ်ချက်တည်းနှင့် အနိုင်ယူခဲ့သည်ကို သူတို့ မှတ်မိနေသေးသည်။ သူသည် ဤနေရာရှိလူတိုင်းထက် အကောင်းဆုံးတိုက်ခိုက်ရေးသမားတစ်ယောက်ဖြစ်ပေသည်။ အကယ်၍ ကျောက်ဖုန်းသာ ပါဝင်ခဲ့လျှင် စိတ်ကျေနပ်စရာပင်။

"ကျောက်ဖုန်း....ကျောက်ဖုန်း..." ဂူချန်းမှာ ခေါင်းကိုငုံ့ကာ ခဏတန့်သွားပြီး "ဒါပေမယ့် သူက အနားယူသွားပြီ။ ငါတို့က သူ့ကို အကူအညီတောင်းလိုက်ရင် သူထပ်ပြီး ပြဿနာထဲဝင်ပါမိသွားလိမ့်မယ်။ အဲဒါက နည်းနည်းတော့..."

"သူပြဿနာဖြစ်ရင်လည်း ကျွန်တော်တို့ညီအစ်ကိုတွေ သူ့နောက်မှာရှိနေမှာပါ" အားဟူက စိတ်လှုပ်ရှားစွာပြန်ပြောသည်။

ကျောက်ဖုန်း သူတို့အား ဦးဆောင်ပေးရန် မျှော်လင့်ထားသည့်အတွက် ဤအချိန်တွင်

ကျောက်ဖုန်းထွက်လာရန် အမှန်တကယ်တောင်းဆိုချင်ပေသည်။ ဤအရာက နောင်တွင် အစ်ကိုဖုန်းကို ပြဿနာဖြစ်စေမည်ဆိုလျှင်ပင် သူသည် သူ့နောက်သို့ ခိုင်မြဲစွာလိုက်နေမည်ဖြစ်သည်။

"အာ…" ဂူချန်း တုံ့ဆိုင်းနေဆဲပင်။

ကျောက်ဖုန်း အနားယူသွားခြင်းကို သူကောင်းကောင်းနားလည်ပေသည်။ ယခု သူအနားယူသွားပြီးနောက် ပြန်ပေါ်လာခဲ့ပါက အခြားသူများက ၎င်းတို့၏အကန့်အသတ်မဲ့လှုပ်ရှားမှုများကို လုပ်ဆောင်ကြပေမည်။ ထို့ပြင် သူ၏အေးချမ်းသည့်ဘဝမှာလည်း ပျက်ပြားသွားပေမည်။ သို့သော်…ကျောက်ဖုန်းသာ ပါဝင်လာပါက ဤတိုက်ပွဲတွင် သူတို့အနိုင်ရလိမ့်မည်ဟု ဂူချန်း သေချာသလောက်ပင်။

"အစ်ကိုချန်း တွန့်ဆုတ်မနေပါနဲ့။ အစ်ကိုဖုန်းကို နှိုးထဲဆွဲချမိရင်ရော ဘာဖြစ်လဲ။ ဒီအခက်အခဲကိုသာ

ကျော်ဖြတ်နိုင်ခဲ့ရင် အချိန်အတိုင်းအတာတစ်ခုဆို ဖြည်းဖြည်းချင်း ပြန်အဆင်ပြေသွားမှာ သေချာပါတယ်။ အဲ့အခါကျရင် အစ်ကိုဖုန်းလိုချင်တာ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပေးနိုင်ပါတယ်”

ရှုရုံက နည်းငယ်စိတ်မရှည်ဖြစ်လာသည်။ နာရီအားကြည့်လိုက်ရာ ၆ နာရီထိုးနေပြီဖြစ်သည်ကိုတွေ့လိုက်၍ သူတို့ တံ့ဆိုင်းနေဖို့ အချိန်မရှိတော့ပေ။ သူက အားဟူအားကြည့်လိုက်ပြီး “အစ်ကိုဖုန်းကို ဖုန်းခေါ်လိုက်ပါ။ သူဘာလုပ်ချင်လဲဆိုတာ မေးကြည့်တာပေါ့”

“ကောင်းပြီ” အားဟူ၏ နှုတ်ခမ်းများ တွန့်ကွေးသွားသည်။ သူသည် ဖုန်းကိုထုတ်ကာ ကျောက်ဖုန်း၏နံပါတ်ကို အမြန်ခေါ်လိုက်ပြီး စပီကာဖွင့်ထားလိုက်၏။ ထိုနောက် ဖုန်းက မြည်လာလေသည်။

ဤအခိုက်အတန့်တွင် အခန်းထဲ၌ တိတ်ဆိတ်နေခဲ့သည်။ တင်းမာသောလေထုက လွှမ်းခြုံထားသဖြင့် လူတိုင်း အသက်ရှူကြပ်လာကြသည်။

အစ်ကိုဖုန်းက သဘောတူမလားဆိုသည်ကို သူတို့မသိကြပေ။

အားဟူပင်လျှင် အနည်းငယ်စိတ်လှုပ်ရှားနေသည်။ သို့သော် ဖုန်းခေါ်ပြီး မကြာမီပင် ချိတ်ဆက်မိသွား၏။

"ဟဲလို အားဟူ။ ဒီနေ့ စောစောထလို့ပါလား" ကျောက်ဖုန်း၏အသံက ဖုန်းထဲမှ ထွက်ပေါ်လာသည်။

"အစ်ကိုဖုန်း" အားဟူ၏အသံမှာ အနည်းငယ်တုန်ယင်နေပြီး "လောင်ပင်းက မနေ့ညက လှုပ်ရှားခဲ့တယ်။ ငါတို့နေရာကလွဲပြီး ကျန်တဲ့နေရာတွေအကုန် ပျက်စီးကုန်ပြီ။ အခု အစ်ကိုချန်းနဲ့ အစ်ကိုရှန်က ငါတို့ နိုက်ကလပ်မှာရှိတယ်။ လောင်ပင်းနဲ့သူ့လူတွေက

ငါတို့ဆီရောက်လာပြီး လူဆယ်ယောက်တိုက်ပွဲကို တိုက်ဖို့လာပြောတယ်။ ငါ၊ အစ်ကိုချန်း၊ အစ်ကိုရုံ၊ မုံ့ကြီး၊…”

“လူဆယ်ယောက်တိုက်ပွဲလား” ကျောက်ဖုန်း၏ သြရှသည့်အသံကို ကြားလိုက်ကာ ရသည်။ “မင်းနဲ့ မုံ့ကြီးက ဘယ်လိုဖြစ်တာလဲ။ မင်းတို့နှစ်ယောက်ကို ကိုယ့်အကန့်အသတ်ကို နားမလည်ဘူးလား”

ကျောက်ဖုန်းက သူတို့နှစ်ယောက်အား ပြစ်တင်ပြောဆိုနေသော်လည်း သူ၏စိတ်ထဲတွင် စိုးရိမ်၍ပြောခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

“ငါတို့မှာ ရွေးချယ်စရာ မရှိဘူး။ ငါတို့မှာ ကိုးယောက်ပဲစုနိုင်ခဲ့ပြီး လူမလောက်လို့။ အစ်ကိုဖုန်း…ငါ…” အားဟူ ဆက်မပြောနိုင်တော့ပေ။

သို့သော်…ကျောက်ဖုန်းက သူ ဘာကိုဆိုလိုသလဲ ရှင်းရှင်းလင်းလင်းသိပေသည်။

ကျောက်ဖုန်း တိတ်ဆိတ်သွား၏။ ဤအခိုက်တွင် အခန်းထဲရှိ လူတစ်ရာခန့်မှာ တဖြည်းဖြည်းနှလုံးခုန်သံများ မြန်လာကြသည်။ နောက်အခိုက်အတန့်တွင် သူဆုံးဖြတ်ချက်ချမည်ကို အားလုံးသိပေသည်။

နောက်ဆုံးတွင် ငါးစက္ကန့်ကြာပြီးနောက် ကျောက်ဖုန်း၏အသံက ဖုန်းထဲမှာ ထွက်လာခဲ့သည်။

"ငါ သူ့ငွေးကို မေးဖို့လိုတယ်။ ခဏစောင့်ဦး"

ပြောပြီးသည်နှင့် ကျောက်ဖုန်းက ဖုန်းချလိုက်သည်။ သူသည် မျက်မှောင်ကြုတ်ကာ ခဏလောက်စဉ်းစားလိုက်ပြီးနောက် အင်္ကျီဝတ်ကာ အိမ်မှ ထွက်လာခဲ့သည်။ စားသောက်ဆိုင်သို့ရောက်ရန် မိနည်းအနည်းငယ် အချိန်ယူရသည်။ ဆိုင်ထဲသို့ဝင်လာပြီးနောက် ကျောက်ဖုန်းက အသံတိုးတိုးဖြင့် "ဆရာ၊ ဆရာနိုးပြီးလား။ ဆရာ ရှိလား"

"ဟေး ဘယ်သူလဲ" ဤအချိန်တွင် မုန့်မုန့်သည် လှေကားမှ ဆင်းလာ၏။ သူမလေးသည် ကျောက်ဖုန်းအား မြင်လိုက်ရပြီးနောက် လက်ကလေးကို ဝှေ့ယမ်းကာ "အစ်ကိုကြီး ဒီနေ့ဘာလို့ အစောကြီးရောက်နေတာလဲ"

"ဒီနေ့ အစ်ကိုကြီးက အိပ်ရာစောစောထတယ်လေ။ ဒါကြောင့် အစောကြီးလာခဲ့တာ။ မုန့်မုန့်လည်း စောစောထတာပဲ" ကျောက်ဖုန်းက ပြုံး၍ ပြန်ဖြေသည်။

"အမ်ဟမ်...မုန့်မုန့်က ခုမှ အိပ်ရာထတာ။ နေရောင်က သမီးခြေထောက်ကို ထိုးနေပြီ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောပြီး ကာတွန်းကားကြည့်ရန် ဆိုဖာဆီသို့ ပြေးသွားလေသည်။

ထိုအချိန်တွင် ကျန်းဟန် ဒုတိယထပ်မှာ ဆင်းလာသည်။ သူ့အား မြင်လိုက်သည်နှင့် ကျောက်ဖုန်းက နှုတ်ဆက်ရန် ရှေ့သို့အမြန်လျှောက်သွားပြီး တိုးတိုးလေးပြောလိုက်သည်။

"အဲ...ဆရာ...။ ကျွန်တော် ဆရာ့ကို မေးစရာလေးရှိလို့"

"ဘာဖြစ်လို့လဲ" ကျန်းဟန်က ပေါ့ပါ့ပါးပါးပြောသည်။

"ရုံဟဲဂိုဏ်းက ဖရိုဖရဲဖြစ်နေတယ်။ ကျွန်တော့် အရင်က လူတွေက ပြဿနာဖြစ်နေလို့။ သူတို့ တိုက်ပွဲမှာ အနိုင်ရဖို့လိုနေတာ။ ဒါပေမယ့် သူတို့ လူအင်အား နည်းနေတော့..."

သူ၏စကားမဆုံးခင်မှာပင် ကျန်းဟန်က "မင်း သူတို့နဲ့ပါဝင်ချင်လို့လား"

သူ၏စကားကို ကြားသည့်အခါ ကျောက်ဖုန်း အေးခဲသွား၏။ ကျန်းဟန်၏အမူအရာမှ သူ၏ရည်ရွယ်ချက်ကို မဖော်ထုတ်နိုင်ပေ။ ထို့ကြောင့် ခဏစဉ်းစားကာ "ဆရာပြောတဲ့အတိုင်းပဲ ကျွန်တော်လုပ်မယ်" ဟု ပြန်ဖြေလိုက်သည်။

ကျန်းဟန်က သူ့အား အပေါ်အောက် ကြည့်ကာ ရယ်မော၍ ပေါ့ပေါ့ပါးပါးပြောလိုက်သည်။ "မင်းသွားချင်ရင်သွားပါ။ နောက်ကျရင် ဒီလို

အသေးအမွှားလေးတွေကို ပြောမနေနဲ့။ မင်းမကောင်းတာမလုပ်ရင်ရပြီ။ မင်းလုပ်ချင်တာ လုပ်လို့ရတယ်”

“ကောင်းပြီ။ ကျေးဇူးပါဆရာ”

ကျောက်ဖုန်း၏မျက်လုံးများ တောက်ပသွားပြီး အကြိမ်ကြိမ်ခေါင်းညိတ်သည်။

“သွားတော့”

ကျောက်ဖုန်း လှည့်ကာ ထွက်သွားသည်။ ကျောက်ဖုန်း အပြင်ရောက်ခါနီးတွင် ကျန်းဟန်က ဂရုမစိုက်သည့်လေသံဖြင့် ပြောလိုက်သည်။

“မင်းက ငါ့တပည့်ပဲ။ ဒီတော့ မင်းကိစ္စတွေကို ကိုင်တွယ်တဲ့အခါ ဘာမှ အထိန်းအချုပ်မထားသင့်ဘူး။ မင်းရဲ့ပြိုက်ဘက်တွေကို တစ်ခါတည်းရှင်းပါ။ သူတို့ကို ငါ့ရှေ့မှာ ပေါ်မလာစေနဲ့”

"နားလည်ပါပြီ ဆရာ" ကျောက်ဖုန်းက ခေါင်းညိတ်ကာ အခန်းထဲမှထွက်သွားပြီးနောက် ကားပေါ်သို့တက်လိုက်သည်။

တစ်ဖက်တွင် ဖုန်းမင်ကလပ်၏ပထမထပ်၌ လူတိုင်း၏စိုးရိမ်ပူပန်မှုက အခန်းတွင်းလေထုအား တဖြည်းဖြည်း မွန်းကြပ်လာစေသည်။

"မိနစ် ၂၀ ရှိပြီ သူပြန်မခေါ်သေးဘူး။ အစ်ကိုဖုန်း မလာလောက်တော့ဘူးထင်တယ်" ရှုရုံက ခါးသီးစွာ ပြုံးလိုက်သည်။ သူတို့၏နောက်ဆုံးမျှော်လင့်ချက်မှာ ပျက်စီးသွားလိမ့်မည်ဟု မထင်ထားခဲ့ပေ။

"ဟင်း..." အားဟူက သက်ပြင်းချကာ "အစ်ကိုဖုန်းက အနားယူသွားပြီဆိုတော့ သူ မလာတာက ပုံမှန်ပါပဲ။ အခု ၆ နာရီ မိနစ် ၃၀ ရှိပြီ။ အစ်ကိုချန်း ငါတို့သွားရမယ့်အချိန်ရောက်ပြီ"

"အင်း...သွားကြမယ်" ဂူချန်းက တိုးလျသည့်အသံဖြင့် ပြောသည်။

ကျောက်ဖုန်းသာ ပါဝင်လာမည်ဆိုပါက သူတို့အနိုင်ရရန် အခွင့်အရေးရှိသည်။ ကျောက်ဖုန်း မပါဘဲ တိုက်ခိုက်ရမည်ကို စဉ်းစားရင်း သူ၏စိတ်များ လေးလံနေခဲ့သည်။ ဤတစ်ကြိမ်တွင် အသက်ဆုံးရှုံးနိုင်ရန် အလားအလာများကြောင်း သူသဘောပေါက်ပေသည်။

သူတို့ ထွက်ခါနီးတွင် အပြင်၌ ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်။

"အစ်ကိုဖုန်း"

"သူလာပြီ။ အစ်ကိုဖုန်းလာပြီ"

"အရမ်းကောင်းတယ် အစ်ကိုဖုန်း"

ကျောက်ဖုန်းသည် ပြုံးကာဖြင့် အခန်းထဲသို့ လျှောက်လာရင်း လူအုပ်ကြီးက နောက်သို့ ခြေလှမ်းအနည်းငယ် ချဲပေးကာ သူ့အတွက် ၃ မီတာကျယ်သည့် လမ်းကို ဖွင့်ပေးလိုက်ကြသည်။

တဖြည်းဖြည်းနှင့် လူအုပ်ကြီးမှာ စကားလုံးသုံးလုံးအား အော်ဟစ်ကြလေသည်။

“အစ်ကိုဖုန်း”

“အစ်ကိုဖုန်း”

သူ..လာပြီ။

ဂူချန်း သက်ပြင်းတစ်ချက်ချကာ ကျောက်ဖုန်းအား ကြည့်၍ ပြုံးလိုက်သည်။

အားဟူ၊ ရှုရုံ၊ မုံ့ကြီးနှင့် အခြားသူများမှာလည်း အူလှိုက်သည်းလှိုက် ရယ်မောမိကြလေသည်။

…

-အပိုင်း(၂၀၅) ပြီး

wunzinnosp

## အပိုင်း(၂၀၆) ကြီးမားသည့်ဖိအားအောက်တွင်

“အစ်ကိုဖုန်း မင်း ငါတို့ကို မစွန့်ပစ်ဘူးဆိုတာ ငါသိတယ်” အားဟူက နက်နက်ရှိုင်းရှိုင်းပင် ခံစားသွားရသည်။ သူက ရယ်မောကာ ကျောက်ဖုန်းအား ပွေ့ဖက်ရန် ရှေ့သို့ တိုးလာသည်။

“အစ်ကိုဖုန်း” မုံ့ကြီးကလည်း ပြုံးရွှင်ကာဖြင့် သူ၏လက်နှစ်ဖက်အား ဆန့်ထုတ်လိုက်သည်။

“လာ” ကျောက်ဖုန်းက လက်ကိုမြှောက်လိုက်ကာ သူ၏ပွေ့ဖက်မှုကို ငြင်းဆန်လိုက်သည်။ “ငါတို့ အနိုင်ရတဲ့အချိန်ကျမှ ဂုဏ်ပြုကြတာပေါ့”

“ကောင်းပြီ…အဲ့ဒါ အကောင်းဆုံးပဲ” မုံ့ကြီးက အားရပါးရရယ်မောရင်း ပြောသည်။

“ငါဒီမှာ” ဂူချန်းက လျှောက်လာပြီး ကျောက်ဖုန်းအား ခေါင်းညိတ်ပြသည်။

"အင်း…သွားကြရအောင်" ကျောက်ဖုန်းက တစ်ခါတည်း လှည့်ထွက်လိုက်သည်။

ဖုန်းမင်ကလပ်မှ လူအုပ်ကြီး ထွက်လာခဲ့သည်။ ကားပေါ်တက်လိုက်ကြပြီးနောက်တွင် ဝမ်နန်တောင်သို့ ဦးတည်သွားလိုက်ကြ၏။

မနက် ၆ နာရီ ၅၀ မိနစ်တွင် သူတို့ ဝမ်နန်တောင်ခြေသို့ ရောက်ရှိသွားခဲ့ကြသည်။

ဝမ်နန်တောင်သည် လဆန်းပင်လယ်ကွေ့၏နောက်ဘက် အတန်သင့်ဝေးကွာသည့်နေရာတွင် တည်ရှိသော တောင်ဖြစ်သည်။ လဆန်းတောင်နှင့်နီးပြီး မိနစ်အနည်းငယ် အကွာအဝေးတွင် တည်ရှိသည်။ ၎င်းသည် ကုန်းတွင်းပိုင်း၌တည်ရှိသောကြောင့် ၎င်း၏ရှုခင်းအား လဆန်းတောင်က လွှမ်းမိုးထား၏။

သို့သော် ဤနေရာသို့ လူများ လာခဲ့သည့်အတွက် တိုက်ခိုက်ရန် နေရာကောင်းတစ်ခုဖြစ်သည်။

တောင်ခြေရင်းတွင် ကျယ်ပြန့်သည့် နေရာလပ်တစ်ခုရှိ၏။ ကားများကို လမ်းဘေးတွင်ရပ်လိုက်ပြီး ချိန်းထားသည့်နေရာသို့ လျှောက်သွားကြသည်။

“ငါ့လခွမ်းပဲ။ အဲ့စောက်ရူးကောင်တွေက တိုက်ခိုက်ဖို့ လေကြီးနေပြီးတော့ နောက်ကျနေကြတယ်” မုံ့ကြီးက ပတ်ဝန်းကျင်ရှား လှည့်ပတ်ကြည့်ပြီးနောက် လောင်ပင်းနှင့်သူ့လူများ မရောက်သေးသည်ကို တွေ့လိုက်ရသည်။

“အစ်ကိုဖုန်း လာမယ်ဆိုတာကြားပြီး မလာရဲတော့ဘူးထင်တယ်” အားဟူက ပြုံးကာ ပြောသည်။

ဒဏ္ဍာရီလာ ခွန်ရှင်းတန်ကိုပင် တစ်ချက်တည်းနှင့် အနိုင်ယူခဲ့သည့် သူ၏အစ်ကိုဖုန်းသည် သူတို့၏နှလုံးသားထဲတွင် မယုံကြည်နိုင်စရာကောင်းသည့် တည်ရှိမှုတစ်ခုဖြစ်သည်။

“စောင့်ကြည့်တာပေါ့” ဂူချန်းက ခေါင်းယမ်းကာ ပြောသည်။ သူသည် တိုက်ခိုက်ရန် ရွေးချယ်ဝံ့သည့်အတွင် လောင်ပင်းသည် သေချာပေါက် အားသာချက်ရှိရပေမည်။

၆ နာရီ ၅၅ မိနစ်တွင် တိတ်ဆိတ်နေသည့် တောင်တန်းများပေါ်၌ ကျေးငှက်အော်သံများကို ရံဖန်ရံခါကြားနေရ၏။ နွေးထွေးသည့်နေရောင်ခြည်က သူတို့အပေါ်သို့ ကျရောက်လာသည်။ သို့သော်… ကားစက်သံများက သူတို့၏ငြိမ်းချမ်းမှုကို ဝင်ရောက်နှောင့်ယှက်သွားသည်။

“သူတို့လာပြီ” ရှူရုံက လမ်း၏အဆုံးသို့ လှမ်းကြည့်နေသည်။

တစ်ချိန်တည်းမှာပင် လူတစ်ရာခန့်သည့် လာနေသည့်လူများဆီသို့ အကြည့်များရောက်သွားကြသည်။ မာစီးဒီးဘင့်ဇ်ကား ၁၂ စီးသည် ဦးဆောင်၍

မားစီးတီးကားတန်းကြီးသည် နောက်ဘက်တွင် ဂျင်ဘယ်ကား ၁၆ စီးလိုက်ပါလာကာ မောင်းနှင်လာခဲ့သည်။

ဘယ်လိုလူအုပ်ကြီးလဲ။

သူတို့၏အကြည့်များအောက်တွင် အနီးအနားရှိ လမ်းဘေးတစ်နေရာတွင် ကားတန်းကြီး ရပ်သွားပြီး လောင်ပင်းနှင့် မုံ့ဝူတို့ဦးဆောင်ကာ ကားပေါ်မှ ဆင်းလာကြသည်။

သူတို့နှစ်ယောက်သည် ခေါင်းဆောင်အဖွဲ့ဝင် တစ်ဒါဇင်အား ဦးဆောင်ကာ အဖွဲ့ဝင် တစ်ရာကျော်အား နောက်မှ ခေါ်လာခဲ့ကြသည်။ လူအုပ်သည် ခံ့ညားထည်ဝါသည့် ဟန်ပန်ဖြင့် လျှောက်လာကြ၏။

"ဂူချန်း မင်းက တကယ်ကို အချိန်မှန်တာပဲ" လောင်ပင်းက ခပ်ရေးရေးပြုံးကာ ပြောသည်။

“မဟုတ်ဘူး။ မင်း နောက်ကျနေတာ” ဂူချန်းက လေသံတိုးတိုးဖြင့် တုံ့ပြန်လိုက်၏။

“ဟားဟား…မင်းတို့ စောစောလာပုံထောက်ရင် မင်းတို့မှာ အားကိုးစရာရှိတဲ့ပုံပဲ” လောင်ပင်းသည် ကျောက်ဖုန်းအား ကြည့်ရင်း အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။ သို့သော် သူသည် အံ့ဩသွားဟန်ဆောင်လိုက်ကာ “အာ…ဒါက ဘယ်သူလဲ။ ငါမှတ်မိတာ မမှားရင် ဒါက လွန်ခဲ့နှစ်ရက်က မြေအောက်လောကကနေ အနားယူသွားတဲ့ ကျောက်ဖုန်း မဟုတ်လား။ ဟားဟား…ကျောက်ဖုန်းက မင်းကိုကာကွယ်ပေးမယ့်သူဖြစ်သွားတာပဲ။ ဘယ်လောက်တောင် အာဏာကြီးလိုက်သလဲ။ ငါတကယ် လေးစားပါတယ်”

“ဟမ့် စောက်ရူး။ မင်းက အနားယူသွားပြီးကတည်းက ဒီနေရာမှာ ဘယ်လိုပေါ်လာရဲတာလဲ။ ကျောက်ဖုန်း ကျော်ကဖုန်း မင်းက တကယ့်ကို

ကိုယ့်သေတွင်းကိုယ်တူးတာပဲ။ အင်း... အဲ့ဒါကောင်းပါတယ်။ ငါတို့က မင်းကို တခြားသူတွေနဲ့ တွေ့ပေးလိုက်ရတာပေါ့” မုံ့ဝူက ရယ်မောလိုက်သည်။

ၤင်းကို ကြားသည့်အခါ ဂူချန်း၊ ရှုရုံနှင့် သူ၏ညီအစ်ကိုများမှာ ထိန်လန့်သွားသော်လည်း ကျောက်ဖုန်းက စိုးရိမ်ခြင်းမရှိသည်ကို သူတို့တွေ့လိုက်ရ၏။ သူ့တွင် ဝှက်ဖဲတစ်ခုခုရှိသည့်ပုံပင်။

ကျောက်ဖုန်းက သူတို့နှစ်ယောက်အား ဂရုမစိုက်ဟန် ကြည့်လိုက်ပြီး အမူအရာကင်းမဲ့စွာ ပြောလိုက်သည်။

“ငါဘာလုပ်မယ်ဆိုတာကို ဘာကြောင့် ရှင်းပြနေရမှာလဲ။ မင်းတို့လို ဘာမဟုတ်တဲ့ကောင်နှစ်ကောင်က ငါ့ကို ဆန့်ကျင်ဖို့ အရည်ချင်းပြည့်မီတယ်ထင်လို့လား။ မင်းတို့သတ္တိရှိရင် ငါနဲ့တစ်ယောက်ချင်းတိုက်လေ”

ၤင်းကိုကြားသည့်အခါ လောင်ပင်းမှာ မျက်နှာပျက်သွား၏။ “ကျောက်ဖုန်း မင်းက တကယ်ကို

မောက်မာတာပဲ။ ငါတို့ မင်းကို အနိုင်မချနိုင်တာအမှန်ပဲ။ ဒါပေမယ့် မင်းကို အနိုင်ယူနိုင်တဲ့သူတွေ အများကြီးရှိတယ်”

“ဖြောင်း ဖြောင်း ဖြောင်း”

စကားအဆုံးတွင် လောင်ပင်းက လက်ခုပ်သုံးကြိမ်တီးလိုက်သည်။ ချက်ချင်းပင် လူအုပ်ထဲမှ လူနှစ်ယောက်ထွက်လာ၏။

ဂူချန်း သူတို့၏မျက်နှာများကို မြင်လိုက်ရသည့်အခါ ရင်းနှီးနေသလို ခံစားရ၏။ ခဏလောက်စဉ်းစားပြီးနောက်တွင် သူတို့အား မှတ်မိသွားပြီး သူ၏မျက်နှာပြောင်းလဲသွားသည်။ “လန်ယုညီအစ်ကိုလား”

“သူတို့လား” ရှူရုံမျက်ခုံးပင့်လိုက်၏။

အံ့အားသင့်လောက်စရာပင် လောင်ပင်းက သူတို့နှစ်ယောက်အား ရှာတွေ့ခဲ့လိမ့်မည်ဟု သူတို့ မထင်ထားခဲ့ချေ။

လောင်ယုညီအစ်ကိုသည် ဟောင်ကောင်မြေအောက်လောကတွင် အလွန်အမင်းကျော်ကြားခြင်းမရှိချေ။ တော်ရုံလူများမှာ သူတို့၏နာမည်အား ကြားဖူးမည်မဟုတ်ပေ။ သို့သော်...ဟောင်ကောင် မြေအောက်ဂိုဏ်းများနှင့် စောစောဝင်ရောက်ခဲ့သူများမှာ မြေအောက် လက်ဝှေ့ချန်ပီယံ လန်ယုညီအစ်ကိုဆိုသည့် နာမည်ကို ကြားဖူးကြပေသည်။

လွန်ခဲ့သည့် နှစ်နှစ်ခန့်က တောင်ပိုင်းကျွန်းရှိ နိုင်ငံခြားသား စီးပွားရေးသမားတစ်ဦးသည် မြေအောက်လက်ဝှေ့ချန်ပီယံပွဲအား ဆုကြေးများစွာဖြင့် ကျင်းပခဲ့သည်။ ပြိုင်ပွဲသည် ဆယ်ယောက်တိုက်ပွဲကဲ့သို့မဟုတ်ဘဲ စည်းမျဉ်းမရှိသည့် သွေးလွှမ်းတိုက်ပွဲဖြစ်သည်။

ပြိုင်ပွဲတွင် စုစုပေါင်း လူ ၃၀ ကျော်ပါဝင်ပြီး အများစုမှာ အလွန်နာမည်ကျော်ကြားသည့် ကျွမ်းကျင်သူများဖြစ်ကြသည်။

သို့သော် အံ့သြစရာကောင်းသည့် ညီအစ်ကိုအတွဲတစ်တွဲသည် ၎င်းတို့၏ထူးချွန်သည့် မွေထိုင်းပညာဖြင့် ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။ သူတို့၏ခွန်အားမှာ အမှန်တကယ့် မှတ်သားလောက်စရာပင်။

"မင်း သူတို့ကို ရှာတွေ့နိုင်လိမ့်မယ်လို့ ငါမမျှော်လင့်ထားဘူး" ဂူချန်းက မျက်လုံးများကို မှေးကာ "ဒါပေမယ့် ကျောက်ဖုန်း ရှိနေပြီဆိုတော့ သူတို့နှစ်ယောက်က မလုံလောက်ဘူးထင်တယ်"

"မင်းက ကျောက်ဖုန်းလား" ထိုအခိုက်တွင် လန်ယုညီအစ်ကိုထဲမှ ဆံပင်တိုနှင့်လူသည် ကျောက်ဖုန်းအား ကြည့်၍ မေးသည်။

"အင်း"

"မင်းက ခွန်ရှင်းတန်ကို တစ်ချက်တည်းနဲ့ အနိုင်ယူခဲ့တယ်လို့ ကြားတယ်။ ဟုတ်လား" ဆံပင်တိုနှင့်လူက မေးသည်။

"စိတ်မပူပါနဲ့။ မင်းလည်း မကြာခင် သူ့ခြေရာနင်းရလိမ့်မယ်" ကျောက်ဖုန်းက ပြတ်သားစွာပြောသည်။

"ပြီးရင် ငါတို့ မင်းကို ပိုပြီးအာရုံစိုက်ပေးမယ်" ကျောက်ဖုန်း၏စကားများအား ဒေါသမထွက်ကပဲ အေးစက်စက်ဖြင့် ပြန်ဖြေသည်။

"ဟားဟား...." ကျောက်ဖုန်းက ရယ်မောလိုက်သည်။ သူ၏ဂရုမစိုက်သည့်အကြည့်များက သူ့အား အလွန်ယုံကြည်မှုရှိနေသည်ဟု လူများကို ခံစားရစေသည်။

"သူတို့နှစ်ယောက်က ဘယ်လိုဖြစ်တာလဲ" ရှုရုံသည် လောင်ပင်းအား စိုက်ကြည့်ကာ လျှောင်ပြောင်လိုက်သည်။ "မင်းမှာ အကူအညီလုံလုံလောက်လောက်မရှိဘူးလို့တော့ မပြောနဲ့နော်"

လောင်ပင်းက ရုတ်တရက် နားရွက်ကို လက်ဖြင့်ကပ်လိုက်ပြီး "စိတ်မပူနဲ့ နားထောင်ကြည့်။ သူတို့လာနေပြီ"

ဘွန်း...

ရုတ်တရက် အဝေးမှ ကားအင်ဂျင်သံများထွက်ပေါ်လာသည်။

ရင်းနှီးနေသည့်အင်ဂျင်သံကို ကြားလိုက်ရသည့်အခါ အားလုံးက စူပါပြိုင်ကားများဖြစ်ရမည်ကို သိလိုက်ကြ၏။

သူတို့အားလုံးလှည့်ကြည့်လိုက်ရာ အော်စတန်မာတင် လစ်မစ်တက်အက်ဒီးရှင်း(Aston Martin Limited Edition One-77) မှာ လမ်း၏အဆုံးတွင် ဦးဆောင်မောင်းနှင်လာသည်ကို တွေ့လိုက်ရ၏။

"ဘာလဲ"

ဂူချန်းမှာ ရုတ်တရက် ဖြူဖျော့သွား၏။

သန်း ၅၀ တန်သည့် ထိုစူပါကားမှာ လစ်မစ်တက်အက်ဒီးရှင်းဖြစ်ပေသည်။ သာမန်အားဖြင့် ထိုကားအား မောင်းနှင်ပြီး စူပါပြိုင်ကားများကို ခေါင်းဆောင်လာနိုင်သူမှာ...ရဲ့ဟန်သာ ဖြစ်နိုင်ပေသည်။

သူက ဘာလို့ ဒီကိုရောက်လာတာလဲ။ သူဝင်ပါချင်တာလား။ သူပေါ်လာတယ်ဆိုတော့...ဖြစ်နိုင်တာ...သူက...လောင်ပင်းရဲ့ ဝှက်ဖဲပေါ့...။

ဒီနေ့ ခက်ခဲတဲ့တိုက်ပွဲဖြစ်မှာကို ငါကြောက်မိတယ်။

ဂူချန်း အလွန်စိတ်ဓာတ်ကျသွားသည်။

ကားများမှာ လျင်မြန်စွာ မောင်းနှင်လာကြ၏။ စက္ကန့်အနည်းငယ်အကြာတွင် ကားတန်းကြီးမှာ ရောက်ရှိလာခဲ့သည်။ နေကာမျက်မှန်တပ်ထားသည့် အရပ်ရှည်ရှည်အမျိုးသားသည် Aston Martin One 77 ကားပေါ်မှ ဆင်းလာခဲ့သည်။ သူသည်ကား

ရဲ့ဟန်ပင်ဖြစ်ပေသည်။ သူသည် ကားရှေ့တွင် မီကာ စီးကရက်တစ်လိမ်ကို မီးညှိ၍ ခပ်ပြင်းပြင်းရှိုက်လိုက်ရာ မီးခိုးငွေ့များ လွင့်ပျံလာသည်။ သူသည် မတ်တပ်ရပ်ကာ အဝေးသို့ မျှော်ကြည့်နေသည့်ဟန်ပင်။

သူ၏လူများ အားလုံးသည် စူပါပြိုင်ကားများထဲမှ ထွက်လာကာ ကားများအား မှီကာ ရပ်နေကြသည်။ ရဲ့ဟန်၏ ဘေးရှိ ကားသုံးစီးမှ ရှေ့ခရီးသည်ခုံတွင် ထိုင်နေသော သုံးယောက်သော ဖြည်းဖြည်းချင်း လျှောက်လှမ်းလာခဲ့သည်။ သူတို့အား ခေါင်းဆောင်လာသူမှာ တုတ်ခိုင်သန်မာသည့် ထိပ်ပြောင်လူဖြစ်ပြီး သူ၏ပြောင်နေသည့်ခေါင်းက ဂူချန်းနှင့်အပေါင်းအပါများအား အေးစက်သွားစေသည့် အရှိန်အဝါများ ထုတ်လွှတ်နေသည်။

“လီအောင်းထျန်” ဂူချန်း အံ့အားသင့်သွား၏။

အောင်းရှုံးကိုယ်ခံပညာကလပ်၏ဆရာဖြစ်သည့် လီအောင်းထျန်မှာ သိုင်းပညာကျွမ်းကျင်သူဖြစ်သည်။

ဂူချန်းသည် တစ်ချိန်က လီအောင်းထျန်အား ရန်စမိခဲ့ပြီး သူနှင့်တိုက်ခိုက်ခဲ့ဖူးသည်။ ရလဒ်အနေဖြင့် လီအောင်းထျန်သည် သူ့အား အနိုင်ယူခဲ့ပြီး သူ့အား အိပ်ရာထဲလဲသွားစေခဲ့သည်။

၎င်းကအရေးအကြီးဆုံးမဟုတ်ပေ။ နောက်ဆုံးတွင်တော့ တိုက်ပွဲတွင် အနိုင်ရခဲ့ကြသည့် လူများစွာ ရှိသည်မဟုတ်ပါလား။ သူသည် တစ်ချက်လှုပ်ရှားရုံဖြင့် ခွန်ရှင်းတန်ကဲ့သို့သူအား အလွယ်တကူအနိုင်ယူခဲ့သည်မှာ အံအားသင့်စရာပင်။ ဆိုလိုသည်မှာ သူသည် အလွန်အမင်း အစွမ်းထက်ပေသည်

လီအောင်းထျန်၏နောက်တွင် ရပ်နေသည့် နှစ်ယောက်မှာ သူ၏တပည့်များပင်။ သူတို့သုံးဦးသည် လန်ယုညီအစ်ကိုနှင့်အတူ လောင်ပင်းအား တိုက်ပွဲတွင် အနိုင်ရရန် ဖြစ်ပေသည်။

လီအောင်းထျန်သည် သူတို့၏အရှေ့တွင် ရပ်နေ၏။ သူက ခေါင်းကို အနည်းငယ်မော့ကာ အေးစက်စက်လေသံဖြင့် “ဘယ်အချိန်စမှာလဲ။ ငါ့အချိန်တွေကို မဖြုန်းနဲ့”

“စိတ်မပူပါနဲ့ မစ္စတာလီ၊ ဒီတိုက်ပွဲက ခင်ဗျားအတွက် ဖျော်ဖြေမှုလေးတစ်ခုပါပဲ” လောင်ပင်းက ရိုင်းပြစွာ ပြောသည်။

“သူတို့လေးပဲလား” လီအောင်းထျန်က ရယ်မောလိုက်သည် “စိတ်မကောင်းပါဘူး။ သူတို့က ငါ့ကို ဖျော်ဖြေဖို့ အရည်အချင်းမရှိဘူး”

ဂူချန်းနှင့်အပေါင်းအပါများမှာ သူ၏စကားကိုကြားသည့်အခါ ဒေါသထွက်သွားကြသည်။ သို့သော်လည်း ဤအချိန်တွင် မည်သူကမျှ စကားမပြောကြဘဲ ကျောက်ဖုန်းပင်လျှင် တိတ်ဆိတ်နေ၏။ သူသည် လီအောင်းထျန်းအကြောင်းကို အခြားသူများထက် ပိုသိနေသည့်အတွက် ဖိအားများစွာကို ခံစားနေရသည်။ သူ

စစ်တပ်တွင် ရှိစဉ်က သူနှင့်သူ၏နည်းပြသည် လီအောင်းထျုန်းနှင့်အခြားသူများ၏တိုက်ပွဲကို ကြည့်ရှုခဲ့သည်။ ထိုအချိန်က သူ၏နည်းပြကိုယ်တိုင်ပင် လီအောင်းထျုန်အား မယှဉ်နိုင်ကြောင်း ဆိုခဲ့သည်။ ဆိုလိုသည်မှာ လီအောင်းထျုန်သည် လွန်ခဲ့သည့်နှစ်အနည်းငယ်ကပင် အပြင်အားအဆင့် ကျွမ်းကျင်သူဖြစ်နေပြီပင်။

သို့သော်လည်း လက်ရှိကျောက်ဖုန်းသည် သူ၏နည်းပြကိုပင် မယှဉ်နိုင်သေးချေ။ ယခု လီအောင်းထျုန်မည်မျှ အစွမ်းထက်သည်ကို မသိသော်လည်း လီအောင်းထျုန်းသည် လွန်ခဲ့သည့်ငါးနှစ်ကထက် ပို၍ အားကောင်းလာမည်ကို ရှင်းရှင်းလင်းလင်းသိသည်။ ၎င်းကို စိတ်ထဲတွင်တွေးရင်း ကျောက်ဖုန်း စိတ်ခေတ်မကျဘဲမနေနိုင်ချေ။

သို့သော် လူဆယ်ယောက်တိုက်ပွဲသည် မည်မျှ အစွမ်းထက်သည်မဟုတ်ဘဲ မည်မျှ

ကြမ်းတမ်းရက်စက်သခဲဆိုသည်ကို မသိသည့်အတွက်ကြောင့် အနိုင်ရရန် မျှော်လင့်ချက် ရေးရေးလေးရှိနေသေးပေသည်။ သူသည် လီအောင်းထျန်းအား တိုက်ခိုက်ကာ ထိန်းချုပ်ထားနိုင်သည်။ ဂူချန်းနှင့် ရှုရုံတို့သည် လန်ယုညီအစ်ကိုနှင့် တိုက်ခိုက်ရမည်ဖြစ်ပြီး အားဟူနှင့် မုံ့ကြီးသည် လီအောင်းထျန်း၏တပည့်များနှင့် တိုက်ခိုက်ရမည်ဖြစ်သည်။

သို့ပေသိ တွေးကြည့်သည်က လွယ်ကူပေသည်။ အမှန်တရားက ခါးသီးလွန်း၏။

နောက်အခိုက်အတန့်တွင် လမ်း၏အဆုံးမှ ကျယ်လောင်သော အင်ဂျင်သံများ ထွက်ပေါ်လာပြန်သည်။

ဂူချန်း၏အမူအရာမှာ တောင်တင့်လာ၏။ သူသည် ခေါင်းကို ဖြည်းညှင်းစွာ လှည့်လိုက်ပြီး စိုးရိမ်စွာဖြင့် ရေရွတ်လိုက်သည်။

“လာဦးမှာလား…နောက်ထပ်လူတွေရှိသေးတာလား”

ကျောက်ဖုန်းနှင့်အခြားသူများမှာ တိုက်ပွဲရလဒ်အား သက်ရောက်သွားနိုင်သည့် နောက်လူများကို ကြည့်လိုက်ကြသည်။ သို့သော်လည်း လာနေသည့်လူများကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည့်အခါ ကျောက်ဖုန်းအပါအဝင် အားလုံး ဖြူဖျော့သွားကြ၏။

"ရှားရှန်ဟောင်နဲ့ ဒုန်တျန်းဖန် တကယ်ကြီး ရောက်လာတာလား"

"သူတို့ ဘာလုပ်ချင်တာလဲ"

"ဘယ်လို....ငါတို့ သူတို့ကို ဘယ်လို တိုက်ခိုက်ကြမလဲ"

"သူတို့က တကယ်ကြီး ဒီကိုခေါ်လာနိုင်တာလား။ ဘုရားရေ..."

ဒုန်တျန်းဖန်နှင့် ရှားရှန်ဟောင်တို့ ကိုယ်တိုင်ရောက်မလာကြသော်လည်း လူငါးဦးကို တိုက်ပွဲဆီသို့ စေလွှတ်လိုက်သည်။ သူတို့အား

မြင်လိုက်ရသည့်အခါ ကျောက်ဖုန်း၊ ဂူချန်းနှင့် အခြားသူများ လုံးဝဖြူဖျော့သွား၏။

ထိုကျွမ်းကျင်သူငါးယောက်သည် အချိန်အတန်ကြာ နာမည်ကြီးခဲ့သည်။ သူတို့ရောက်ရှိလာသည်က ဤတိုက်ပွဲ၏ရလဒ်ကို ကြေငြာလိုက်သကဲ့သို့ပင်။

“ငါ ဂူချန်း ဒီနေ့ သေရတော့မယ်”

…

-အပိုင်း(၂၀၆) ပြီး

wunzinnosp

# အပိုင်း(၂၀၇) ဆရာ ကျွန်တော် မနိုင်တော့ဘူး

ဂူချန်း၏ဆံပင်များမှာ အဆုံးထိထောင်ထသွား၏။ သူတို့အား သက်ညှာပေးရန် ဒူးထောက်၍ တောင်းပန်လျှင်ပင် အကူအညီဖြစ်မည်မဟုတ်ကြောင်း သူသိပေသည်။

လောင်ပင်းသည် ရဲ့ဟန်နှင့် အခြားသော အာဏာကြီးမားသူများအား ဤနေရာသို့ လာရန် ဖိတ်ခေါ်ကာ တိုက်ပွဲတွင် အနိုင်ရရန် ဆုံးဖြတ်ထားသည်။

၎င်းကို တွေးကြည့်ပြီးနောက် ဂူချန်း၊ ရှုရုံ၊ အားဟူနှင့် အခြားသူများမှာ ဖြူဖျော့ကုန်ကြသည်။

ကျောက်ဖုန်းသည် တိတ်ဆိတ်စွာပင် အံကို ကြိတ်လိုက်သည်။ အသက်ပြင်းပြင်းရှူလိုက်ပြီးနောက် လောင်ပင်းအား ကြည့်ကာ အသံတိုးတိုးဖြင့် ပြောလိုက်၏။

"လောင်ပင်း၊ မင်းက တခြားအဖွဲ့သုံးဖွဲ့နဲ့ ပူးပေါင်းတယ်ပေါ့။ မင်း

ဒီလောက်အများကြီးပြင်ဆင်ထားမယ်လို့ ငါ မမျှော်လင့်ထားဘူး။ အဲ့လိုဆိုကတည်းက ငါတို့လည်း ပြင်ဆင်ဖို့ လိုတယ်လေ။ ဒါကြောင့် တိုက်ပွဲချိန်ကို ၇ နာရီ မိနစ် ၃၀ ပြောင်းလိုက်မယ်”

“အချိန်ပြောင်းမှာလား။ ဟားဟား...မင်းကိုယ်မင်း ဘယ်သူထင်နေလဲ။ မင်းပြောင်းချင်တိုင်း ပြောင်းလို့ရမှာလား” မို့ဝူက လှောင်ပြောင်သည်။

သူငြင်းတော့မည်ဖြစ်သော်လည်း လောင်ပင်းက ပြုံးကာ ခေါင်းယမ်းလိုက်ပြီး “ကောင်းပြီ။ မင်းမှာ နာရီဝက် အချိန်ရှိသေးတယ်။ ငါတို့ စောင့်ပေးမယ်။ ဒါပေမယ့် မင်းရှာနိုင်သမျှအကူအညီတွေအားလုံးကို ဒီကိုရောက်အောင်ခေါ်ဖို့ နာရီဝက်ပဲ အချိန်ရမယ်။ ဒီနေ့ ငါ သူတို့အားလုံးကို ရှင်းပစ်မယ်”

လောင်ပင်းသည် ခက်ထန်ကြမ်းတမ်းသည့်လေသံဖြင့်ပြောကာ

အာဏာကြီးမားသည့်သူဌေးတစ်ဦး၏ဟန်ပန်ကို လုပ်ယူထားသည်။ သူ၏အာဏာယစ်မူးနေသည့်ပုံစံက လီအောင်းထျန်အား မကျေမနပ်ဖြစ်သွားစေကာ နှုတ်ခမ်းတွန့်သွားစေသည်။ မြန်မြန်ကိစ္စရှင်းရမည့်စိတ်ကူးအား စွန့်လွှတ်ရမည့်ပုံပင်။ နောက်ဆုံးတွင်တော့သူသည် သူ့အတွက် အလုပ်လုပ်ပေးခြင်းဖြစ်ပြီး အားလုံးက သူ့အား မျက်နှာလွှဲထားပေသည်။

"ကောင်းပြီ" ကျောက်ဖုန်းက ခေါင်းညိတ်ကာ ဖုန်းကိုထုတ်၍ တစ်ဖက်သို့ လှည့်ထွက်သွားသည်။

ရန်သူဆယ်ယောက်ဖြင့် ရင်ဆိုင်ရသည်တွင် ထိုင်းတောင်ကြီး သူ့ခေါင်းပေါ်ကျလာသကဲ့သို့ ဖိအားများကို ခံစားနေရသည်။ ဤအချိန်တွင် သူ၏ဆရာအား အကူအညီတောင်းရန်သာရှိတော့သည်။

၎င်းကိုမြင်သည့်အခါ မူလကစိတ်ခတ်ပြိုကွဲနေသည့် အားဟူမှာ စိတ်ထဲတွင် မျှော်လင့်ချက်များ

တဖျပ်ဖျပ်ပေါ်လာ၏။ "အစ်ကိုဖုန်း အစ်ကိုဖုန်း အစ်ကို့မှာ တခြားအကူအညီတွေ တကယ်ရှိသေးတာလား"

"ဒါပေါ့"

"ကျောက်ဖုန်း။ မင်း…မင်း ရဲတွေကို ခေါ်မှာတော့ မဟုတ်ဘူးမလား" ဂူချန်းက မဝံ့မရဲပြောသည်။

"အင်း" ကျောက်ဖုန်းက လျှို့ဝှက်ဆန်းကြယ်သည့်အပြုံးဖြင့် နှုတ်ခမ်းထောင့်အား တွန့်ကွေးလိုက်သည်။

"အဲ့ဒါ ဘယ်သူလဲ။ သူတို့ရဲ့တိုက်ခိုက်မှုကို သူက ခုခံနိုင်ပါ့မလား" ရှူရုံက စိုးရိမ်တကြီးမေးသည်။

"ဟဲဟဲ…" ကျောက်ဖုန်းက ရယ်မောလိုက်ပြီး ဖြည်းညှင်းစွာပြောလိုက်သည့် သူ၏စကားများက သူ၏လူများအား ထိတ်လန့်သွားစေခဲ့သည်။ "သူတို့ဆယ်ယောက် အတူတူပေါင်းတိုက်ရင်တောင် သူတို့က

သူ့ကိုမယှဉ်နိုင်ဘူး။ ဒါကြောင့် သူတို့ရဲ့တိုက်ခိုက်မှုကို ခုခံတာလောက်ကတော့ သူ့အတွက် ကိတ်မုန့်လိုးစားသလောက် လွယ်လိမ့်မယ်”

“တ…တကယ်လား” ဂူချန်းမှာ အံ့အားသင့်သွားပြီး ဝမ်းသာအားရကြည့်ရင်း အသက်ပြင်းပြင်းရှူလိုက်သည်။ တချိန်တည်းမှာပင် ကျွမ်းကျင်သူဆယ်ယောက်အား တစ်ယောက်တည်းဖြင့် အနိုင်ယူနိုင်မည့်သူ ဤကမ္ဘာပေါ်တွင် အမှန်တကယ် ရှိပါ့မလားဟု သံသယဝင်သွားမိသည်။

“ခဏနေရင် မင်းသိလိမ့်မယ်။ ငါ ဟိုနားသွားပြီး ဖုန်းခေါ်လိုက်ဦးမယ်” ကျောက်ဖုန်းက လက်ကိုဝှေ့ယမ်းပြကာ နောက်မှ လိုက်မလာရန် အချက်ပြလိုက်သည်။ ထိုနောက် သူသည် ဘေးသို့ လျှောက်သွားကာ ကျန်းဟန်၏နံပါတ်ကို ခေါ်လိုက်သည်။

ဖုန်းထဲမှ တီတီဟူသည့်အသံကိုကြားသည့်အခါ ကျောက်ဖုန်း စိတ်အသက်အသာခံစားလိုက်ရသည်။ သူ

ထွက်မလာခင် သူ၏ဆရာက သူ့အား ချုပ်တည်းနေစရာမလိုပဲ ရိုက်နှက်ပစ်ရန် ပြောလိုက်သည်။ ယခုတော့ သူ မနိုင်တော့ချေ။

"အာ...ဒါက ငါ့ရဲ့ခွန်အားနဲ့သက်ဆိုင်တာပဲ။ ဘာလို့ ဒီလောက် အားနည်းနေရတာလဲ"

ကျောက်ဖုန်း ခါးသီးစွာပြုံးလိုက်ရင်း စိတ်ထဲမှ သက်ပြင်းချလိုက်သည်။

ခဏအကြာတွင် ဖုန်းချိတ်ဆက်မိသွားပြီး ကျောက်ဖုန်း တိုးတိုးလေးပြောလိုက်သည်။ "ဆရာ...ဟို..."

"ဘာဖြစ်တာလဲ"

"ကျွန်တော် မနိုင်တော့ဘူး။ သူတို့ခေါ်လာတဲ့သူတွေက ကျွန်တော့်ထက် အစွမ်းထက်တယ်။ ကျွန်တော် ခဏလောက် အချိန်ဆွဲထားပြီး တိုက်ွကို ၇ နာရီခွဲမှ စမှာ။ အဲ့ဒါ...ဆရာ ကူညီပါဦး"

"အင်း...ခဏစောင့်။ ငါဟင်းချက်နေတယ်"

ထိုစကားများကို ပြောပြီးသည်နှင့် ကျန်းဟန် တစ်ခါတည်း ဖုန်းချသွားသည်။

ကျောက်ဖုန်း ကြောင်အသွား၏။ "ဆရာက မြန်မြန်ဖုန်းချသွားပြီး ငါ့ကို ဘယ်နေရာလဲမမေးသွားဘူး"

"ငါဘာလုပ်ရမလဲ" ကျောက်ဖုန်း ခါးသီးစွာ ပြုံးကာ ခေါင်းယမ်းလိုက်ပြီး ဖုန်းအား အိတ်ကပ်ထဲ ထည့်လိုက်၏။ နောက်သို့ပြန်လှည့်လိုက်သည့်အချိန်တွင် တည်ငြိမ်သည့်အမူအရာကို ဆင်မြန်းထားလိုက်၏။ ထိုနောက် ဖြည်းညှင်းစွာဖြင့် ပြန်လျှောက်လာခဲ့သည်။

"ဘယ်လိုလဲ ဘာတဲ့လဲ" ဂူချန်းက ချက်ချင်းမေးသည်။

"အင်း...ခဏစောင့်ရမယ်။ စိတ်မပူပါနဲ့" ကျောက်ဖုန်းက အလွန်ယုံကြည်မှုရှိသည့် လေသံဖြင့် ပြောလိုက်ပြီး သူတို့၏မျှော်လင့်ချက်များကို ပြန်လည်ရှင်သန်စေလိုက်၏။

ထိုအချိန်တွင် ကျန်းဟန်သည် စားသောက်ဆိုင်၌ ချက်ပြုတ်နေလေသည်။ ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ်မှာ ပြီးသွားပေပြီ။ ယခု သူသည် အာလူးနှင့် ခရမ်းချဥ်သီးကို ပြုလုပ်နေသည်။

ဟင်းနှစ်ပွဲအား ပြင်ဆင်ပြီး စားပွဲဝိုင်ပေါ် တင်လိုက်သည့်အချိန်တွင် ကျန်းဟန် နာရီကို ကြည့်လိုက်၏။ အချိန်ကား ၇ နာရီ ၅ မိနစ်ပင်။

သူတို့တွင် အချိန်ရှိသေးသည်ဟု ယူဆရသည့်အတွက် ကျန်းဟန်သည် မုန့်မုန့်အား မြန်မြန်စားရန် မပြောတော့ဘဲ ပုံမှန်အတိုင်းသာ မနက်စာကို စားခိုင်းလိုက်၏။

၁၀ မိနစ်အကြာတွင် မုန့်မုန့်က နှုတ်ခမ်းလေးစူကာ “သမီးဗိုက်ဝပြီ။ မုန့်မုန့် တည်သီးကို ကြိုက်တယ်။ အဲ့ဒါက အရသာရှိတယ်”

"ဖေဖေ သမီးကို ကားစီးဖို့ခေါ်သွားမယ်။ ဘယ်လိုလဲ" ကျန်းဟန်က သမီးဖြစ်သူ၏ခေါင်းလေးအား ပုတ်ကာ ပြုံး၍ မေးလိုက်သည်။

မုန့်မုန့်မှာ ကြားလိုက်ရသည့်သတင်းကြောင့် အလွန်ဝမ်းသာသွား၏။ "ကောင်းတယ် ကားသွားစီးကြမယ်"

ထို့သို့ဖြင့် ကျန်းဟန်သည် သူမလေးအား ခေါ်၍ ထွက်လာခဲ့သည်။ ထိုအချိန်တွင် စားသောက်ဆိုင်၌ ဧည့်သည်များပြည့်နေပြီး တံခါးဝတွင် တန်းစီနေသည့်လူ ၂၀ ကျော်ရှိနေသေးသည်။

ကျန်းဟန်က လျန်မုန့်ချီနှင့်အခြားသူများအား တစ်ချက်ကြည့်ကာ "ငါ အပြင်သွားစရာရှိတယ်။ စားသောက်ဆိုင်ကို ခဏစောင့်ပေးဖို့ ဘယ်သူကူညီပေးနိုင်မလဲ"

"ကျွန်မကူညီပေးမယ်" လျန်မုန့်ချီက ခေါင်းညိတ်သည်။

"ငါလည်းရှိတယ် သူဌေး။ သူဌေးအပြင်သွားနေတုန်း ငါ စားသောက်ဆိုင်ကို ကောင်းကောင်းဂရုစိုက်ထားလိုက်ပါ့မယ်" စွန်းဒုန်ဟာမ်က ထပ်ပေါင်းပြောသည်။

ဖခင်ဖြစ်သူ ကျန်းမာရေးပြန်ကောင်းလာသည့်အချိန်မှစ၍ စွန်းဒုန်ဟာမ်သည် သူ၏ဆံပင်ကို ထိုးထိုးထောင်ထောင်လုပ်ထားပြီး ယခင်ကကဲ့သို့ အရောင်တောက်တောက်များမဟုတ်သော်လည်း ကာကီရောင် ဆိုးထားလေသည်။

သိသာစွာပင် ထိုချာတိတ်လေးသည် အပျော်အပါးမက်နေဆဲပင်။ သို့သော် သူ၏မိဘများမှာ လတ်တလောတွင် အားလပ်ချိန်များရှိနေသည့်အတွက် သူနှင့်အတူလာစားလေ့ရှိရာ သူ၏မိန်ကလေးများကို ခေါ်လာကာ ဟန်ရေးပြရန် အခွင့်အရေးမရှိပေ။

သူတို့၏စကားကို ကြားသည့်အခါ ကျန်းဟန်က ခေါင်းညိတ်ကာ မုန့်မုန့်အား ပွေ့ချီ၍ ထွက်လာခဲ့သည်။

မုန့်မုန့်အား ထိုသူများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိတွေ့ခွင့်မပေးလိုသည့်အတွက် သူနှင့်အတူ မုန့်မုန့်ကိုပါ ခေါ်လာခြင်းဖြစ်သည်။ တကယ်တမ်းတွင် သူသည် ဤကိစ္စအား စိတ်မဝင်စားပေ။ ထို့ကြောင့် သူသည် ကားကို လဆန်းတောင်သို့ တန်း၍ မောင်းသွားခဲ့သည်။

တောင်ခြေသို့ ရောက်သည့်အခါ ကျန်းဟန်သည် မုန့်မုန့်အား ကားထဲတွင် စောင့်နေခိုင်းပြီး ဖုန်းဖြင့် ဗီဒီယိုဖွင့်ကာ ခဏကြည့်ခိုင်းထားခဲ့သည်။ ထိုနောက် သူသည် တောအုပ်ထဲသို့ဝင်သွားပြီး တာဟေးအားခေါ်ရန် စိတ်ဝိညာဉ်စွမ်းအားကိုထုတ်လွှတ်လိုက်၏။

တစ်မိနစ်အကြာတွင် တာဟေးသည် ရှောင်ဟေးနှင့်အတူ ပြေးလာခဲ့သည်။

"တာဟေး မင်းရဲ့ပုံစံကို ပြောင်းလိုက်။ ငါ မင်းကို ပျော်စရာတစ်ခု သွားကြည့်ဖို့ ခေါ်သွားပေးမယ်" ကျန်းဟန်က ပြုံးကာ ပြောလိုက်သည်။

"ဝူး ဝူး ဝူး..."

၎င်းကိုကြားသည့်အခါ တာဟေးမှာ ပျော်ရွှင်သွား၏။ သူသည် လည်ပင်းတွင်ဆွဲထားသည့် ရုပ်ပြောင်းရုပ်လွဲဒင်္ဂါးအား ကိုင်ကာ အနည်းငယ် စိုက်ကြည့်လိုက်သည်။ ခဏအကြာတွင် ငွေနှင်ဆန်ထက် နှစ်ဆပို၍ တောင့်တင်းသော လူသန်ကြီးအဖြစ် ပြောင်းလဲသွားခဲ့သည်။

"အိုး...ဒါနဲ့ မင်း ပုံစံပြောင်းတဲ့အခါ မုန့်မုန့်ကို မမြင်စေနဲ့" ကျန်းဟန်က သတိပေးလိုက်သည်။

သူသည် မင်းသမီးလေးအား ကျင့်ကြံခြင်းခရီးလမ်းအား စတင်ခွင့်ပြုမည်မှာ သေချာပေသည်။ သို့သော် အချိန်အတန်ကြာ စဉ်းစားပြီးနောက် မုန့်မုန့်မှာ အသိဉာဏ်ဖွံ့ဖြိုးဆဲအရွယ်ဖြစ်သည်ကို တွေးမိသွား၏။ ထို့ကြောင့် ယခုအချိန်တွင် ကျင့်ကြံခြင်းနှင့်ပတ်သက်သည့် တစ်စုံတစ်ရာကို သူမလေး သိနားလည်နိုင်မည်လား မသေချာသေးသဖြင့် မည်သည့်အစီအစဉ်မျှ မပြုလုပ်မိ

အခြေအနေကို စောင့်ကြည့်သည်က ပိုကောင်းသည်ဟု ခံစားမိသည်။

"ဝူး" တာပေးမှာ ခေါင်းကုတ်လိုက်ပြီး နားလည်ပါပြီဖြစ်ကြောင်း တုံ့ပြန်လိုက်သည်။

အကြောင်းအရင်းကို သူမသိချေ။ မည်သို့ပင်ဆိုစေကာမူ အမိန့်နာခံမှုသည် အမြဲမှန်ကန်သည့်အရာဖြစ်ပြီး သခင်၏အမိန့်ကို နာခံနေသရွေ့ တောင်ပေါ်ရှိ တိရစ္ဆာန်များကို စိတ်ကြိုက်စားနိုင်ကြောင်း သိရှိလေသည်။

ထိုနောက် ကျန်းဟန်သည် တာပေးနှင့်အတူ တောအုပ်အပြင်သို့ လျှောက်လာခဲ့သည်။ ရှောင်ပေးသည် သူတို့နောက်မှ လိုက်သွား၏။ တောအုပ်အစွန်းသို့ ရောက်သည့်အခါ တာပေးမှာ စိတ်ပျက်လက်ပျက်ဖြင့် မြေပြင်ပေါ် ထိုင်ချလိုက်သည်။

တာဟေး ရောက်လာပြီးကတည်းက သခင်က ငါ့ကို မျက်နှာသာမပေးတော့ဘူး။ သခင်က ငါ့ကို မနှစ်သက်ဘူးလား..။

၎င်းကိုမြင်သည့်အခါ ကျန်းဟန်က ပြုံးကာ လက်ပြလိုက်သည်။ "မင်းလည်း လိုက်လာလို့ရတယ်"

"ဝုတ် ဝုုတ်"

ရှောင်ဟေးမှာ ရွှင်မြူးသွားကာ ခုန်ကျော်သွား၏။

တာဟေးနှင့်ရှောင်ဟေးမှာ နောက်ခုံတွင် ဝင်ထိုက်ကြသည်။ သူတို့နှစ်ယောက်အား တွေ့သည့်အခါ မုန့်မုန့်က သံသယဖြင့် မေးသည်။

"ဖေဖေ အဲဒီအရပ်ရှည်ရှည်နဲ့အကောင်ကြီးကြီးအစ်ကိုကြီးက ဘယ်သူလဲ"

"သူလည်း တာဟေးလို့ခေါ်တယ်"

"အမ်" မုန့်မုန့်မှာ ကြောင်အသွားသည်။ သူမသည် အစ်ကိုကြီးအား စိတ်ဝင်တအားကြည့်ကာ သူမ၏လက်ကလေးကို မြှောက်၍ ဖွေ့ယမ်းပြရင်း ကလေးဆန်သည့်အသံဖြင့် ပြောသည်။

"အစ်ကိုကြီး မဂ်လာပါ။ အစ်ကိုက ဘာလို့ တာဟေးလို့ ခေါ်တာလဲ။ သမီးမှာ တာဟေးလို့ ခေါ်တဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူက ဂေါ်ရီလာအကြီးကြီးလေ"

၎င်းကိုကြားသည့်အခါ တာဟေးက နှုတ်ခမ်းကို စူကာ "ဝူ..."

နှစ်ကြိမ်အော်ဟစ်ခါနီးမှ သူ၏သခင်ပြောထားသော စကားကို တွေးမိသွားပြီး အသံတိတ်သွားသည်။

သေစမ်း...ငါ့ရဲ့အထောက်အထားကို ပြမိတော့မလို့...။

သူ၏မျက်လုံးများက ခဏလောက်စဉ်းစားနေပြီးမှ အတွေးတစ်ခု ပေါ်လာသည်။ သူသည် ပြုံးကာကာ အော်လိုက်သည်။ "အမ်...အော့..."

တာဟေးသည် အသံတိုးတိုးဖြင့် နှစ်ကြိမ်အော်လိုက်သည်။ သူရပ်သင့်ပြီဟု ယူဆရသည့်အချိန်တွင် ခေါင်းကိုစောင်းကာ မုန့်မုန့်အား လျစ်လျူရှုဟန်ဆောင်လိုက်သည်။ သူ၏မျက်လုံးများကတော့ မုန့်မုန့်အားအကဲခတ်နေလေသည်။

"ဟေး အစ်ကိုကြီး ဘာတွေပြောနေတာလဲ" ထိုသူက သူမအား လျစ်လျူရှုသွားသည်ကို မြင်သည့်အခါ မုန့်မုန့်က နှာခေါင်းရှုံ့ကာ မကျေမနပ်ဖြင့် ပြောလိုက်သည်။ "အစ်ကိုကြီးက သမီးကိုလစ်လျူရှုတယ်။ သမီးလည်း အစ်ကိုကြီးကို လျစ်လျူရှုလို့ရတယ်။ ဟွန့်..."

သူမ၏စကားမဆုံးခင်မှာပင် မုန့်မုန့်သည် ခေါင်းကိုတဖက်လှည့်ကာ နှုတ်ခမ်းလေးစူ၍ သူ့အား လျစ်လျူရှုလိုက်သည်။

တာပေါ့မှာ အူကြောင်ကြောင်ဖြစ်သွားကာ ခေါင်းကုတ်လိုက်၏။ ရှောင်ပေါ့သည် လျှာကိုထုတ်ကာ ကြည့်နေပြီး ဘာမှ ဝင်မလုပ်ရန် ဆုံးဖြတ်ထားသည်။ တကယ်တမ်းတွင် သူ၏စိတ်ထဲ၌ တာပေါ့ဖြစ်ပျက်နပုံအား ဝမ်းသာနေလေသည်။

မိနစ်အနည်းငယ်ကြာအောင် ကားမောင်းပြီးနောက်တွင် ကျန်းဟန် အနည်းငယ် ကြောင်အသွားကာ ကျောက်ဖုန်းအား နေရာမမေးရသေးသည်ကို တွေးမိသွား၏။ ရုက်ရွှံ့စွာဖြင့် ဖုန်းကို ထုတ်ကာ ကျောက်ဖုန်းအား ထိုအကြောင်း မေးလိုက်သည်။ သွားရမည့်နေရာမှာ မဝေးသည်ကို သိလိုက်သဖြင့် ကျန်းဟန် ခရီးဆက်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဝမ်နန်တောင်ခြေ၌…

ကျောက်ဖုန်း ဖုန်းပြန်ဖြေပြီး မိနစ်အနည်းငယ်ကြာသွားခဲ့သည်။ လောင်ပင်းက သူ၏လက်ပတ်နာရီကိုကြည့်ကာ "သုံးမိနစ်ပဲ ကျန်တော့တယ်။ မင်းရဲ့အကူအညီတွေ လာမှာလား မလာဘူးလား။ တိုက်ပွဲက ၇ နာရီ မိနစ် ၃၀ မှာ စမှာနော်။ မင်းအခွင့်အရေးကို တန်ဖိုးမထားရင်တော့ ငါ့ကို အပြစ်မတင်နဲ့"

"ဟားဟား…စိတ်မပူပါမဲ့" ကျောက်ဖုန်းက ခပ်ရေးရေးပြုံးလိုက်ကာ "လာမယ့်သူက တကယ့်ဟဲဗီးဝိတ်တန်းတစ်ယောက်ပဲ"

"တကယ်လား။ ဒါဆို ငါ နောက်ဆုံး သုံးမိနစ်စောင့်ပေးလိုက်မယ်" လောင်ပင်းက လက်ခုပ်တီးကာ "လာ သူတို့အတွက် နေရာအရင်လုပ်ပေးလိုက်ရအောင်"

ထိုနောက် လောင်ပင်းနှင့်သူ့လူများသည် နောက်သို့ခြေလှမ်းအနည်းငယ်ဆုတ်ကာ လီအောင်းထျန်း၊

လန်ယုညီအစ်ကိုနှင့် အခြားကျွမ်းကျင်သူ ခုနစ်ယောက်ကို ရှေ့တွင် ရပ်နေစေခဲ့သည်။

ထိုအချိန်တွင် လီအောင်းထျန်းမှာ သွေးပူလာပြီး အရိုးများချိုးနေသည့်အသံကိုပင် ကားနေရ၏။

သူက ကျောက်ဖုန်းအား ကြည့်ကာ အထင်အမြင်သေးဟန်ပြောသည်။ "မင်းတို့ တစ်ယောက်ယောက်ကို စောင့်နေဖို့မလိုပါဘူး။ ဘယ်သူပဲလာလာ သေရမယ်။ ငါလူတစ်ယောက်ကို ဒုက္ခိတဖြစ်သွားအောင်လုပ်နိုင်ရန် ယွမ် ငါးသန်းရမယ်။ ဒီတော့ မင်းတို့ဘာဖြစ်သွားနိုင်မလဲဆိုတာ မျှော်လင့်ထားလို့ရတယ်"

"ငါတို့ လေးယောက်လိုချင်တယ်" လန်ယုညီအစ်ကိုမှ တစ်ယောက်က အေးစက်စက်ပြောသည်။

"ငါ ငါးယောက်လိုချင်တယ်" လီအောင်းထျန်က မောက်မာသောအကြည့်ဖြင့် တုံ့ပြန်သည်။

"လေးယောက်၊ ငါးယောက်လား။ ဒါဆို ငါတို့အတွက် တစ်ယောက်ပဲကျန်မှာပေါ့။ ငါတို့ ဘယ်လိုလုပ် ခွဲလို့ရမှာလဲ" အခြားစွမ်းအားကြီးသည့်ကျွမ်းကျင်သူတစ်ယောက် မျက်မှောင်ကြုတ်ကာ ပြောသည်။ "မင်း သူတို့ထဲက နှစ်ယောက်တိုက်နိုင်ရင် သုံးယောက်ရမယ်။ ဒါဆို လုံလောက်ပြီ။ ငါတို့အားလုံးက ခဏနေရင် တစ်ယောက်နဲ့တစ်ယောက်ပူးပေါင်းရမှာ။ ရန်ဖြစ်မနေကြနဲ့တော့။ သူတို့ဆယ်ယောက်က ငါတို့အတွက် တစ်ယောက်စီပဲ"

သူတို့သည် ကျောက်ဖုန်းနှင့်အဖွဲ့အား အိတ်ထဲထည့်ထားသည့် သားကောင်များကဲ့သို့ ဆက်ဆံပြောဆိုနေကြသည်။ ကျောက်ဖုန်း၏နောက်တွင် ရပ်နေသောလူများမှာ ထိတ်လန့်ရုံသာမက သူတို့၏မထီမဲ့မြင်စကားများကြောင့် ဒေါသထွက်လာကြသည်။

"ကြွားဝါမနေကြနဲ့။ ငါ့ရဲ့အကူအညီက မင်းတို့အားလုံးကို လက်တစ်ဖက်တည်းနဲ့ အနိုင်ယူလိမ့်မယ်" ကျော်ကဖုန်းက သူ၏ရှေ့မှ လူဆယ်ယောက်အား တစ်ချက်ကြည့်ကာ ဖျက်ခနဲ ပြုံးလိုက်သည်။

"မင်းဘာပြောလိုက်တာလဲ" လီအောင်းထျန်က စူးစူးရဲရဲစိုက်ကြည့်ကာ တိုက်ခိုက်မှုစတင်ရန်ပြင်လိုက်သည်။

"အချိန်ကျပြီ။ စလိုက်ကြရအောင်" လောင်ပင်းက လျှာကိုထုတ်ကာ နှုတ်ခမ်းသပ်လိုက်သည်။ သူသည် ပြုံးကာဖြင့် "ကျောက်ဖုန်း ကျောက်ဖုန်း မင်း တစ်ယောက်ယောက်ကို ရှာနိုင်လိမ့်မယ်လို့ ငါထင်ထားခဲ့တာ။ ဒါပေမယ့် လေချည်းသက်သက်ပါပဲ။ ကဲ..လက်ကျန်အချိန်လေးမှာ ပျော်အောင်နေလိုက်"

"မလာဘူးလို့ ဘယ်သူပြောလဲ။ သူရောက်နေပြီ" ကျောက်ဖုန်းက ခမ်း၏အဆုံးကို လှမ်းကြည့်ကာ ပြောလိုက်သည်။

ထိုအခိုက်တွင် အခြားသူများအားလုံးလည်း ထိုဘက်သို့ လှည့်ကြည့်လိုက်ကြ၏။

ချစ်စရာပန်ဒါကားလေးတစ်စီး ဖြည်းညှင်းစွာ မောင်းနှင်လာသည်ကိုတွေ့လိုက်ရသည်နှင့် ရဲ့ဟန်၊ ဒုန်တျန်းဖန်နှင့် ရှားရှန်ဟောင်တို့မှာ ဖြူဖျော့သွားကြသည်။

…

-အပိုင်း(၂၀၇) ပြီး

wunzinnosp

## အပိုင်း(၂၀၈) ဘာကြောင့်လဲ

ကျောက်ဖုန်းသည် စားသောက်ဆိုင်ပိုင်ရှင်နှင့် ဆက်ဆံရေးတစ်ခုရှိပုံရလေသည်။ သူ အမှန်တကယ် ရောက်လာခဲ့လေ၏။

ရဲ့ဟန်နှင့်အခြားသူများမှာ သူတို့၏မျက်လုံးများကို မေးထားကြသည်။

ဂိုဏ်းသုံးခုသည် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိခဲ့ချေ။ ၎င်းတို့သည် ပွဲကြည့်ပရိသတ်များဟု ဆိုနိုင်ပေသည်။ လောင်ပင်းသည် ဤတိုက်ပွဲအား အဆုံးသတ်နိုင်ရန် သူတို့၏အချိတ်အဆက်များကို သုံး၍ ကျွမ်းကျင်သူအချို့ကိုသာ ရှာဖွေခဲ့သည်။ ထို့နောက် တောင်ပိုင်းခရိုင်ရှိ အဖွဲ့များအားလုံးသည် လောင်ပင်းဦးဆောင်သော အုပ်စုကြီးတစ်ခုကဲ့သို့ဖြစ်လေပြီး ၎င်းတို့ဂိုဏ်းသုံးခုအနေဖြင့် သူတို့၏ရှယ်ယာများအလိုက် အမြတ်ဝေစုရရှိမည်ဖြစ်သည်။

စားသောက်ဆိုင်ပိုင်ရှင် ပါဝင်ပတ်သက်နေသော်လည်း ၎င်းတို့ရရှိမည့် အကျိုးအမြတ်များမှာ သူတို့လျစ်လျူရှုမထားနိုင်လောက်အောင် ကြီးမားလွန်းလှသည်ဟု ထင်မြင်မိကြ၏။

ချန်ရှန်နိုက်ကလပ်တွင် ဆိုင်ရှင်၏တိုက်ခိုက်မှုဗီဒီယိုအား သူတို့ကြည့်ရှုခဲ့ရပြီးနောက် အချိန်အတန်ကြာ ကျော်ကြားခဲ့သည့် ကျွမ်းကျင်သူဆယ်ယောက်ကို ရှာဖွေခဲ့ကြသည်။

သူတို့၏အမြင်တွင် ဤဆယ်ယောက်သာရှိနေခဲ့ပါက ကျန်းဟန်တစ်ဦးတည်းမပြောနှင့် ကျန်းဟန်နှစ်ယောက်ရှိနေလျှင်ပင် အကူအညီဖြစ်မည်မဟုတ်ပေ။ ပြီးခဲ့သည့်တစ်ကြိမ် ကျော်ကြားဖုန်းခေါ်လာခဲ့သည့် လူသန်ကြီး ရောက်လာမည်ကိုသာ သူတို့စိုးရိမ်ကြလေသည်။ အကြောင်းမှာ ဂျွန်ဆင်ကဲ့သို့သော လူသန်ကြီးမှာ ခေါင်းလုံလက်နက်များဖြင့်ပင် ထိခိုက်အောင် မလုပ်နိုင်သည့် လက်နက်ပြီးသူဖြစ်နေသောကြောင့်ပင်။

သို့သော် ၎င်းတို့ အထင်သေးနေသည့် စားသောက်ဆိုင်ပိုင်ရှင်မှာ အမှန်တကယ်အစွမ်းထက်သည့်

ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး လုံခြုံရေးဗျူရိုကပင် ကိုင်တွယ်ရန် ခေါင်းကိုက်နေရသည်ကို သူတို့ မသိရှိကြချေ။

သူတို့ သိခဲ့ပါက နည်းနည်းလေးပင် ပါဝင်ရဲမည်ဟုတ်ကြပေ။

လူတိုင်း၏အကြည့်အောက်တွင် အနုတ်စုတ်ကုတ်စုတ် တန်ဖိုးမကြီးသည့် ကားမှာ ဖြည်းညှင်းစွာ မောင်းဝင်လာခဲ့သည်။

တိုက်ပွဲကွင်းပြင်အနီးသို့ ရောက်သည့်အခါ ကားရပ်သွားပြီး တံခါးပွင့်လာသည်။ ထူထဲတုတ်ခိုင်သည့်ခြေထောက်တစ်ချောင်းသာ ထွက်လာသည်ကို တွေ့လိုက်ရ၏။ ထိုနောက် အံ့အားသင့်စရာ နှစ်မီတာကျော်အရပ်ရှည်သည့် လူတစ်ဦး ကားပေါ်မှ ဆင်းလာခဲ့သည်။ ၎င်းက တာဟေးပင်။

"ရှစ်ထိ်"

ရဲ့ဟန်နှင့်အခြားသူများ အသက်ရှူမှားသွားကြလေသည်။

"နောက်ဆုံးတော့ ဘာတွေ ဖြစ်လာရတာလဲ"

လန်ယုညီအစ်ကို၏အမူအရာပင် တင်းမာနေခဲ့သည်။ လူသန်ကြီး၏ကြွက်သားများကိုကြည့်ကာ ထိုလူသည် မယုံနိုင်လောက်အောင် သန်မာရမည်ဟု ခံစားမိကြသည်။

"လခွမ်း ဒီလူသတ်နတ်ဘုရားက တကယ်ကြီးရောက်လာပြီ"

ထန်ကျန့်၏စံအိမ်ကြီး အပြင်ဘက်တွင် ၎င်းတို့၏မျက်လုံးများဖြင့် ကိုယ်တိုင်မြင်တွေ့ခဲ့ရသူများမှာ ဖြူဖျော့သွားကြပြီး မနေနိုင်ဘဲ နောက်သို့ ဆုတ်လိုက်မိကြသည်။ လူအုပ်ထဲတွင် ရုတ်ရုတ်သဲသဲများ ဖြစ်လာ၏။

"သေစမ်း... ငါတို့တော့ သူ့ကြောင့် တိုက်ပွဲရှုံးမှာ သေချာပြီ"

"သူ့ကို ဘယ်သူက အနိုင်ယူနိုင်မှာလဲ။ ဘုရားရေ သူက တကယ်ကိုအစွမ်းထက်တွေလူပဲ။ သူက လက်နက်ပြီးတဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားတာ"

လီအောင်းထျန်သည် အကြားအာရုံကောင်းမွန်ပြီး သူနှင့်မနီးမဝေးမှ လူတစ်ဦးက လူသန်ကြီးတွင် လက်နက်ပြီးသည့်ခန္ဓာကိုယ်ရှိသည်ဟု စိတ်ပျက်လက်ပျက်ပြောသံကို ကြားလိုက်ရ၏။

"လက်နက်ပြီးတဲ့ခန္ဓာကိုယ်လား။ စောက်ကျိုးနည်း။ မင်းဘာတွေပြောနေတာလဲ"

သူသည် မျက်မှောင်ကြုတ်ကာ အေးစက်စက်ပြောလိုက်သည်။

"မင်းရဲ့အကူအညီတွေရောက်လာပြီဆိုတော့ မြန်မြန်စလိုက်ရအောင်။ ငါ့အချိန်တွေကို မဖြုန်းနဲ့။ သူက ကြွက်သားတောင့်တောင့်နဲ့ ငတုံးကောင်ပါပဲ"

ကျောက်ဖုန်း၏နှုတ်ခမ်းများမှာ တွန့်ကွေးသွားသည်။ “ကောင်းတယ်။ မင်း ငါ့တို့ကို တကယ်စော်ကားရဲတာပဲ။ ခဏနေရင် မင်းဘယ်လိုအရိုက်ခံရမလဲဆိုတာ ကြည့်ရသေးတာပေါ့”

“အိုး”

တာပေးက သူ့အား စိုက်ကြည့်ကာ နှာခေါင်းအား အနည်းငယ်ရှုံ့လိုက်ပြီး ကြမ်းကြုတ်စွာ ကြည့်နေသော်လည်း ဘာမှမလှုပ်ရှားခဲ့ချေ။ လူများစွာဖြင့် ရင်ဆိုင်ရသည့်တွင် မည်သို့တုံ့ပြန်ရမည်ကို သူမသိပေ။ ၎င်းတို့အားလုံးအား ရိုက်နှက်ရမည်လား သို့မဟုတ် တခြားတစ်ခုခုလုပ်ရမည်လား မသိချေ။ ထို့ကြောင့် သူသည် ကျန်းဟန်၏အမိန့်အား စောင့်နေသည်။

လူတိုင်း၏အကြည့်အောက်တွင် ပန်ဒါကားလေး၏ပြတင်းပေါက်မှန်မှာ ဖြည်းညှင်းစွာ လိမ့်ဆင်းသွားသည်။ ကျန်းဟန်သည် ခေါင်းကို အနည်းငယ်

ညိတ်ပြလိုက်၏။ ကြည့်ရသည်မှာ သူသည် ကားပေါ်က ဆင်းရန် ရည်ရွယ်ရှိပုံမပေါ်ချေ။ သူက ကျောက်ဖုန်းအား ကြည့်လိုက်ပြီး ပြတ်သားစွာ ပြောလိုက်သည်။

"တိုက်ပွဲပြီးသွားရင် သူ့ကို ပြန်ပို့ပေးလိုက်"

"ဟုတ်ကဲ့" ကျောက်ဖုန်းက ကျယ်လောင်စွာ ပြန်ဖြေလိုက်၏။

"ပြန်ပို့ရမှာလား။ စောက်ရူး" မုံ့ဝူက လှောင်ပြောင်ဟန်ဖြင့် ကျန်းဟန်အား ကြည့်လိုက်ပြီး "မင်းက အဲဒီစားသောက်ဆိုင်ရဲ့ သူဌေးလေးမဟုတ်လား။ မင်းဘယ်ရောက်နေတယ်ဆိုတာ သတိမထားမိဘူးလား။ မင်းမှာ စကားပြောဖို့ အရည်အချင်းရှိလို့လား"

"မင်းဘာပြောလိုက်တာလဲ" ကျောက်ဖုန်း၏မျက်လုံးများမှာ အေးစက်လာပြီး ကြွက်သားများ တင်းမာလာသည်။ သူလှုပ်ရှားတော့မည်ပြင်လိုက်၏။

"ကျောက်ဖုန်း။ ဒီမှာ လေကျယ်မနေနဲ့။ မင်းအရိုက်ခံရပြီးရင် ဒုက္ခိတဖြစ်..."

မုံ့ဝူ၏စကားမဆုံးသေးခင်မှာပင် ပန်ဒါကားလေး၏နောက်ခန်းထဲမှာ လျှပ်စီးကဲ့သို့ အနက်ရောက်အရိပ်တစ်ခု ထွက်လာလေသည်။

အားလုံးမှာ ဘာဖြစ်သွားမှန်းပင်မသိလိုက်ဘဲ အသက်ရှူကြိမ် ၂ ကြိမ်ခန့်အတွင်း ခွေးတစ်ကောင်ကဲ့သို့သော ပုံရိပ်က နှစ်မီတာကျော်ပြေးသွားသည်ကို မြင်လိုက်ရသည်။ ၎င်းက ရှောင်ဟေးပင်။ သူသည် မုံ့ဝူ၏ရှေ့သို့ ရောက်သည့်အခါ ခုန်အုပ်လိုက်ပြီး မျက်နှာကိုကိုက်ရန် သူ၏ချွန်ထက်သော အစွယ်များကို ထုတ်လိုက်လေသည်။

ဤအခိုက်အတန့်တွင် လူတိုင်း တိတ်ဆိတ်နေကြလေသည်။

လီအောင်းထျန်းနှင့် အခြားသူများမှာ ရှောင်ဟေး၏လှုပ်ရှားမှုများကို

ရှင်းရှင်းလင်းလင်းမြင်လိုက်ရသော်လည်း ထိုသို့သော တူညီသည့် ကြောက်မက်ဖွယ်အရှိန်အဟုန်ဖြင့် တိုက်ခိုက်ခံရပါက သူတို့လည်း ခုခံနိုင်ကြမည်မဟုတ်ပေ။

တစ်ဖက်တွင် ရဲ့ဟန်၊ ရှားရှန်ဟောင်၊ ဒုန်တျန်းဖန်နှင့် ၎င်းတို့၏တပည့်များမှာ ထိတ်လန့်သွားကြ၏။ ထိုနေ့က ထိုလူသန်ကြီး၏အောင်မြင်မှုကို တွေးတောမိရင်း သူတို့၏နှလုံးသားများ ခုန်ပေါက်သွားကြသည်။

ဤခွေးသည် သားရဲတစ်ကောင်ကဲ့သို့ ကြမ်းတမ်းရက်စက်သည့် ခွေးဖြစ်လေသည်။

သို့သော်လည်း မုံ့ဂူသည် ဘေးမှာ လွင့်စင်လာသည့် အနက်ရောင်အရိပ်တစ်ခုကိုသာ ခံစားလိုက်ရသည်။ ပါးစပ်အဟောင်းသားဖြင့် ခေါင်းလှည့်ကြည့်လိုက်ရာ စူးရှထက်မြသည့် အစွယ်ဖွေးဖွေးများကို မြင်လိုက်ရပြီး တဖြည်းဖြည်း မျက်လုံးပြူးကျယ်လာသည်။

ဝှစ်...

ရှောင်ပေး၏အစွယ်များက မုံ့ဝူ၏မေးစေ့ကို တိုက်ရိုက်ကိုက်ကြလိုက်သည်။ ထိုနောက်တွင် သူတို့ မြေပေါ်လဲကျသွားကြ၏။

"အား..."

မုံ့ဝူမှာ ချက်ချင်းအော်ဟစ်လိုက်ပြီး တွန့်လိမ်သွားသည်။ သို့သော် သူမည်သို့ ခုခံနေပါစေ အကူအညီမဖြစ်ပေ။

နှစ်စက္ကန့်အကြာတွင် မုံ့ဝူ၏ဘေးတွင် ရပ်နေသည့် လောင်ပင်းမှာ သတိဝင်လာသည်။ သူသည် နောက်သို့ လေးငါးလှမ်းခန့် ပြန်ဆုတ်ကာ ကြောက်လန့်တကြား အော်ဟစ်လိုက်၏။

"အဲဒီခွေးကို သတ်ကြစမ်း"

၎င်းကိုကြားသည့်အခါ သူ၏နောက်မှ ရဲရင့်သည့် လူတစ်ဒါဇင်ကာ ပြေးတက်လာကြသည်။

"ဝူး"

တာဟေးက ဟိန်းဟောက်လိုက်ပြီး သူတို့နှင့်ရင်ဆိုင်ရန် ရှေ့သို့ တက်သွားလေသည်။ တာဟေးမည်မျှ အစွမ်းထက်သည်ကို တိုက်ခိုက်သူတစ်ဒါဇင်ခန့် မသိကြချေ။ သူတို့သည် ဓားမြှောင်များကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် ကြိုးစားကြသည်။ သို့သော် တာဟေး၏ ထိုးနှက်ခြင်း ကန်ကျောက်ခြင်းကိုသာ ခံခဲ့ရလေသည်။

"ခွန်အားက..." လန်ယုညီအစ်ကို၏မျက်နှာမှာ အနည်းငယ် ပျက်ယွင်းသွား၏။

ထိုအချိန်တွင် လောင်ပင်း၏လူများသည် ကျောက်ဖုန်းနှင့်သူ့လူများရှေ့သို့ တက်သွားကြ၏။ ပြင်းထန်သည့်တိုက်ပွဲတစ်ခု ဖြစ်ပွားတော့မည်ကို သိလိုက်သဖြင့် ကျန်းဟန်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ရှောင်ဟေး ပြန်လာခဲ့"

၎င်းကိုကြားသည့်အခါ ရှောင်ပေးက နှုတ်သီးကို ဖြေလျှော့လိုက်ပြီး လူအုပ်အား စိုက်ကြည့်လိုက်သည်။ သူ၏အကြည့်မှာ ဝံပုလွေတစ်ကောင်ထက်ပင် ပို၍ ရက်စက်ပြင်းထန်လေသည်။ လူအားလုံး သူ၏အကြည့်များကို မြင်သည့်အခါ ကြောက်စိတ်ကြောင့် အေးစက်သွားကြ၏။ ဘယ်လောက်တောင် ကြောက်ဖို့ကောင်းလိုက်တဲ့အကြည့်လဲ။

သို့သော်လည်း ရှောင်ပေးသည် သူတို့အား လျစ်လျူရှုသွားခဲ့သည်။ သူသည် ဖြည်းဖြည်းချင်း နောက်သို့ ပြန်လျှောက်လာကာ ကားနောက်ခန်းထဲသို့ ခုန်တက်သွားပြီး တံခါးကို လက်သည်းဖြင့် ဆွဲကုတ်ကာ ပိတ်လိုက်သည်။

၎င်းကိုမြင်သည့်အခါ လူအုပ်မှာ အံ့အားသင့်သွားကြ၏။

ဒါက ဘာကြီးလဲဟ…။

ကျန်းဟန်က ဘာမှ မပြောဘဲ ပြတင်းပေါက်မှန်ကို ပြန်တင်ကာ ကားကို အေးအေးဆေးဆေး မောင်းထွက်သွားခဲ့သည်။

ထိုအချိန်တွင် မုံ့ဝူ၏မေးစေ့သည် စကားမပြောနိုင်လောက်အောင် ဖြစ်သွားစေသည်။ ပို၍ဆိုးသည်က သူ၏ပါးတွင် သွေးများထွက်နေပြီး အသားစများကဲ့သို ဖြစ်သွားလေသည်။ အသက်အန္တရာယ်မရှိသော်လည်း သူ၏အသွင်အပြင်က ကြောက်မက်ဖွယ်ကောင်းနေ၏။

သူ၏ဒဏ်ရာမှာ မီးလောင်ဒဏ်ရာထက်ပင် ပို၍ပြင်းထန်ပေသည်။ လောင်ပင်းသည် ထိတ်လန့်တုန်လှုပ်သွားပြီး သူ၏နှလုံးခုန်သံများကိုပင် ပြန်ကြားနေရသည်။ တစ်ချိန်တည်းမှာပင် သူ၏စိတ်ထဲ၌ တဖြည်းဖြည်း ဒေါသထွက်လာသည်။ သူသည် လက်ကို ဝှေ့ယမ်းကာ မုံ့ဝူအား ဆေးရုံပို့ခိုင်းလိုက်သည်။ ထိုနောက် ကျောက်ဖုန်းအား ကြည့်လိုက်ပြီး တိုက်ခိုက်ချင်နေခဲ့သည်။ သို့သော် သူဘာမှ မပြောရသေးခင်မှာပင်…

“ဝူး ဝူး ဝူး”

ကျန်းဟန် ထွက်သွားပြီးနောက် တာဟေးသည် မျက်လုံးများပြူးကာ ပတ်ပတ်လည်အား ကြည့်လိုက်လေသည်။ သူသည် တိုက်ခိုက်ရန် ပစ်မှတ်ရှာနေသည့်ပုံပင်။

“သွား သွား သွား မြန်မြန်သွား”

သူ၏အကြည့်များကို မြင်သည့်အခါ ရဲ့ဟန်သည် အလွန်ထိတ်လန့်သွားသည်။ သူသည် အော်ဟစ်ကာ ကားထဲသို့အမြန်ဝင်၍ မီတာ ၂၀၀ အကွာထိ မောင်းနှင်သွားခဲ့သည်။

ရှားရှန်ဟောင်နှင့် ဒုန်တျန်းဖန်တို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။ သူတို့သည်လည်း ကားထဲသို့ဝင်ကာ မီတာနှစ်ရာအထိ မောင်းသွားပြီးမှ ကားရပ်၍ ကားထဲမှ ဆင်းလာသည့်အခါ အံ့အားသင့်သွားကြလေသည်။ အရာအားလုံးမှ တခဏအတွင်း ဖြစ်ပျက်ပြီးသွားလေသည်။

လူသုံးဦး၏တုံ့ပြန်မှုက လောင်ပင်းနှင့်သူ့လူများအား ကြောင်အသွားစေ၏။ သူတို့၏အူကြောင်ကြောင်ဖြစ်နေသည့်အမူအရာမှားမှ ထိုသုံးယောက်သည် သူတို့ရှေ့ရှိ လူသန်ကြီဂအား အလွန်ကြောက်လန့်နေကြပုံပေါက်သည်ကို တွေ့လိုက်ရသည်။

ဒါက…သူတို့ ဘာလို့ ကြောက်နေကြတာလဲ…။

နောက်အခိုက်အတန့်တွင်တော့ ဘာတွေဖြစ်နေသလဲဆိုသည်ကို သူတို့ သိလိုက်ကြလေ၏။

စောင့်နေရသည်ကို စိတ်မရှည်သော လီအောင်းထျန်းသည် တာဟေးက တိုက်ခိုက်ရန် တစ်စုံတစ်ယောက်အား ရှာနေသည်ကိုမြင်တော့ သူ၏မျက်နှာမည်းမှောင်သွားပြီး အေးစက်စက် အော်ဟစ်လိုက်သည်။

“သေလိုက်တော့”

ပြောပြီးသည်နှင့် သူသည် တာဟေးဆီသို့ တန်းတန်းမတ်မတ်ပြေးဝင်သွားခဲ့သည်။ သူ၏ခြေလှမ်းများကို အရှိန်မြှင့်လိုက်ရင်း ညာလက်သီးအား ကျောနောက်ဘက်သို့ပို့ကာ အားယူ၍ ပြင်းထန်စွာ ထိုးနှက်လိုက်သည်။

ထိုကဲ့သို့ လူသန်ကြီးနှင့် တိုက်ခိုက်ရာတွင် သူသည် အလွန်အတွေ့အကြုံရှိ၏။ သူ၏လက်သီးက မာထန်နေသရွေ့ မည်သူမဆိုအား အနိုင်ယူနိုင်မည်ဟု သူ ထင်လေသည်။

"ငါ့ရန်သူက ဘယ်လောက်ပဲ သန်မာနေပါစေ တောင်ကုန်းတွေကို တိုက်ခတ်နေတဲ့ လေပြေလိုပဲ သဘောထားတယ်။ သူ ဘယ်လောက်ပဲ ရက်စက်ပါစေ မဟာမြစ်ကြီးကို ထွန်းလင်းတောက်ပနေတဲ့ လမင်းလို သဘောထားမယ်။ တိုက်ခိုက်ခြင်းက ငါ့ရဲ့အဖြေပဲ" ဟု သူ မကြာခဏပြောလေ့ရှိသည်။

လီအောင်းထျန်လှုပ်ရှားပြီးနောက် သူ၏တပည့်နှစ်ယောက်က သူ့နောက်မှ ကပ်၍လိုက်ပါလာခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် သူတို့၏ဆရာ တုက်ခိုက်ခြင်းမပြုမီတွင် လူသန်ကြီးအား တိုက်ရိုက်အနိုင်ယူရန် ကြိုးစားကြသည်။

“ဝူး”

တာဟေးသည် နှာခေါင်းရှုံ့လိုက်ပြီး လီအောင်းထျန်းအား ရင်ဆိုင်လိုက်သည်။ သူတို့၏တိုက်ခိုက်မှုများကို ရှောင်ဖယ်ရှန် ရည်ရွယ်ချက်မရှိဘဲ ခန္ဓာကိုယ်အပေါ်ပိုင်းကြွက်သားများအား တောင့်တင်းလိုက်သည်။

လီအောင်းထျန်၏မျက်လုံးများ အေးစက်လာသည်။

“ငရဲကိုသွားလိုက်တော့”

သူသည် ရုတ်တရက် ဟိန်းဟောက်လိုက်ကာ ခွန်အား ၉၀ ရာခိုင်နှုန်းအသုံးပြု၍ လက်သီးချက်ထိုးလိုက်သည်။

သူ၏ဘေးတွင် နွားတစ်ကောင်ရှိနေလျှင်ပင် မှောက်သွားစေနိုင်သည်ကို သူသိသည်။

ဤမျှပြင်းထန်သော လက်သီးက တာဟေး၏ရင်ဘတ်ဆီသို့ ကျရောက်သွားသည်။

ထိုအချိန်တွင် အားလုံး၏မျက်လုံးများ တဖြည်းဖြည်း ဝိုင်းစက်လာလေသည်။ သူတို့အားလုံး အသက်ရှူရပ်တန့်နေပြီး လူသန်းကြီး လဲကျသွားမည်ကို စောင့်မျှော်နေကြသည်။

သို့သော်...

ဂျွတ်....

အရိုးကျိုးသွားသည့်အသံမှာ ရှင်းရှင်းလင်းလင်းထွက်ပေါ်လာသော်လည်း လူသန်ကြီး၏ရင်ဘတ်မှမဟုတ်ဘဲ လီအောင်းထျန်၏သန်မာသည့်လက်မောင်းမှ ထွက်လာခြင်းဖြစ်လေသည်။

ဘာ...

လူတိုင်း အံ့သြထိတ်လန့်သွားကြ၏။

လီအောင်းထျန်းသည် သူ၏လက်မောင်းမှ နာကျင်မှုကို မခံစားရသေးခင်အထိ ကြောင်အနေခဲ့သည်။ သူသည် ခေါင်းကို ဖြည်းညှင်းစွာ မော့လိုက်၏။ သူမြင်လိုက်ရသည်က တာပေး၏ မထီမဲ့မြင်ပြုသည့် အကြည့်ပင်။

“ဝူး”

တာပေးသည် အော်ဟစ်၍ ညာလက်သီးဖြင့် ထိုးနှက်လိုက်ရာ လီအောင်းထျန်၏မျက်လုံးများ ပို၍ပြူးကျယ်သွားလေသည်။

ဘန်း...

လက်သီးတစ်ချက်က လီအောင်းထျန်၏ရင်ဘတ်သို့ ထိမှန်သွားပြီး သူ့အား မီတာ ၂၀ နီးပါး ကောင်းကင်သို့ လွင့်ပျံသွားစေသည်။ လေထဲတွင် လွင့်မျောနေရင်း

သွေးအနည်းငယ် ထွက်လာပြီးနောက် လူအုပ်၏နောက်သို့ ပြုတ်ကျသွားကာ သတိလစ်သွားခဲ့သည်။

“ဘာ…”

သူ၏တပည့်နှစ်ယောက်မှ အမြန်ရပ်လိုက်ကြသော်လည်း လျှင်မြန်လွန်းသည့်အရှိန်ကြောင့် ရပ်တန့်ရန် အချိန်နှောင်းသွားခဲ့သည်။ သူတို့သည် တာဟေးနှင့်မလှမ်းမကမ်းတွင် ရပ်တန့်သွားခဲ့၏။

ထိုအခိုက်တွင် နှစ်ယောက်လုံး ငိုချင်လာပြီး တာဟေးက ခြောက်ထောက်ကို မြှောက်လိုက်သည့်အခါ ထိတ်လန့်သွားကြသည်။

ဘန်း ဘန်း…

လူသန်ကြီးက ဘောလုံးကန်နေသကဲ့သို့ လူနှစ်ယောက်အား ဆယ်မီတာအဝေးထိ လွင့်ပျံသွားအောင် နှစ်ချက်ကန်ထည့်လိုက်သည်။

ဤအခိုက်တွင် တိုက်ပွဲကွင်းပြင်တစ်ခုလုံး သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်နေလေသည်။ သစ်ရွက်ခြောက်များအား လေတိုက်နေသည့်အသံမှလွဲ၍ အခြားမည်သည့်အသံမျှ မကြားရချေ။ အားလုံး မျက်လုံးများ ပြူးကျယ်နေပြီး အဖြစ်အပျက်ကို မယုံကြည်နိုင်ဖြစ်နေကြသည်။

"ဒါ...ဒါက...ဘယ်လိုဖြစ်တာလဲ" လောင်ပင်းမှာ အချိန်အတန်ကြာ တုန်လှုပ်နေခဲ့သည်။

"ဘုရားရေ...သူက လီအောင်းထျန်းလေ။ သူက ဘယ်လိုဖြစ်လို့ လက်သီးတစ်ချက်ကြောင့် လွင့်ထွက်သွားရတာလဲ"

"သေစမ်း"

"ဒုန်တျန်းဖန်နဲ့တခြားနှစ်ယောက် ဘာလို့ ထွက်ပြေးကြလဲဆိုတာ ငါသိလိုက်ပြီ"

...

-အပိုင်း(၂၀၈) ပြီး

wunzinnosp

## အပိုင်း(၂၀၉) ပြေး...ကားပေါ်တက်...

"ဘုရားရေ..."

"ဒုန်တျန်းဖန်၊ ရှားရှန်ဟောင်နဲ့ ရဲ့ဟန်တို့အောင် သူတို့ရှေ့ကလူကို ကြောက်ရွံ့ကြတယ်။ သူတို့သုံးယောက်လုံး ဒီလူကို ရန်မစဝံ့ဘဲ ဒီတိုက်ပွဲကိုလည်း ဆက်မကြည့်ရတော့ဘူး။ ဆိုလိုတာက...ငါတို့ရှေ့ကလူက စိတ်ကူးမယဉ်နိုင်လောက်အောင်ကို ကြောက်ဖို့ကောင်းတဲ့သူလား"

"ငါတို့ ဒါကို ဘယ်လိုတိုက်ခိုက်ကြမှာလဲ။ အဲ့မှာ ရပ်နေတဲ့လူက ဆယ်ရောက်တိုက်ပွဲကို အနိုင်ယူပြီးပြီ"

လောင်ပင်း စိတ်ပျက်သွားသည်။ သူသည် လန်ယုညီအစ်ကိုနှင့် အခြားသူများအား ကြည့်လိုက်၏။ ယခု သုံးယောက် မှောက်သွားသော်လည်း ကျွမ်းကျင်သူ ခုနစ်ယောက် ကျန်နေသေးသည်။ အနိုင်ရရှိရန် မျှော်လင့်ချက်ရောင်ခြည်တစ်ခု ရှိကောင်း ရှိနိုင်ပေသည်။

လောင်ပင်းမမျှော်လင့်ထားသည်က လန်ယုညီအစ်ကိုနှင့် အခြားငါးယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး လေးနက်သည့်လေသံဖြင့် စကားလုံးတစ်လုံးကို အော်ပြောလိုက်ခြင်းပင်။

"ပြေး…"

ဝှစ်…

လန်ယုညီအစ်ကိုနှင့် အခြားနာမည်ကျော်ကြားသည့် ကျွမ်းကျင်သူငါးယောက်မှာ ချက်ချင်းပင် မတုံ့မဆိုင်းလှည့်ပြေးကြလေသည်။ မီတာ ၁၀၀ အပြေးပြိုင်ပွဲကဲ့သို့ပင် သူတို့သည်

အသက်ရှူကြိမ်အနည်းငယ်အတွင်း မီတာ ၅၀ ထိ ပြေးသွားကြသည်။

သူတို့၏နောက်ကျောကို ကြည့်ရင်း လောင်ပင်း ကြောင်အနေ၏။

သူတို့ဘာလို့ တစ်ခါတည်းထွက်ပြေးကြတာလဲဟ…။ ကျွမ်းကျင်သူမာစတာတွေရဲ့ ဂုဏ်သိက္ခာကရော ဘယ်ရောက်ကုန်တာလဲ။ သူတို့က ဂုဏ်သိက္ခာကို စွန့်ပစ်သွားကြတာလား။

သို့သော် လန်ယန်ညီအစ်ကိုနှင့် အခြားမာစတာငါးယောက်တို့မှာ လူသန်ကြီးအား အတူတကွတိုက်ခိုက်ရန် လုပ်ဆောင်ခဲ့လျှင်ပင် သူတို့ တစ်စက္ကန့်အတွင်း အရိုက်ခံရမည်ကို သူမသိခဲ့ချေ။

“ဒီလူ….အရမ်းကြောက်ဖို့ကောင်းတာပဲ။ အခု သူက ဘယ်အဆင့်မှာလဲ။ ဘာလို့ သူက ဒီလောက်တောင် အစွမ်းထက်နေရတာလဲ”

လန်ယုညီအစ်ကိုနှင့်အခြားငါးယောက်တို့၏စိတ်နှလုံးမှာ ထူပူသွားခဲ့သည်။

သူတို့ သူ့အား မတိုက်နိုင်ပေ။

သူတို့ထိတ်လန့်တုန်လှုပ်သွားသလို အနည်းငယ် ကံကောင်းသည်ဟုလည်း ခံစားလိုက်ရ၏။ မာနကြီးသည့် လီအောင်းထျန်းမှာ အစမ်းသပ်ခံ ကြွက်ကလေးဖြစ်သွားခဲ့သည်က ကောင်းပေသည်။ မဟုတ်ပါက လူဆယ်ယောက်တိုက်ခိုက်လျှင် ရလဒ်က မတွေးရဲစရာပင်။

သူ၏အကူအညီများက ထွက်ပြေးသွားသည်ကိုမြင်တော့ လောင်ပင်း အံ့အားသင့်ရှုံသာမက ဒေါသပါ ထွက်သွားလေသည်။

“သေစမ်း…”

လောင်ပင်း အံကိုကြိတ်ကာ ကျိန်ဆဲလိုက်သည်။ ရက်စက်ကြမ်းကြုတ်သည့်အမူအရာတစ်ခုက သူ၏မျက်နှာတွင် ဖျတ်ခနဲ လက်သွားသည်။

"ညီအစ်ကိုတို့ မင်းတို့လက်နက်တွေထုတ်ပြီး သူ့ကို သတ်ကြစမ်း"

လောင်ပင်းပြောလိုက်သည်နှင့် သူ၏နောက်မှ လူ ၁၀၀ ကျော်မှာ လှုပ်ရှားလိုက်ကြသည်။ လက်များစွာပေါင်းစုထားခြင်းသည့် ကြီးမားသည့်ခွန်အားနှင့်သတ္တိကို ပေးစွမ်းလေသည်။ သူတို့သည် သူတို့၏လက်နက်များကို ထုတ်ကာ တာဟေးဆီသို့ ပြေးသွားကြသည်။

"ငါလဂိုးတဲ့မှ…"

ဂူချန်း မျက်ခုံးပင့်ကာ ဒေါသတကြီးကြည့်လိုက်သည်။ သူသည် လက်ကိုမြှောက်ကာ အော်ပြောလိုက်၏။

"အားလုံး လာကြ....အမ်...အမ်..."

သူ၏စကားမဆုံးခင်မှာပင် ကျောက်ဖုန်းက လက်ကိုဆန့်ထုတ်ကာ သူ့အား တားလိုက်သည်။

သူ၏ညီအစ်ကိုများ လှုပ်ရှားရင် အဆင်သင့်ဖြစ်နေသည်ကိုမြင်တော့ ကျောက်ဖုန်းက လက်ကိုမြှောက်ကာ "အားလုံး မလှုပ်ရှားကြနဲ့။ နောက်ပြန်ဆုတ်"

သူ၏ညီအစ်ကိုများမှာ ဒွိဟဖြစ်နေသော်လည်း ခြေလှမ်းအနည်းငယ် ပြန်ဆုတ်သွားကြသည်။

ထိုအချိန်တွင် ကျောက်ဖုန်းသည် ဂူချန်းအား တားဆီးထားသည့်လက်ကို ဖယ်ပေးလိုက်၏။

"မင်းဘာလုပ်နေတာလဲ" ဂူချန်း မျက်မှောင်ကြုတ်ကာ မေးသည်။

"ငါတို့ရဲ့ရန်သူတွေက ငါတို့ရဲ့အကူအညီပေးသူကို ထိသွားလိမ့်မယ်။ အရေးကြီးတဲ့အချိန်မှာ ဘာလို့ ငါတို့ကို မလှုပ်ရှားခိုင်းတာလဲ။ သူက ခွန်အားကြီးရင်တောင် လူတစ်ရာကျော်ထက်တော့ ပိုမသန်မာနိုင်ဘူးလေ။ ပြီးတော့ အဲ့လူတွေလက်ထဲမှာ လက်နက်တွေရှိတယ်။ သူ့ခန္ဓာကိုယ်ရဲ့အဓိကအစိတ်အပိုင်းတွေကို ထိခိုက်မိရင် သေမှာပဲ မဟုတ်လား"

၎င်းကိုကြားသည့်အခါ ကျောက်ဖုန်းက ခါးသီးစွာပြုံးလိုက်ပြီး တာဟောအားကြည့်ကာ သက်ပြင်းချလိုက်သည်။

"အဲဒီလူတွေက သူတစ်ယောက်တည်းတိုက်ခိုက်ဖို့တောင် မလုံလောက်ဘူး။ သူ့ပြိုင်ဘက်တွေက မလုံလောက်ရင် သူ ကျေနပ်မှာမဟုတ်ဘူး။ အဲ့လိုဆိုရင် သူ ငါ့ကို ရိုက်လိမ့်မယ်"

“အာ...မင်းကိုရိုက်မှာလား...။ ပြဿနာ...က...သူ သူတို့ကို တားနိုင်ပါ့မလား။ မမျှော်လင့်ထားတာ တစ်ခုခုဖြစ်သွားရင်...” ရှုရုံက မဝံ့မရဲပြောသည်။

“စောင့်ကြည့်လိုက်ပါ...”

ကျောက်ဖုန်းက အကြောင်းအရင်းအား ချက်ချင်းသိနိုင်သည့်အတွက် ရှင်းမပြချင်တော့ပေ။

ထို့ကြောင့် ဂူချန်း၊ ရှုရုံ၊ အားဟူနှင့် အခြားသူများအားလုံးသည် လူသန်ကြီးအား စိုက်ကြည့်နေကြသည်။

သူတို့၏နှလုံးများမှာ ပါးစပ်ထဲထိရောက်အောင်ခုန်နေကြပြီး တာဟေးဆီသို့ ပြေးလာကြသည့် လူအုပ်ကြီးကို ကြည့်ရင်း တုန်လှုပ်နေကြသည်။

“ဝူးဝါး ဝူးဝါး ဝူးဝါး...”

အောင်ဟာစ်လိုက်ပြီးနောက် တာဟေးသည် ရင်ဘတ်အား သူ၏လက်သီးကြီးဖြင့်အကြိမ်အနည်းငယ်ပုတ်ကာ လူအုပ်ထဲပြေးဝင်သွားသည်။

သူသည် သူ၏လက်မောင်းကြီးမား ဇွေ့ယမ်းကာ တိုက်ခိုက်သူအချို့ကို လှဲသိပ်လိုက်၏။ ကန်ချက်တစ်ချက်ဖြင့် လူတစ်ယောက်လွင့်ပျံသွားစေကာ အပြင်းအထန်ဝင်တိုက်လိုက်သည့်အချိန်တွင် လူဆယ်ယောက်ထက်မနည်း လွင့်ပျံသွားစေသည်။

ဆယ်စက္ကန့်ကျော်ကြာပြီးနောက် လူ ၄၀ ကျော်မှာ မြေကြီးပေါ် လဲကျကုန်ကြသည်။

ဖြစ်ပျက်ခဲ့သည်များကို မြင်လိုက်ရပြီးနောက် လောင်ပင်းနှင့်သူ့လူများမှာ ထိတ်လန့်တကြားဖြစ်သွားကာ မျက်လုံးပြူးကုန်ကြလေ၏။

ဒါက...လူသားတစ်ယောက်ရော ဟုတ်သေးလား...။

"မြန်မြန်..." လောင်ပင်းသည် သူ့လူများအား ပြေးရန်ပြောမည်ပြင်လိုက်သော်လည်း သူ၏စကားမဆုံးသေးခင်မှာပင် သူ၏လူများက မီတာအတော်ဝေးဝေးသို့ ပြေးနေကြပြီဖြစ်သည်ကို တွေ့လိုက်ရသည်။

"ပြေး"

နောက်အခိုက်အတန့်တွင် လောင်ပင်းသည် တာဟေး သူ့ဆီပြေးဝင်လာသည်ကို တွေ့လိုက်ပြီး ကြောက်လန့်တုန်ရီလာသည်။ သူထွက်ပြေးချင်သော်လည်း သူ၏ခြေထောက်များက အားလျော့သွားသလိုခံစားလိုက်ရသည်။ တုန်တုန်ယင်ယင်ဖြင့် မြေကြီးပေါ် လဲကျသွားလေသည်။

သူထ၍ ပြေးရန်ပြင်လိုက်သည့်အခိုက်တွင် သူ၏ခန္ဓာကိုယ်ကြီးက လေထဲတွင် လွင့်ပျံနေသည်ကို တွေ့လိုက်ရသည်။ သူသည်

မှုးနောက်နောက်ခံစားနေရပြီးနောက် အပြင်းအထန်နာကျင်မှုကို ခံစားလိုက်ရသည်။ ထိုနောက် သူသတိလစ်သွားလေတော့၏။

ထိုအချိန်တွင် တာဟေးသည် လောင်ပင်း၏လူများကို ထိတ်လန့်ကြောက်ရွံ့စေကာ ထွက်ပြေးသွားစေခဲ့သည်။ နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟူ၍ မှတ်ယူကာ အားကုန်သုံး၍ ပြေးနေခဲ့ကြသည်။ သူတို့၏ကားရှိရာသို့ အမြန်ပြေးကာ ကားပေါ်တက်၍ ကမန်းကတမ်းမောင်းထွက်ကြလေ၏။

၎င်းမှာ အလွန်ရှုတ်ယှက်ခတ်နေလေသည်။ ကြောက်လန့်တကြားမောင်းထွက်ကြသည့်အခါ ကားအစီးမည်မျှ အချင်းချင်း ချိတ်မိကုန်မှန်း မသိသော်လည်း အသက်ကယ်ရန် အရေးကြီးနေသည့်အတွက် ကားတိုက်မှုဖြစ်လျှင်ပင် ဂရုမစိုက်နိုင်တော့ချေ။

သို့သော် ကံဆိုးသည့်လူများလည်း ရှိလေသည်။ ကားနှစ်စီးတိုက်မိပြီး အင်ဂျင်ပေါက်သွားလေ၏။

"စောက်ကျိုးနည်း"

ကားနှစ်စီးပေါ်မှလူများမှာ စိတ်ပျက်လက်ပျက်ဖြစ်သွားကြသည်။

သူတို့၏ကားနားတွင် လူသန်ကြီး ပေါ်လာလေ၏။ သူသည် လက်နှစ်ဖက်ကို ကြမ်းတမ်းစွာ ဆန့်ထုတ်လိုက်ပြီး ကားကိုယ်ထည်ကို ဆွဲကိုင်၍ ခေါင်းပေါ်မြှောက်ကာ ပစ်လွှင့်လိုက်သည်ကို တွေ့လိုက်ရသည်။

ဒိန်း...ဘုန်း...

ကားနှစ်မီးအား ပစ်လွှင့်လိုက်ပြီးနောက် တာဟေားသည် သူနှင့်မီတာဆယ်ဂဏန်းအတွင်း တစ်ယောက်မှ မရှိတော့သည်ကို တွေ့လိုက်ရသည်။

"ဝူး...ငါမပျော်သေးဘူး"

“ဝူးဝါး ဝူးဝါး ဝူးဝါး…”

တာပေါးသည် နှုတ်ခမ်းအားတွန့်ကွေးကာ အော်စ်လိုက်သည်။ ထိုနောက် သူ၏မပျော်မရွှင်ဖြစ်မှုအား ဖွင့်ထုတ်ရန် ရင်ဘတ်ကို လက်သီးဖြင့် ထုရိုက်လေသည်။

ဘုန်း ဘုန်း ဘုန်း ဘုန်း

တဘုန်းဘုန်းအသံများကို ရှင်းရှင်းလင်းလင်းကြားနိုင်လေ၏။

မြင်ကွင်းက လူများကို ထိတ်လန့်တုန်လှုပ်သွားစေပြီး မျက်လုံးများ ကျွတ်ကျမတတ်ဖြစ်နေကြသည်။

“ဒါ…ဒါ…ဒါက…အစ်ကိုဖုန်း…မင်း…မင်းဒီလောက်သန် မာတဲ့လူကို ဘယ်ကနေ ရှာတွေ့ခဲ့တာလဲ” ရှူရုံက တုန်ရီနေသည့်အသံဖြင့် မေးသည်။

အံ့သြစရာပင်။ လူတစ်ယောက်တည်းက ရာနှင့်ချီသည့်ပြိုင်ဘက်များကို အနိုင်ယူနိုင်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ပေ။

"ဘုရားရေ..." အမြဲတည်ငြိမ်နေတတ်သည့် ဂူချန်းသည်ပင် ဤအခိုက်အတန့်၌ ထိတ်လန့်နေခဲ့သည်။ သူသည် တာပေးအား ကြည့်ကာ တုန်လှုပ်နေသည့်အသံဖြင့် "သူက ဂိုဏ်းတစ်ခုလောက်ကို အစွမ်းထက်တယ်။ တကယ်ကို အံ့သြစရာကောင်းတယ်။ ငါတို့ရှုံဟဲဂိုဏ်းက ထန်ကျန့်နဲ့တောင် သူနဲ့ ပြိုင်ဘက်ဖြစ်နိုင်မှာမဟုတ်ဘူး"

"ဟူး..."

သူသည် ပြောနေရင်းဖြင့် ရုတ်တရက် တစ်စုံတစ်ရာအား တွေးမိသွားသည်။ သူသည် အံ့သြတကြီးဖြင့် ကျောက်ဖုန်းအား ကြည့်ကာ "မင်း အရင်တစ်ခေါက်တုန်းက ထန်ကျန့်ကို လက်စားချေဖို့ ကြိုးစားခဲ့တယ်လို့ငါကြားခဲ့တယ်။ အဲ့ဒါက..."

"မှန်တယ်" ကျောက်ဖုန်း၏မေးစေ့မှာ အနည်းငယ် မော့လာပြီး "သူ ထန်ကျန့်ကို လက်သီးတစ်ချက်တည်းထိုးသတ်လိုက်တာ"

"ဟူး...."

ငင်းကိုကြားလိုက်ရသည့်အခါ အားလုံး အံအားသင့်သွားကြသည်။

"ဒါဆို သူ့ကို ဒီကိုခေါ်လိုက်တာက..." ဂူချန်း မေးလိုက်သည်။

"သူက ငါ့သူဌေးရဲ့နောက်က်ကိုလိုက်နေတာ။ သူက သူဌေးရဲ့လက်အောက်ငယ်သားတစ်ယောက် ဒါမှမဟုတ် တပည့်တစ်ယောက်။ ပြီးတော့..." ကျောက်ဖုန်းက နောက်ဆုံးတစ်ကြောင်းအား ပြောလို့မရနိုင်သဖြင့် ဆက်မပြောတော့ပေ။ တာဟေးသည် ယခု လူသားအသွင်ရှိနေသည့်အတွက် သူ့အား သူဌေး၏အိမ်မွေးတိရစ္ဆာန်ဟု မဆိုနိုင်ချေ။

ထို့ပြင် ကျောက်ဖုန်း ရုက်ရှုံ့သွားသည်။ သူသည် ဂိုဏ်းစတားတစ်ယောက်ဖြစ်ပြီး မြေအောက်လောကတွင် အရှုးကြီးဟု နာမည်ကြီး၏။ လဆန်းတောင်သို့ရောက်သည့်အချိန်ကတည်းက ခွေးတစ်ကောင်၊ ချင်ပန်ဇီတစ်ကောင် နှင့် ယှဉ်လျှင် အညံ့ဆုံးဖြစ်သွားလေသည်။ ဟူး...ဘယ်အရာမှ ကြိုတင်မှန်းဆလို့မရဘူးပဲ...။

"မင်းရဲ့သူဌေးလား" ဂူချန်းမျက်လုံးများကိုမှိတ်ကာ အသက်ပြင်းပြင်းရှူလိုက်ပြီး "ဒါက တကယ်ကိုဇာတ်မြှုပ်နေတဲ့ ဆရာတစ်ဆူပဲ။ မင်းရဲ့သူဌေးက ငါတို့ရှေ့က လူသန်ကြီးထက် ပိုအစွမ်းထက်မယ်လို့ ငါတွေးမိတယ်"

"ငါ့ရဲ့သူဌေးက သူ့ကို လက်တစ်ဖက်တည်းနဲ့ ကိုင်တွယ်နိုင်တယ်" ကျောက်ဖုန်းက မျက်မလုံးများအကို အနည်းငယ် ကျဉ်းမြောင်းလိုက်သည်။

ယခု သူသည် ချီစွမ်းအားမာစတာများ မည့်မျှအစွမ်းထက်ကြောင်း အကြိမ်းဖျင်းနားလည်လာခဲ့သည်။ သူ၏ဆရာသည် ချီကိုအသုံးပြုကာ လူအား တိုက်ခိုက်ရန် ပန်းများနှင့်သစ်ရွက်များကို လက်နက်အဖြစ် ပြောင်းလဲနိုင်သည်။ ချီဖြင့် ခွန်အားကိုထိန်းချုပ်ထားသည့် သူ၏ဆရာသည် သေချာပေါက် တာဟေးထက် ပို၍ အစွမ်းထက်ပေသည်။

"အာ..." ဂူချန်းမှာ လုံး၀ အံ့အားသင့်သွားပြီး လျှာကိုက်မိလုနီးပါးပင်ဖြစ်သွား၏။

သူ၏ရှေ့က လူသန်ကြီးမှာ အလွန်သန်မာအားကောင်းနေပြီဟု ထင်ခဲ့သော်လည်း နှိမ့်နှိမ့်ချချနေသည့် စားသောက်ဆိုင်ပိုင်ရှင်က သူ့အား လက်တစ်ဖက်တည်းဖြင့် အနိုင်ယူနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

“စွမ်းအားကြီးမားတဲ့သူတွေ ကမ္ဘာပေါ်မှာ တကယ်ရှိနေတာလား” ဂူချန်းက မှင်တက်နေသည့်အမူအရာဖြင့် ရေရွတ်လိုက်သည်။

“ဒါပေါ့” ကျောက်ဖုန်းက အခိုင်အမာဆိုသည်။

“မြို့ထဲမှာ တကယ့်အကောင်ကြီးကြီး ပုန်းကွယ်နေတာပဲ..” ရှုရုံက ခေါင်းယမ်းကာ ခံစားချက်များဖြင့် သက်ပြင်းချလိုက်သည်။

အခြားတစ်ဖက်ရှိ မီတာ ၂၀၀ ကျော်အကွာတွင်..

ရဲ့ဟန်သည် ရင်ဘတ်အား လက်သီးဖြင့် ထိုးနေသည့် တာပေါ့ကို ငေးကြည့်နေသည်။ သူ၏နေကာမျက်မှန် ပြုတ်ကျသွားသည်ကိုပင် သတိမထားမိလိုက်ချေ။

“သူ...ထပ်ရောက်လာပြန်ပြီ။ သူက သေချာပေါက် စားသောက်ဆိုင်ပိုင်ရှင်ရဲ့လက်အောက်ငယ်သားတစ်ယောက် ဖြစ်ရမယ်။ ဟင်း... ငါတို့ တောင်ပိုင်းခရိုင်ကို ခြေချလို့မရဘူး။

မေ့လိုက်တော့။ တောင်ပိုင်းခရိုင်ကကိစ္စတွေ ဝင်မပါတာပဲ ကောင်းပါတယ်။ ငါသွားတော့မယ်”

ရဲ့ဟန်သည် ခေါင်းယမ်းကာ သက်ပြင်းလေးချလိုက်သည်။ သူသည် သူ၏ အော်စတန်မာတင်ကားထဲသို့ ဝင်ကာ ဦးဆောင်၍ ထွက်ခွာသွားခဲ့သည်။

ရှားရှန်ဟောင်နှင့် ဒုန်တျန်းဖန်တို့မှာ ပြဿနာတက်နေခဲ့ကြသည်။

“ဒုန်တျန်းဖန် လခွီးပဲ။ မင်း တကယ် ငါ့ကို ဆွဲချချင်နေတာလား။ ဒီလောက်အစွမ်းထက်တဲ့လူကို တိုက်ခိုက်ဖို့ မင်းကို ကူညီပေးစေချင်တာလား။ မင်း တကယ်ငါ့ကို သေစေချင်နေတာလား”

ဟဲဗီးဝိတ်မာစတာတစ်ယောက်က ဒုန်တျန်းဖန်အား သူ၏ကားနောက်ခန်းထည့်ကို ကန်သွင်းကာ ဒေါသတကြီး ပြောသည်။

ကျန်နှစ်ယောက်မှာလည်း သူ့အား စိုက်ကြည့်နေကြသည်။ အကယ်၍ သူသာ ၎င်းတို့အား ဖြေရှင်းချက်မပေးပါက သူတို့ ဒုန်တျန်းဖန်အား တိုက်ခိုက်မည့်ပုံပင်။

“မဟုတ်ဘူး မဟုတ်ဘူး။ ငါအဲ့လိုမလုပ်ပါဘူး” ဒုန်တျန်းဖန်က ချက်ချင်း ခေါင်းယမ်းကာ “လူသတ်နတ်ဘုရားပါလိမ့်မယ်လို့ ငါဘယ်လိုကြိုသိမှာလဲ။ ကြိုသိခဲ့ခရင် ဒီကို ဘယ်တော့မှာ လာမှာမဟုတ်ဘူး။ စိတ်အေးအေးထားပါ။ ငါမင်းကို ခေါ်လာပြီးမှတော့ ဘာမှမပေးဘဲ မနေပါဘူး။ ငါ မင်းတို့ကို တစ်ယောက် ယွမ် ၅ သန်းပေးပါမယ်။ ငါ့ကို စိတ်မဆိုးပါနဲ့။ ငါတကယ် မသိတာပါ”

၎င်းကိုကြားသည့်အခါ သူတို့ ဒုန်တျန်းဖန်အား ခပ်စူးစူးတစ်ချက်ကြည့်လိုက်ကာ ဘာမှ မပြောတော့ချေ။ ငွေအား မည်သူမျှ ငြင်းနိုင်မည်မဟုတ်ချေ။

ဒုန်တျန်းဖန်သည် ခေါင်းကိုအကြိမ်ကြိမ်ယမ်းကာ စိတ်ထဲတွင် ခါးသီးစွာ ခံစားနေရသည်။ ဤတစ်ကြိမ်တွင် သူ၏ငွေများနှင့်လူများ ဆုံးရှုံးခဲ့ရသည့်အတွက် ဤတိုက်ပွဲတွင် များစွာ နစ်နာခဲ့ရသည်။

သို့သော်...ရှားရှန်ဟောင်၏အခြေအနေမှာလည်း သူ့ထက် များစွာ သာလွန်ခြင်းမရှိချေ။ သူခေါ်လာပေးသည့် မာစတာနှစ်ယောက်က သူ့အား လည်ပင်းမှ ဆွဲကိုင်ကာ ရိုက်နှက်တော့မည်ဖြစ်သည်။ နောက်ဆုံးတွင် သူသည် တစ်ယောက်ကို ယွမ် ငါးသန်းပေးမည်ဟု ကတိပေးကာ သူ့ကိုယ်သူ ကယ်တင်ခဲ့ရ၏။

အနားတွင် ရပ်နေသည့် လန်ယုညီအစ်ကိုမှာ အနည်းငယ် စိတ်ခတ်ကျနေကြသည်။ မနီးမဝေးတွင် လဲနေသည့် လောင်ပင်းအား ကြည့်လိုက်ပြီး ခေါင်းကိုက်သွားသည်။ ထိုနောက် ဆေးရုံသို့ သယ်ပို့ပေးလိုက်ရသည့် မို့ဝူအကြောင်း တွေးလိုက်မိသည်။

"နှစ်ယောက်လုံး မှောက်သွားပြီ။ ငါတို့က ဘယ်သူ့စီက ပိုက်ဆံတောင်းရမှာလဲ"

သို့သော် လူသန်ကြီးအား ကြည့်လိုက်မိပြီးနောက် သူတို့ငွေမရသော်လည်း ကိုင်ပေါက်လွှင့်ပစ်မခံရသည်က အတော်လေးကံကောင်းသည်ဟု ခံစားလိုက်ရသည်။ မာနကြီးမောက်မာသည့် လီအောင်းထျန်းကို ကြည့်လိုက်ရာ သူသည် အောက်ပိုင်းသေသွားလိမ့်မည်ဟု မှန်းဆမိကြသည်။

"ဝူး ဝူး"

တာပေါ်းသည် ရင်ဘတ်အား ထုရိုက်ကာ သူ၏ဒေါသအား ဖွင့်ထုတ်လိုက်သည်။ မီတာနှစ်ရာကျော်အကွာတွင် လူတစ်စုရပ်နေသည်ကို တွေ့လိုက်ရသည့်အခါ သူ၏မျက်လုံးများ တောက်ပလာသည်။ သူသည် ရှေ့တိုးလာကာ ရန်လိုနေသည့်မူအရာဖြင့် သူတို့ဆီသို့ ပြေးဝင်သွားလေ၏။

"အာ...ပြေး....ကားပေါ်တက်..."

"သွား သွား သွား"

တာပေးသည် လန်ယုညီအစ်ကိုအပါဝင် သူတို့အားလုံးအား ကြောက်လန့်သွားစေခဲ့သည်။ သူတို့အားလုံး ကားထဲသို့ပြေးဝင်ကာ လေတိုက်သကဲ့သို့ အဝေးသို့ ပြေးကြလေသည်။

...

-အပိုင်း(၂၀၉) ပြီး

wunzinnosp

## အပိုင်း(၂၁၀) ဂူချန်း၏ဆုံးဖြတ်ချက်

"ဝူး..."

တာပေးသည် မထိမဲ့မြင် အော်ဟစ်လိုက်၏။ သူသည် လက်မောင်းကြီးကို ဆန့်ထုတ်ကာ လက်မအား ဖောက်ထိုးလုပ်ပြလိုက်ပြီး အထင်သေးဟန်ပြသည်။

ဒီကောင်တွေက အရင်အုပ်စုထက် သတ္တိနည်းတယ်။ အရင်တစ်ခေါက်က လူတွေက သူတို့လက်နက်တွေထုတ်ပြီး ငါ့ကို တိုက်ခိုက်ရဲတယ်…။

ရှားရှန်ဟောင်သာ တာပေး၏စိတ်ကို ဖတ်နိုင်လျှင် ရယ်ရမလား ငိုရမလား မသိဖြစ်သွားပေမည်။

ဘာလဲ။ သတ္တိ ဟုတ်လား။ အဲ့ဒါက စားလို့ရလို့လား။ မြေကြီးပဲပေါ်မှာ လဲနေတဲ့ လူတွေအများကြီးကို မြင်ရဲ့သားနဲ့ မပြေးရင်တော့ ငတုံးပဲဖြစ်လိမ့်မယ်။

“ဟားဟားဟား…”

သူတို့ ဒရောသောပါးထွက်ပြေးသည်ကိုမြင်တော့ တာပေးက အလွန်ရယ်စရာကောင်းသည်ဟု ထင်ကာ ရယ်မောလိုက်သည်။

“ဝိုး...”

“ငါတို့နိုင်ပြီ”

“ဟားဟားဟား...”

ဂူချန်းနှင့်အပေါင်းအပါများသည် ရယ်မောပျော်ရွှင်နေကြကာ နှစ်ယောက်၊ သုံးယောက် ပူးကာ ပွေ့ချက်နေကြသည်။ စကားလုံးတစ်ခုံးတည်းဖြင့် သူတို့အားလုံး ဤဤခိုက်အတန့်တွင် ပျော်ရွှင်မှုကို အောင်ပွဲခံ ထုတ်ဖော်ခဲ့ကြ၏။

“ညီအစ်ကိုတို့ ငါတို့ ပြန်ပြီး ဂုဏ်ပြုပွဲလုပ်လိုက်ရအောင်” ရှုရုံက လက်ကိုမြှောက်ကာ အော်လိုက်သည်။

“ကောင်းတယ်”

လူများစွာမှာ ရယ်မောလိုက်ကြ၏။

ဂူချန်းသည် ကျောက်ဖုန်း၏လက်မောင်းကို ပုတ်ကာ “ကျောက်ဖုန်း ပြီးကျရင် ငါတို့ ကောင်းကောင်းသောက်ကြတာပေါ့”

“တောင်းပန်ပါတယ်။ ငါမလိုက်နိုင်ဘူး” ကျောက်ဖုန်းက ခေါင်းယမ်းလိုက်သည်။ သူက တာဟေးကိုကြည့်ကာ “ငါသူ့ကို အရင်ပြန်ပို့ပေးရဦးမယ်” ဟု ပြောလိုက်သည်။

“လူသန်ကြီးကိုပါ ငါတို့နဲ့အတူသောက်ဖို့ခေါ်လိုက်လေ” ဂူချန်းက သံသယအနည်းငယ်ဖြင့် အကြံပြုသည်။

ကျောက်ဖုန်းက ခေါင်းယမ်းကာ “သူ့ငွေးက သူ့ကို ပြန်ပို့ခိုင်းတာတော့ သူလည်း လိုက်လို့မဖြစ်နိုင်ဘူး”

တစ်ချိန်တည်းမှာပင် သူ တွေးလိုက်သည်။

တာဟေးကို သောက်ရအောင်ခေါ်ရမှာလား။ သူသာ မူးသွားလို့ကတော့ ဘယ်လိုမှ ထိန်းရတော့မှာမဟုတ်ဘူး...။

အရက်မူးနေသည့် ဂေါ်ရီလာအား မြင်ယောင်ကြည့်လိုက်ပြီးနောက် သူအလွန်ထိန်လန့်သွားခဲ့သည်။

"အစ်ကိုဖုန်း မင်း သူ့ကိုပြန်ပို့ပေးပြီးရင် ငါတို့ ပါတီကို လာလို့ရတယ်။ ဟုတ်တယ်မလား" အားဟူက ပြောသည်။

"ဒီနေ့ခင်း ငါ့မှာ အချိန်မရှိဘူး"

"ဒါဆို ညဘက်ဆိုရင်ရော" ရှူရုံကာ "မင်းမအားရင် ငါတို့ ညကို အချိန်ပြောင်းလိုက်လို့ရတယ်။ ငါတို့ နေ့ခင်းအိပ်ထားပြီး တစ်ညလုံး နေလို့ရတယ်။ ဂုဏ်ပြုပွဲက ငါတို့ရဲ့အဓိကသူရဲကောင်းဖြစ်တဲ့ မင်းမရှိရင် အဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး"

"အင်း..." ကျောက်ဖုန်းက သူတို့၏နွေးထွေးသည့်ဖိတ်ခေါ်မှုကို ငြင်းဆန်ရန် ခက်ခဲနေသည်။ ခဏလောက်စဉ်းစားပြီးနောက် "အားလုံးအဆင်ပြင်ရင် ည ကိုးနာရီနောက်ပိုင်း ငါ အားတယ်"

"ဒါဆို ပါတီကို ည ၁၀ နာရီမှ စမယ်" ဂူချန်းက မဆိုင်းမတွပြောလိုက်သည်။ သူက လက်ကိုမြှောက်ကာ ဝှေ့ယမ်းလိုက်ပြီး အော်ပြောသည်။ "အားလုံး ငါတို့အခု အိမ်ပြန်ပြီး အိပ်ကြမယ်။ ည ၁၀ နာရီကျမှ ဒီနေ့အတွက် အောင်ပွဲခံကြမယ်"

"ကောင်းပါပြီ"

အစ်ကိုကြီးဘာပဲပြောပြော သူ၏ငယ်သားများက ဟုတ်ကဲ့ ဟုသာ ပြောကြပေမည်။

"ဒါဆို ငါပြန်တော့မယ်" ကျောက်ဖုန်းက ခေါင်းညိတ်ကာ တာပေးဆီသို့ လျှောက်သွား၏။

အားဟူက လက်ဝှေ့ယမ်းပြီး "အစ်ကိုဖုန်း ငါတို့ မင်းကို တစ်ညလုံး စောင့်နေမယ်။ အစ်ကိုဖုန်း ငါတို့ရဲ့အစ်ကိုကြီးအဖြစ် ပြန်လာခဲ့ပါ။ ငါတို့အားလုံး မင်းနောက်ကို လိုက်ချင်တယ်"

“ဟုတ်တယ် အစ်ကိုဖုန်း။ မင်း ဂိုဏ်းထဲကို မဝင်နိုင်ရင်တောာ မင်းအတွက် ကုမ္ပဏီတစ်ခုထောင်ပြီး ငါတို့ အလုပ်လုပ်ပေးနိုင်တယ်။ ပြန်လာခဲ့ပါ” မုံ့ကြီးက လက်ကို မြှောက်ကာ အော်ဟစ်လိုက်သည်။

ဂူချန်း၊ ရှူရုံတို့နှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိသော်လည်း ကျောက်ဖုန်းသည် သူတို့၏နှလုံးသားထဲမှ တစ်ဦးတည်းသော အစ်ကိုကြီးဖြစ်လေသည်။

မုံ့ကြီးအပြင် အခြားသောနောက်လိုက်များကလည်း အားဟူနှင့် တူညီသော အတွေးများကို ပြောပြခဲ့ကသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ကျောက်ဖုန်း၏ ကြီးမြတ်သော စရိုက်လက္ခဏာကို သိနိုင်သည်။

၎င်းကို ကြားသည့်အခါ ကျောက်ဖုန်း ရပ်တန့်သွား၏။ သူ၏မျက်လုံးထဲတွင် ရှုပ်ထွေးသည့်အရိပ်အယောင်များ

ဖြတ်ပြေးသွားသော်လည်း နောက်ပြန်လှည့်မကြည့်ဘဲ ရှေ့သို့ ဆက်သွားခဲ့သည်။

သို့သော် ကျောက်ဖုန်း တာဟေးရှေ့သို့ ရပ်လိုက်သည့်အခါ တာဟေးသည် သူ့အား မျက်နှာချင်းမဆိုင်ဘဲ တွန်းထုတ်လိုက်ရာ နောက်သို့ ခြေလှမ်းအနည်းငယ် ပြန်ဆုတ်သွားရသည်။

ကျောက်ဖုန်းသည် တာဟေးအား စိတ်ရှုပ်ထွေးစွာ ကြည့်ကာ အပြစ်ကင်းသည့်လေသံဖြင့် “ဘာဖြစ်လို့လဲ”

“ဝူး ဝူး ဝူး ဝူး”

တာဟေးက အမူအယာအနည်းငယ် လုပ်ပြသည်။ ခဏလောက်စဉ်းစားပြီးနောက်တွင် ဘာကိုဆိုလိုသည်အား ကျောက်ဖုန်း နားလည်သွား၏။ တာဟေးက ဤတိုက်ပွဲတွင် သူ ကောင်းကောင်းမပျော်ခဲ့ရသည့်အတွက် သူ့အား အပြစ်တင်နေခြင်းပင်။

မင်းရှာထားတဲ့လူတွေက တော်တော်မယုံကြည်ရတာပဲ။ ငါ သူတို့ကို နှစ်ချက်ပဲ ရိုက်ရသေးတယ် ထွက်ပြေးကုန်ပြီ။ အဲ့ဒါ ဘာလဲ။ ငါ အရင်တုန်းက တိုက်ခိုက်ခဲ့တဲ့လူတွေထက် အများကြီးအားနည်းတယ်။ အရင်တစ်ခေါက်တုန်းက လူတွေက အနည်းဆုံးတော့ သူတို့ရဲ့အကန့်အသတ်ကို သိပြီး နှစ်မိနစ်လောက် တိုက်ခိုက်သေးတယ်…။

“အာ…အရင်သွားရအောင်။ အရင်ပြန်ကြရအောင်အေ” ကျောက်ဖုန်း ခါးသီးစွာပြုံးကာ တွေးလိုက်သည်။

သူတို့က ရွေးချယ်မှုကောင်းသွားတာ။ ငါသာ မင်းလို အစွမ်းထက်တဲ့သူကို တွေ့ရင် ငါလည်း သူတို့လို ပြေးမှာပဲ။ မဟုတ်ရင် ငါက ငတုံးတစ်ကောင်ပဲဖြစ်လိမ့်မယ်…။

သို့သော် ယခုတော့ တာဟေးနှင့် မည်သို့ဆက်ဆံရမည်ကို သူသိလာ၏။ ထို့ကြောင့် သူက ပြုံးကာ “တာဟေး မင်းက ကောင်းကောင်းလုပ်ခဲ့တာပါ။ ဆရာက မင်းကို ဆုချလိမ့်မယ်။ တောင်ပေါ်က ကြက်တွေကို ဒီနေ့ မင်းစိတ်ကြိုက်စားလို့ရပြီ”

ကျောက်ဖုန်းက တာပေး၏အမူအရာကို ကြည့်ရင်း ပြောလိုက်သည်။ ထိုလူသန်ကြီးက သူ့အား အမှန်တကယ် အထင်သေးဟန် နှာခေါင်းရှုံ့လိမ့်မည်ဟု မမျှော်လင့်ထားပေ။

ငါတို့ နေ့တိုင်းစားနေတာ။ မင်း သတိပေးဖို့ လိုလို့လား...။

တာပေးက ကျောက်ဖုန်းအား နောက်ထပ် တွန်းထုတ်လိုက်ရာ ဒယိမ်းဒယိုင်ဖြစ်သွားစေသည်။

၎င်းကို မြင်သည့်အခါ ဂူချန်းနှင့် အခြားသူများ ထိန်လန့်သွား၏။

“သူ...သူက ဘာလို့ ငါတို့ အစ်ကိုဖုန်းကို အနိုင်ကျင့်တတ်တဲ့ကလေးတစ်ယောက်လို ဆက်ဆံနေရတာလဲ”

ကျောက်ဖုန်းလည်း အနည်းငယ် ရှက်ရွံ့သွားကာ ခြေလှမ်းများကို အရှိန်တင်လိုက်သည်။ ကားရှိရာသို့

လျှောက်သွားပြီးနောက် နောက်တံခါးဖွင့်ပေးကာ ယာဉ်မောင်းထိုင်ခုံသို့ ပြန်လျှောက်သွားသည်

“ဝူးဝူး”

တာဟေးသည် ကားထဲဝင်လိုက်ပြီးနောက် နှစ်ကြိမ်အော်လိုက်၏။ သူသည် ကားကို အတော်လေး စိတ်ကျေနပ်နေပုံရသည်။

ဒီကားထဲမှာ ထိုင်ရတာ အဆင်ပြေတယ်။ သခင်ရဲ့ကားက အရမ်းဆိုးတယ်။ ကားထဲမှာဆိုရင် ငါခေါင်းငုံ့ထားရတာ။ အဲ့ဒါကို မကြိုက်ဘူး…။

ကျောက်ဖုန်း မောင်းထွက်သွားသည်ကိုမြင်တော့ ဂူချန်းနှင့်အပေါင်းအပါများလည်း ကားပေါ်ကိုတက်ကာ မောင်းထွက်သွားကြသည်။

ဂူချန်းသည် ကားထဲတွင် ရှုရုံနှင့်အတူ ထိုင်နေ၏။

ရှုရုံသည် အနည်းငယ် စိတ်လှုပ်ရှားနေပုံရကာ ဂူချန်းက အနည်းငယ် မျက်မှောင်ကြုတ်နေသည်။

"အစ်ကိုချန်း၊ လောင်ပင်းနဲ့ မုံ့ဝူတို့ ဒဏ်ရာတော်တော်ပြင်းတယ်။ ဆေးရုံမှာ အချိန်တော်တော်ကြာအောင် နေရလောက်တယ်။ ဒီတိုက်ပွဲက သူတို့အတွက် ငရဲဖြစ်သွားလောက်အောင် ကြောက်သွားမှာ။ ဒါပေမယ့် ငါတို့လူတွေက တစ်ယောက်မှ အထိအခိုက်မရှိဘူး။ ဒီတော့ တောင်ပိုင်းခရိုင်တစ်ခုလုံးကို သိမ်းဖို့ ပြန်တိုက်မယ်ဆိုရင်ရော ဘယ်လိုလဲ။ ငါတို့ ဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူး" ရှုရုံက စိတ်လှုပ်ရှားစွာပြောသည်။

"လောင်ပင်းနဲ့မုံ့ဝူ မရှိပေမယ့် သူတို့မှာ ယုံကြည်ရတဲ့ နောက်လိုက်တွေရှိတယ်။ သူတို့ရဲ့လက်တော်တော်များများကို ခွန်အားအများကြီးပေးထားတာ။ မလှုပ်ရှားခင်မှာ မင်းနဲ့ငါ လက်တွဲပြီး အစီအစဉ်ကောင်းတစ်ခု လုပ်ရမယ်" ဂူချန်းက ဖြည်းညှင်းစွာ ပြောသည်။

“ဘာလို့ ငါတို့နှစ်ယောက်တည်းပြောတာလဲ။ ငါတို့မှာ အားဟူနဲ့ တခြားညီအစ်ကိုတွေ ရှိသေးတယ်မဟုတ်လား” ရှုရုံအံ့အားသင့်သွား၏။

“သူတို့ရဲ့အကူအညီနဲ့ဆို ပန်းတိုင်ရောက်ဖို့ ငါတို့အတွက် ပိုလွယ်လိမ့်မယ်။ ဒါပေမယ့် အားဟူနဲ့ သူ့လူတွေက ကျောက်ဖုန်းကို သစ္စာရှိတယ်ဆိုတာ မင်းသိထားပြီးသားပဲ။ အခု ကျောက်ဖုန်းရဲ့သဘောထားက မရှင်းလင်းတော့ ငါတို့ရဲ့အစီအစဉ်ကို လက်ခံအောင် သူ့ကို ဆွဲဆောင်ဖို့ ခက်တယ်။” ဂူချန်းက ခေါင်းယမ်းလိုက်သည်။

ကျောက်ဖုန်း ပြန်လာပါက အားဟူနှင့် သူ၏လူများမှာ သူ့နောက်သို့ လိုက်မည်ဖြစ်ကြောင်း သိသာပေသည်။ တကယ်တမ်းတွင် သူတို့သည် အစကတည်းက ကျောက်ဖုန်း၏လူများဖြစ်ကြသည်။ သို့သော်လည်း ကျောက်ဖုန်း အနားယူလိုသည်ဟု ပြောသည့်အတွက် ၎င်းတို့၏မြေအောက်လောကသို့ ပြန်မလာတော့ဟု

ခံစားခဲ့ရသည်။ ထို့ကြောင့် ဂူချန်းက အားဟူနှင့်အခြားသူများအား သူတို့၏အစီအစဉ်ကို ပြောရန် မဝံ့မရဲဖြစ်နေသည်။

"အားဟူနဲ့ တခြားသူတွေ အစ်ကိုဖုန်း စိတ်ပြောင်းသွားအောင် တကယ်ဆွဲဆောင်နိုင်ခဲ့ရင် ငါတို့ ဘာလုပ်မလဲ" ရှုရုံက တွန့်ဆုတ်စွာ မေးသည်။

"မင်းဘာကို ပြောချင်တာလဲ" ဂူချန်းက ခေါင်းရှုပ်သည့်အကြည့်ဖြင့် ပြန်မေးသည်။

"ဘယ်သူက အစ်ကိုကြီးဖြစ်မှာလဲ"

"ဟားဟား..." ဂူချန်းက ရယ်မောကာ ခေါင်းယမ်းလိုက်ပြီး "အဲ့ဒါက စဉ်းစားဖို့လိုသေးလို့လား။ သူသာ တကယ်ပြန်လာမယ်ဆိုရင် သူက အစ်ကိုကြီးဖြစ်မှာပဲ။ အဲ့လိုဆိုရင် ငါတို့ တောင်ပိုင်းခရိုင်တစ်ခုလုံးကို ခိုင်ခိုင်မာမာထိန်းချုပ်ထားနိုင်ပြီ။ ပြီးတော့ ငါက

အစ်ကိုကြီးမဟုတ်ရင်တောင် ထန်ကျန့်ရဲ့တပည့်တွေထက် အများကြီးပို အာဏာရှိမှာပဲ”

“ဟူး…” ရှုရုံက သက်ပြင်းတစ်ချက်ချကာ ပြုံးလိုက်ပြီး “မင်းပြောတာ မှန်တယ်။ ငါက မင်း အစ်ကိုဖုန်းနဲ့ ပြိုင်မှာကို စိုးရိမ်နေတာ”

“ပြိုင်ရမှာလား” ဂူချန်းက ရယ်ရမလား ငိုရမလား မသိတော့ချေ။ “ငါ ပြိုင်ချင်ရင်တောင် ဘယ်လို အရည်အချင်းရှိလို့လဲ။ လူသန်ကြီးရဲ့အကူအညီနဲ့ဆို ဘယ်သူက သူ့ကို စိတ်ခေါ်ရဲမှာလဲ။ သူ့မှာ အဲ့အကူအညီမရှိရင်တောင် ငါ သူနဲ့ မယှဉ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့မှာ ကောင်းမွန်တဲ့အကျင့်စရိုက်ရှိပြီး ဘယ်သူ့ကိုမှ သူက မတရား မဆက်ဆံဘူး”

“ငါလည်း အဲ့လိုပဲ ထင်တယ်” ရှုရုံက သဘောတူလက်ခံကြောင်း ခေါင်းညိတ်သည်။ ထိုနောက် သူက ခဏတန့်သွားပြီး ခါးသီးစွာပြုံးကာ “ငါတို့

စိတ်ကူးယဉ်တာများသွားပြီ။ အစ်ကိုဖုန်း ပြန်လာဖို့က တော်တော်လေးခက်တယ်”

“အင်း...နောက်မှ ငါ အားဟုတို့ကို မေးကြည့်လိုက်မယ်” ဂူချန်းက ရယ်မောလိုက်သည်။

ဖုန်းမင်ကလပ်သို့ ပြန်သွားသည့်အချိန်တွင် အားလုံးက သူတို့၏အခန်းထဲ၌ အနားယူနေကြသည်။ ဂူချန်းသည် သူ၏အခန်းထဲသို့ဝင်သွားပြီးနောက် အားဟူ၊ မုံ့ကြီးနှင့် အခြားအဖွဲ့ဝင်ငါးယောက်ကို တစ်ယောက်ယောက်အား ခေါ်ခိုင်းလိုက်သည်။

သူ၏အခန်းထဲသို့ ရောက်လာသည့်အခါ အားဟူက မေးလိုက်သည်။ “ဘာကိစ္စရှိလို့လဲ အစ်ကိုချန်း”

“အားဟူ ငါ မင်းကို မင်းချင်တာလေးရှိလို့” ဂူချန်းက “မင်း ငါနဲ့အတူ တောင်ပိုင်းခရိုင်ကို ချုပ်ကိုင်ချင်လား။ တောင်ပြိုကျသလိုမျိုး ဂိုဏ်းက ပြိုကွဲနေပြီ။ အခု လောင်ပင်းလည်း ရှုံးသွားတော့ သူ့အဖွဲ့က ပန်းတိုင်တွေ

ကျရှုံးသွားတယ်။ ငါတို့ တောင်ပိုင်းခရိုင်ကို သိမ်းပိုက်နိုင်တယ်။ ပြီးရင် မင်းက အရေးပါတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာလိမ့်မယ်”

၎င်းကိုကြားလိုက်ရသည့်အခါ အားဟူနှင့်အခြားသူများ၏မျက်လုံးများ တောက်ပလာသည်။

နာမည်ကြီးကာ ကြီးကျယ်ခမ်းနားသည့် စည်းစိမ်ဥစ္စာများကို ခံစားရခြင်းသည် သူတို့၏အိပ်မက်ဖြစ်သည်။

သူတို့၏မျက်နှာပေါ်မှ ခံစားချက်များကို သတိထားမိသည့်အခါ ဂူချန်းက သူ့အား ကူညီဖို့ လှုံ့ဆော်ပေးရန် ဆုံးဖြတ်လိုက်သည်။

“မင်းက ရှုရုံနဲ့အတူတူပါပဲ။ ငါ့ရဲ့လက်အောက်ငယ်သားမဟုတ်ဘူး။ ငါ့ရဲ့ညီအစ်ကိုပဲ။ မင်းရဲ့စီမံခန့်ခွဲမှုတွေကို ငါ ဝင်စွက်ဖက်မှာ မဟုတ်ဘူး။

အရင်က ငါနဲ့ကျောက်ဖုန်း နေခဲ့တဲ့အတိုင်းပဲ နေရမှာပါ။ ဒီအတွက်ကို မင်းစိတ်ချထားလို့ရတယ်။ ငါ့ရဲ့စရိုက်…"

"အစ်ကိုချန်း ငါသိပါတယ်" အားဟူက ခေါင်းညိတ်ကာ "ငါ မင်းကိုယုံပါတယ်။ မင်းက ငါ့ကို ကယ်ခဲ့တာ။ ငါ မင်းကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်…ဒီည…အစ်ကိုဖုန်းရဲ့ဆုံးဖြတ်ချက်ကို ငါသိချင်သေးတယ်"

"ငါလည်းအတူတူပဲ။ ဒီည အစ်ကိုဖုန်းကို မေးကြည့်ချင်တယ်"

"ငါတို့လည်း အဲ့လိုပဲ"

လူခုနစ်ယောက်လုံးက တူညီသော အတွေးများကို ပြောခဲ့ကြသည်။

၎င်းကိုမြင်သည့်အခါ အားဟူက ဂူချန်းအား အရှက်ရမသွားစေချင်ခဲ့ပေ။ ထို့ကြောင့်သူက ခေါင်းကုတ်ကာ

"တောင်းပန်ပါတယ် အစ်ကိုဖုန်း။ အစ်ကိုဖုန်းက ဒီမှာ မရှိတော့ ငါတို့ရဲ့ကျောရိုးမရှိဘူးဖြစ်နေတယ်။ ငါတို့ မဆုံးဖြတ်နိုင်သေးဘူး"

"ကောင်းပြီ။ ငါနားလည်ပါတယ်။ ဒီည သူလာတဲ့အခါကျမှ ငါတို့ အတူတူ ပြောလို့ရပါတယ်" ဂူချန်းက လက်ကိုဝှေ့ယမ်းကာ ပြုံးပြလိုက်သည်။ ထိုနောက် သူ၏မျက်နှာထက်မှ အပြုံးမှာ ပျောက်ကွယ်သွားပြီး သူ၏ပုံစံအတိုင်း အလေးအနက်ဖြစ်လာကာ "ငါ မင်းတို့ကို ပြောချင်တာရှိတယ်။ တကယ်လို့ ကျောက်ဖုန်းသာ ငါတို့ဆီ ပြန်လာခဲ့ရင် ခေါင်းဆောင်က..."

ဂူချန်းက သူ၏အသံကို ဆိုင်းငံ့လိုက်သည်။ အားဟား၏အံ့အားသင့်နေသော အကြည့်ကို မြင်သည့်အခါ ဂူချန်းက တစ်ခွန်းတည်းပြောလိုက်သည်။

"...သေချာပေါက် သူပဲ"

"ဟူး..."

"အစ်ကိုချန်း မင်းတကယ်ပြောတာလား" အားဟူ၏မျက်လုံးများ တောက်ပလာသည်။

ကျောက်ဖုန်း ခေါင်းဆောင်ဖြစ်လာပြီး သူတို့က သူ၏အယုံကြည်ရဆုံးနောက်လိုက်များဖြစ်လာသည်။ ၎င်းက သူတို့၏အိပ်မက်ပင်။

"အဓိပ္ပာယ်မရှိတဲ့စကားကို ငါမပြောဘူး" ဂူချန်းက အလေးအနက်ဖြင့် ခေါင်းညိတ်သည်။

"အစ်ကိုချန်း မင်းအရမ်းကောင်းတယ်။ ငါတို့ဘာလုပ်ရမလဲဆိုတာ သိပြီ။ ဒီည အစ်ကိုဖုန်းနဲ့ စကားကောင်းကောင်းပြောလိုက်မယ်" မုံ့ကြီးက ရယ်မောကာ ပြောသည်။

"ဟားဟားဟား…" ဂူချန်းက ရယ်မောကာ လက်ကိုဝှေ့ယမ်းပြီး "ကောင်းပြီး မင်းတို့ အနားယူလို့ရပြီ။ ဒီည ကောင်းကောင်းအောင်ပွဲခံကြမယ်"

"ဟုတ်ကဲ့ပါ အစ်ကိုချန်း" အားဟူက ခေါင်းညိတ်ကာ တခြားညီအစ်ကိုများအား ခေါ်၍ ထွက်သွားခဲ့သည်။

အခြားတစ်ဖက်တွင်...

ကျောက်ဖုန်းသည် တာပေါ်အား လဆန်းတောင်သို့ ပြန်ပို့လိုက်သည်။ သူ စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ ကျောက်ဖုန်းမှာ မနက်စာစားရန် နောက်ဆုံးအခွင့်အရေးရ ရယူနိုင်ခဲ့၏။

ကျောက်ဖုန်းသည် အရသာရှိသော မနက်စာကို စားနေရင်း စိတ်ခံစားချက်များဖြင့် သက်ပြင်းချလိုက်၏။

ငါ့မှာ အစွမ်းထက်တဲ့အကူအညီရှိရုံတင်မကဘူး အံ့သြစရာကောင်းတဲ့ အချက်ပြုတ်စွမ်းရည်နဲ့ ဆရာတစ်ယောက်လည်းရှိတယ်။ အခု ငါက စားသောက်ဆိုင်ပိုင်ရှင်ရဲ့ တပည့်ဖြစ်နေပြီ။ အခုချိန်ကစပြီး အစားအသောက်တွေကိုပိုပိုပြီး မြည်းစမ်းကြည့်ရမယ်...

ငင်းကိုစိတ်ထဲတွင် တွေးရင်း ကျောက်ဖုန်း အနည်းငယ်နစ်နာရသလို ခံစားလိုက်ရ၏။

ထမင်းစားပြီးနောက် ကျောက်ဖုန်းက စားသောက်ဆိုင်အား သန့်ရှင်းရေးလုပ်သည်။ ထိုနောက် ကျန်းဟန်ရှေ့သို့ တိတ်ဆိတ်စွာ လျှောက်လာပြီး အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "ဆရာ ကျွန်တော်က အရမ်းအားနည်းတယ်။ ကျွန်တော် အဲ့ဒါကို မပြုပြင်ရသေးလို့ ဆရာ့ကို ပြဿနာဖြစ်စေခဲ့တယ်"

"အင်း"

ကျန်းဟန်က ခေါင်းညိတ်သည်။

"ဟို...ဆရာ..ကျွန်တော် ဘယ်အချိန်စပြီး လေ့ကျင့်ရမလဲ။ တာဟေးက ဒီနေ့ ကျွန်တော့်ကို တွန်းထုတ်ပြီး ဒယိမ်းဒယိုင်ဖြစ်သွားအောင်လုပ်ခဲ့တယ်" ကျောက်ဖုန်းက ကို့ယိုးကားယားပြောသည်။

…

-အပိုင်း(၂၁၀) ပြီး

-စာစဉ်(၁၅) ပြီး